ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။ **ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)**

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်၊ စနေနေ့။ Saturday 21 July 2018 ၉၃၅၄

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ ကော့မှူးမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခန်းကဏ္ဍသည် တူညီမှုမရှိကြောင်း၊ ထိုသို့မတူညီသော်လည်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပြည်သူများအကြားတွင် ပေါင်းကူးတံတားအဖြစ် ဆက်သွယ်ပေးရမည်ဖြစ်ပါကြောင်း၊ ကောင်းသည့်ကိစ္စရပ်များ ဆောင်ရွက်ရန် အခွင့်အလမ်းရှိသကဲ့သို့

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်သင်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

C B BANK

SME LOAN
- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

ကြေးမုံ

# လူမှုစီးပွားမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံ၏ စီးပွားရေးသည် အရှိန်အဟုန်ဖြင့် မတိုးတက်သေးသော်လည်း တိုးတက်သင့်သလောက် တိုးတက်သည်ဟု ဆိုရမည်ဖြစ်သည်။ ယခုနှစ် မေလ ၁၈ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်သော ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း အသိပေးထားသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခန့်မှန်း ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်မှလည်း မြန်မာ့စီးပွားရေးကို ထိုဘဏ္ဍာနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အသိပေးထားသည်။ ၂၀၁၈-၂၀၁၉ လာမည့်ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းတွင် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)ကို ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် အလားအလာကောင်းများ ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ပြင်ပလူမှုစီးပွားလောကတွင် မြန်မာ့စီးပွားရေး နှေးကွေးခြင်း၊ စိန်ခေါ်မှု အနေအထားများရှိနေခြင်းတို့ကို ပြောဆိုနေကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလောကတွင် ဒေါ်လာဈေးတက်ခြင်းနှင့် အခြားအခက်အခဲနှင့် စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး ဖြစ်ထွန်းမှုများအရ စိုးရိမ်ပူပန်မှု လွန်လွန်ကဲကဲ မဖြစ်သင့်ဘဲ လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးမှာ အရှိန်အဟုန်ဖြင့် မတိုးတက်သေးသော်လည်း လယ်ယာထွက်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထုတ်လုပ်မှုကဏ္ဍများသို့ စီးဝင်လာခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်နေခြင်းကြောင့် စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးခဲ့သည့် လူမှုစီးပွားရေးပုံစံကို နိုင်ငံတော်၏မူဝါဒနှင့်အညီ ပိုမိုကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်နိုင်ရေး၊ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးအခက်အခဲများကို ကုစားလျှော့ချနိုင်ရေး၊ ပကတိအခြေအနေနှင့် ညီညွတ်သည့် ဦးစားပေးလုပ်ငန်း၊ အကြောင်းအရာများကို ဖော်ထုတ်ချမှတ်ကျင့်သုံးနိုင်ရေးတို့အတွက် အလေးထားချိန်ညှိ ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သမ္မတက မှာကြားထားသည်။

ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်သည့် စီးပွားရေးလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အလားအလာများ၊ နိုင်ငံပိုင်အပြင် ပုဂ္ဂလိကအပိုင်းတွင် အရင်းအနှီးနှင့် နည်းပညာများ စီးဝင်လာရေးအစီအမံများ စီစဉ်ထားခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအပိုင်းတွင် ဖွံ့ဖြိုးတိုးတက်နေခြင်းတို့ကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်လာမည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အလားအလာကောင်းများ ရှိပြီးဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးအတွက် စီးပွားရေးတိုးတက်မှု၊ မတိုးတက်မှုတို့နှင့်ဆက်စပ်နေသော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ညီညွတ်ရေးတို့၌ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ခိုင်မာစွာဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဟု ကြေးမုံက ရှုမြင်ပါကြောင်း။ ။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ တက်ရောက်



**ရန်ကုန် ဇူလိုင် ၂၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကေတုမတီခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှအောင်၊ တက္ကသိုလ်သင်ကြားရေး၊ စီမံဌာနများမှ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှု စွမ်းရည်များနှင့် ယနေ့ခေတ်၏ ပြောင်းလဲလာသည့် နည်းပညာ၊ အတတ်ပညာ၊ ဗဟုသုတများကိုလည်း အမြဲမပြတ် လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရ ကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများကို စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် တစ်ဦးချင်းစီ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုမှသည် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်ဖြစ်ကြောင်း ဒေါက်တာဝင်းသိမ်းက ပြောသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်က အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် ရှားပါးသည့်အခွင့်အရေးများကို ရရှိနေကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက လိုက်ပါပြုပြင်ပြောင်းလဲမှသာ ပြောင်းလဲမှု အောင်မြင်မည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများသည် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများတွင် မိမိနှင့် ထိုက်တန်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန် မျှမျှတတ သုံးစွဲရန်ရှိသကဲ့သို့ ပြည်သူလူထု၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်ကြောင်း မြွက်ကြားလမ်းညွှန်ခဲ့ကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များ ပထမအကြိမ် တွေ့ဆုံပွဲမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာ၊ စေတနာ၊ သတ္တိဆိုတဲ့ အရာသုံးမျိုး လိုအပ်ကြောင်း၊ ပညာရှိမှသာ မှန်ကန်တဲ့လမ်းမှန်ကိုရွေးတတ်ပြီး လမ်းမှန်ပေါ် ရောက်ရှိမှာဖြစ်ကြောင်း၊ လမ်းမှန်ကိုသိသော်လည်း သွားချင်တဲ့ စေတနာရှိဖို့လိုကြောင်း၊ မိမိအကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုတဲ့ စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ သတ္တိရှိစွာဖြင့် လမ်းသစ်ကို လျှောက်လှမ်းဖို့လည်း လိုကြောင်း၊ ဒါ့အပြင် ခေါင်းဆောင်မှု အတတ်ပညာသင်တန်းများ တက်ရောက်ထားကြရန်လိုအပ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ခေါင်းဆောင်မှုကိုမည်သို့ပေးရမည်၊ ခေါင်းဆောင်မှုကို မည်သို့ ရယူရမည်တို့ကို သင်ယူကြရမည်ဖြစ်သလို နောက်လိုက်ကောင်းဖြစ်အောင် သင်ယူရန်လိုကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့သဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်ချက်များကို သတိချပ်ပြီး လိုက်နာကျင့်ကြံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း တိုင်းပြည်ကိုချစ်သောစိတ်၊ မိမိနိုင်ငံကို တိုးတက်ချမ်းသာသည်ကို မြင်လိုသောစိတ်တို့ဖြင့် ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးစားအားထုတ်ပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမှာဖြစ်သလို မိမိတတ်သိနားလည်ရမည့် လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းများအပြင် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးနှင့် မိမိတို့နိုင်ငံ၏အခြေအနေကို မျက်ခြည်မပြတ် အမြဲလေ့လာဆည်းပူးလျက် နိုင်ငံသားများ၏ အကျိုးစီးပွားကို စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားနေရမှာဖြစ်ကြောင်း။

၂၁ ရာစုကာလမှာ လူ့စွမ်းအားအရင်းအမြစ်ကို သတ်မှတ်ရာတွင် လူကို လူ့စွမ်းအားအရင်းအမြစ်အဖြစ် မသတ်မှတ်တော့ဘဲ လူ၏သုတ၊ ကျွမ်းကျင်မှုအတတ်ပညာ၊ သမ္မာတို့ဖြင့် တိုင်းတာသတ်မှတ်လာသည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၊ အဖွဲ့အစည်းကို ကျွမ်းကျင်မှုအတတ်ပညာ၊ သုတ၊ သမ္မာရှိပြီး လေ့လာဆည်းပူး တီထွင်ဆန်းသစ်မှုရှိသည့် အဖွဲ့အစည်းဖြစ်စေရန် စွမ်းဆောင်သွားကြဖို့လည်း ထပ်လောင်းတိုက်တွန်း မှာကြားလိုကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ သင်တန်းမှာ မေ ၂၈ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ရှစ်ပတ်ကြာမြင့်ခဲ့ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၀ မှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်(ရွှေဈေး) ၉၄၃၅၀၀ - ၉၄၃၅၀၀    မန္တလေး(ရွှေဈေး) ၉၄၃၅၀၀ - ၉၄၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၀၅/၈၁၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၃. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉. ၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၅၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉. ၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၀. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၀၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၃. ၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၅. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅





သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

## ❍ သတ္တမအကြိမ်မှ

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက အခမ်းအနားမှူး အဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ(၆)တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေး ဆိုင်ရာများ လျှောက်ထားရာတွင် ရှေးရှေးသော သာသနာ့ထိပ်ခေါင်တင် မထေရ်မြတ်ကြီးများက အပင်ပန်းခံကာ ခဲယဉ်းစွာတည်ထောင်လာခဲ့သည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် ယခုအခါ ကာလကြာမြင့်စွာ ပြုပြင်မှု နည်းပါးသည့် အဆောက်အအုံကြီးပမာ တစ်နှစ်ထက်တစ်နှစ် လျော့ရိလျော့ရဲ ယိုယွင်းမှုများရှိလာသည်ဟု ကြားသိရပါကြောင်း၊ ဥပမာအားဖြင့် အမြို့မြို့ အနယ်နယ်တွင် ရဟန်းသာမဏေများကိုဆုံးမခြင်း၊ အုပ်ထိန်းခြင်းကိစ္စများကို ဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့လာသည်ကိုလည်းကောင်း၊ ဝိဝါဒ မှုခင်းများ၊ အနုဝါဒမှုခင်းများကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် လုပ်ငန်းမကျွမ်း ကျင်မှုကြောင့် အခက်အခဲများကြုံတွေ့နေရခြင်းများကိုလည်းကောင်း၊ ဝိနိစ္ဆယ အဖွဲ့အချို့၏ လွဲမှားစွာဆောင်ရွက်မှုကြောင့် အမှုသည်များက လူစုလူဝေးဖြင့် ဆန္ဒပြမှုများ ပြုလုပ်လာသည်ကိုလည်းကောင်း၊ လုပ်ငန်းမကျွမ်းကျင်မှုကြောင့် မူလပျက်ဖြစ်ကာ အမှုသည်များမှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးအတွက် အားယုတ်စေခြင်းများဖြစ်နေသည်ကိုလည်းကောင်း ကြားသိနေ ရပါကြောင်း။

အချို့သော မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သံဃနာယက အဖွဲ့အချို့သည် သံဃာ့အဖွဲ့အစည်း၊ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စုံညီအစည်းအဝေးကျင်းပဆောင်ရွက်မှုနည်းပါးလာခြင်းကြောင့် အဖွဲ့ဝင် အများစုသည် သံဃာ့အဖွဲ့အစည်းလုပ်ငန်းများအပေါ် စိတ်ပါဝင်စားမှု နည်းပါး လျက်ရှိနေပါကြောင်း၊ ရဟန်းအချို့သည် သံဃနာယက အဖွဲ့အစည်းအတွင်း ဝင်ရောက်စိုးမိုးဆောင်ရွက်လျက်ရှိကြပြီး သံဃာ့အဖွဲ့အစည်းဝင် ရွေးချယ်မှုများ၊ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ကိစ္စများတွင် ဝင်ရောက် စွက်ဖက်ခြင်း၊ အဂတိမကင်းသော ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိနေကြောင်း ကိုလည်း အခြေခံဒေသရှိ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ ကြားသိ နေရပါကြောင်း။

### တိုးမြှင့်ဆုံးဖြတ်

ထိုကဲ့သို့ အောက်ခြေအဆင့်ဆင့်က ချွတ်ယွင်းချက်၊ အားနည်းချက်များ ရှိနေခြင်းကြောင့် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပြီးစီးရ မည့်မှုခင်းများ နိုင်ငံတော်အဆင့်အထိရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ ညှိနှိုင်းရက်များကို သုံးရက်မှသည် လေးရက်အထိ တိုးမြှင့် လျက်ဆုံးဖြတ်ဆောင်ရွက်နေရသည်ကို ဆရာတော်ကြီးများလည်း သိရှိပြီးဖြစ်ပါ ကြောင်း။

ဆက်လက်၍ ပွင့်လင်းမြင်သာစွာလျှောက်ထားရပါလျှင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အစည်းအဝေးကြီးသည်ပင်လျှင် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ရှေးရှေးသော ဒီဃဒဿီဆရာတော်ကြီးများက အရှည်မြော်တွေး၍ ချမှတ်ခဲ့သော မူဝါဒ၏ အနှစ်သာရပိုင်းအထိ ရောက်ရှိ ဆောင်ရွက်ရန်အတွက် လိုအပ်လျက်ရှိနေသေးသည်ကို နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်များ၏ မိန့်ကြားချက်အရ ကြားသိနေရပါကြောင်း။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အစည်းအဝေးများကို ဆောင်ရွက်ရာ၌ အသွင်သဏ္ဌာန်ပိုင်းသာမက အနှစ်သာရပိုင်းပါ ရောက်ရှိ အောင် ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကို အောင်မြင်စွာဆောင်ရွက်တော်မူခဲ့သော ရှေးရှေးသော ကျေးဇူး ရှင်ဆရာတော်ကြီးများ၏ဂုဏ်ကို အာရုံပြုလျက် ရိုသေလေးမြတ်စွာလျှောက်ထား အပ်ပါကြောင်း။

အောက်ခြေသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ချွတ်ယွင်းချက်၊ အားနည်း ချက်၊ လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း၊ သံဃနာယက အဖွဲ့အစည်းအချင်းချင်း ယခုထက်ပိုမိုရင်းနှီးကျွမ်းဝင်မှု ရှိစေရေးအတွက် လည်းကောင်း၊ အထက်အောက်သံဃာ့အဖွဲ့အစည်းအချင်းချင်းနှင့် သံဃာထု တစ်ရပ်လုံး ကျစ်လျစ်ခိုင်မာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အထက်အောက်တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်သင့်ကြောင်းကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး တွင် မိန့်ကြားခဲ့သော ဥက္ကဋ္ဌဆရာတော်ကြီး၏ ဩဝါဒကထာအတိုင်း အထက် အောက် ညှိနှိုင်းပွဲများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်ကိုလည်း ထပ်လောင်းလျှောက်ထားလိုပါကြောင်း။

နိုင်ငံတော်အတွင်း ရဟန်းသာမဏေအချို့တို့၏ ရဟန်းသိက္ခာ၊ သာမဏေ သိက္ခာနှင့်မလျော်ညီ သမဏသာရုပ္ပမဖြစ်သည့် မှုခင်းများကို ယခင်က အသေး အဖွဲ့မှုခင်းများအနေဖြင့်သာ တွေ့မြင်ကြားသိနေရသော်လည်း ယခုအခါ ကျူးကျော် ကျောင်း ဆောက်လုပ်နေထိုင်မှု၊ ကျူးကျော်ကျောင်းမှ ထွက်ခွာပေးရေး သံဃ နာယကအဖွဲ့များက ဩဝါဒပြုရာတွင် မလိုက်နာသည့်အပြင် အုပ်စုဖွဲ့တုံ့ပြန်မှု၊ မာတုဂါမများနှင့် မသင့်မလျော်နေထိုင်မှု၊ သက်ငယ်မုဒိမ်းကျူးလွန်မှု၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ကိုယ်တိုင်မောင်းနှင်ပြီး ယာဉ်တိုက် မှုကျူးလွန်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည့် မကြားဝံ့မနာသာသော ကြီးမားသည့်ပြစ်မှုများကိုပင် ကျူးလွန်ကျော်နင်းလာသည်ကို ကြားသိနေရ ပါကြောင်း။

### ထိခိုက်လျက်ရှိ

ယနေ့အချိန်အခါတွင် သမဏသာရုပ္ပ မဖြစ်သောမှုခင်းများကို အင်တာ နက်နှင့် သတင်းမီဒီယာ စာမျက်နှာများပေါ်တွင် အမြင်ဆိုးရွားစွာတွေ့မြင်နေ ရပါကြောင်း၊ သမဏသာရုပ္ပ မဖြစ်သော မှုခင်းများကို ဆောလျင်စွာ နှိမ်နင်း ဖြေရှင်းနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့တို့အား အပြီးအပြတ်တာဝန်ပေးအပ်ထားသော်လည်း သမဏသာရုပ္ပ မဖြစ်သော ကိစ္စရပ်များသည် ငြိမ်းအေးမသွားဘဲ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ ပုံရိပ်ကို အရုပ်ဆိုး အကျည်းတန်စွာ ထိခိုက်လျက်ရှိနေပါကြောင်း။

သက်ဆိုင်ရာ သံဃနာယကအဖွဲ့များအနေဖြင့် သမဏသာရုပ္ပ မဖြစ်သော ကိစ္စရပ်များ လျော့နည်းပပျောက်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာတော်ထိန်းသိမ်းစောင့်ရှောက် ရေးအဖွဲ့(သံဃာ့စည်းကမ်းထိန်းသိမ်းရေးအဖွဲ့) များသည် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်သာသနာရေးမှူးရုံး၊ ခရိုင်သာသနာရေးမှူးရုံး၊ မြို့နယ်တရားရေးအဖွဲ့၊ ခရိုင်တရားရေးအဖွဲ့၊ မြို့နယ်ဥပဒေရုံး၊ ခရိုင်ဥပဒေရုံး စသည့် အခြေခံဒေသ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကွင်းဆင်းအရေးယူခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါကြောင်း။

သမဏသာရုပ္ပမှုခင်းများ အများဆုံးဖြစ်ပွားလေ့ရှိသော လူစည်ကားရာ နေရာများဖြစ်သည့် ဈေးများ၊ အဝေးပြေးကားဂိတ်များ၊ လေဆိပ်၊ သင်္ဘော ဆိပ်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ စသည့် နေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး၍ သာမဏသာရုပ္ပ မဖြစ်သည့် အမှုများဆောင်ရွက် နေသောပုဂ္ဂိုလ်များအား မြို့နယ်သံဃနာယကအဖွဲ့က သံဃာ့အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့်အညီ ဩဝါဒပြုခြင်း၊ အရေးယူခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်း ဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့ဆရာတော်ကြီးများ အနေဖြင့်လည်း သမဏသာရုပ္ပ မဖြစ်သောမှုခင်းများ လျော့နည်းပပျောက်စေရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တော်မူကြပါရန် သက်ဆိုင်ရာဒေသ အောက်ခြေ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ဩဝါဒကထာများ ပေးသင့်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဆုံးဖြတ်ချက်အရ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများကို ဗဟိုအဆင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် မြို့နယ်ပေါင်း ၄၀ တွင် မြို့နယ်အဆင့် ဖွင့်လှစ်ပြီးစီး၍ ကျန်ရှိသည့် မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်နိုင်ရန်လည်း သာသနာရေးဦးစီးဌာနက စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

ထိုကဲ့သို့ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းအား ဖြင့် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များအနေဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယ ရေးရာကိစ္စရပ်များ ဆောင်ရွက်တော်မူကြရာတွင် ကျွမ်းကျင်နှံ့စပ်မှု ရှိလာမည့် အပြင် ဆုံးဖြတ်ချက်များသည်လည်း ပိုမိုမှန်ကန်လာပါမည်ဟု ယုံကြည်ပါ ကြောင်း။

ပညာရေးကိစ္စရပ်များတွင် ပရိယတ္တိစာမေးပွဲဆိုင်ရာ မေးခွန်းပေါက်ကြား မှုမဖြစ်စေရေး၊ အဖြေလွှာစစ်ဆေးခြင်းနှင့် အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို စနစ်တကျဖြင့် အမြန်ဆုံးပြီးမြောက်စေရေးတို့ကို အထူးအလေးထား စီမံ ဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒတော်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာပြု စိတ်ဓာတ်ကြီးမြင့်ကြသည့် ပရိယတ္တိဝန်ဆောင်ဆရာတော်များ၊ လူပုဂ္ဂိုလ်များက သာမဏေကျော် စာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဒေသ ၁၅ ခုတို့တွင် ကျင်းပလျက်ရှိပြီး သာမဏေကျော် အမြောက် အမြားလည်း ပေါ်ထွန်းလျက်ရှိကြောင်း ကြားမြင်သိရှိရသောကြောင့် သာသနာ တော်အတွက် ဝမ်းမြောက်ကြည်နူးမိပါကြောင်း။

ပရိယတ္တိသည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သည်နှင့်အညီ သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန်ဖြင့် တိုးတက်စည်ပင်ပြန့်ပွားရန်မှာ အလွန် အရေးကြီးသော အချက်တစ်ရပ်ဖြစ်သည်ကိုလည်း လျှောက်ထားလိုပါကြောင်း။

### သာသနာပြုနိုင်ကြပါစေ

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး အတွက် (၄၇)ပါးစုံညီ အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပသည့် အခါတိုင်း သံဃာ့ကိစ္စ သံဃာဆောင်ရွက်ဟူသော မူဝါဒချမှတ်လျက် ဆရာ တော်အရှင်သူမြတ်တို့သည် စိတ်ပါဝင်စားစွာဖြင့် ဝေဖန်ဆွေးနွေးခြင်း၊ အကြံ ဉာဏ်ပေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့ ဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြသည့်အခါ၌ မိမိတို့ဒေသရှိ ရပ်၊ ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များနှင့် တွေ့ဆုံဆွေးနွေးအစည်းအဝေးများ ကျင်းပခြင်းအားဖြင့် လည်းကောင်း သာသနာတော်ကြီး သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင်၊ သံဃာတော်များ ပရိယတ်၊ ပဋိပတ်တရားများကို တည်ငြိမ်အေးချမ်းစွာဖြင့် အားထုတ်နိုင်အောင်၊ ဒါယကာ ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေးအသိဉာဏ်တိုးတက် မြင့်မား၍ သာသနာတော်အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူကြပါရန်နှင့် လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုနိုင်ကြပါစေဟု လျှောက်ထား သည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမ အဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံ စာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမ အဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထား သည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာ ရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီး များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နား သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို ဦးသီဟကိုကိုနှင့် ဇနီး ဒေါ်အုံးအုံးစိန် မိသားစုနှင့် ဦးကျော်ဝင်းဟန်နှင့်ဇနီး ဒေါ်ခင်မျိုးနိုင် မိသားစုတို့ကလည်းကောင်း၊ နေ့ဆွမ်းကို မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့ကလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

တာဝန်ယူမှုမရှိပါကလည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ နစ်နာမည်ဖြစ်ပါကြောင်း၊ အောက်ခြေတွင်ရှိသည့် ပြည်သူလူထုအခြေအနေနှင့် အမြင်များကို လွှတ်တော်ကိုယ်စားလှယ်များက တင်ပြမှုမရှိပါက အုပ်ချုပ်ရေးပိုင်းအနေဖြင့် ပြည့်ပြည့်ဝဝ သိနိုင်မည်မဟုတ်၍ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် တာဝန်သိမှုတို့သည် အရေးကြီးပါကြောင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသော်လည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာက အကောင်အထည်မဖော်ပါက အထစ်အငေါ့များ ဖြစ်လာနိုင်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားရမည်ဖြစ်ပါကြောင်း။

### အဘက်ဘက်က နစ်နာ

မိမိအနေဖြင့် မြန်မာနိုင်ငံအနှံ့ရှိ ပြည်သူများနှင့် တွေ့ဆုံရာတွင် သောက်သုံးရေမလုံလောက်သည့် နေရာများတွင် ရေအလုံအလောက်ရရှိရန် တောင်းဆိုသော်လည်း တူညီစွာတောင်းဆိုကြသည့်အချက်မှာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သည့် (ရာသီစုံလမ်း) မရှိပါက ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအပါအဝင် အဘက်ဘက်က နစ်နာပါကြောင်း။

ကော့မှူးရှိ လမ်းများသည် ကောင်းမွန်လျက်ရှိနေသည်ကို တွေ့ရကြောင်း၊ လမ်းများကို စံတစ်ခုအဖြစ် သတ်မှတ်ကာ လမ်းပိုင်းကို စနစ်တကျစစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ ပြည့်ဝစွာဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာသွားလာနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်စီစဉ်နိုင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ကော့မှူးရှိ ပြည်သူများ၏ တောင်းဆိုချက်ဖြစ်သည့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်မီးရရှိရေးနှင့် ပညာရေးအခြေအနေ ဆောင်ရွက်ထားမှုကို သိရှိလိုပါကြောင်း။

### ပြည်သူပြည်သားများ၏ အကူအညီလိုအပ်

ပညာရေးအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူများ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်ပညာရေးဌာနအနေဖြင့် စိစစ်၍ ကောင်းမွန်အောင်ဆောင်ရွက်စေလိုပါကြောင်း၊ ကျူရှင်၊ ဂိုက်စနစ်များဖြင့် သင်ကြားမှုထက် အတန်းတွင် ပြည့်စုံစွာသင်ကြားနိုင်သည့် စနစ်ဖြစ်အောင် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိဘများကိုယ်တိုင် ယခုကဲ့သို့ ကျူရှင်၊ ဂိုက်စသည်တို့ဖြင့် သင်ကြားပေးနေမှုသည် ပညာရေးအတွက် ကောင်းမွန်သည့် အလားအလာမဟုတ်ပါကြောင်း၊ ကျူရှင်စနစ်အား ထောက်ခံသည့်သဘော သက်ရောက်နေပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်း၍ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ သိက္ခာရှိရှိဖြင့် နေထိုင်နိုင်သည်အထိ ဆောက်တည်ပေးနိုင်ရန်အတွက် ပြည်သူပြည်သားများ၏ အကူအညီလည်း လိုအပ်ပါကြောင်း၊ မည်သည့်အစိုးရမှ ပြည်သူပြည်သားများ၏ ပူးပေါင်းဆောင်ရွက်မှု မပါဝင်ဘဲနှင့် တိုးတက်နိုင်မည်မဟုတ်ပါကြောင်း။

### အစာအာဟာရဖွံ့ဖြိုးစေရန် ဆောင်ရွက်

ကျန်းမာရေးအနေဖြင့် ကော့မှူးမြို့နယ်အပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသည့် ကလေးငယ်များ၏ အာဟာရပြည့်ဝမှုသည် အားရစရာမရှိကြောင်း၊ အာဟာရပြည့်ဝစွာ မရရှိခြင်းကြောင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နည်းပါးနေသည်ကိုတွေ့ရကြောင်း၊ ကလေးငယ်များသည် အသက်နှစ်နှစ်ဝန်းကျင်မှစ၍ အာဟာရချို့တဲ့သည့်လက္ခဏာကို တွေ့ရပါကြောင်း၊ ဉာဏ်ရည်ထိခိုက်မှုမရှိသော်လည်း ခန္ဓာကိုယ် ဖွံ့ဖြိုးရေးအတွက် ထိခိုက်မှုရှိပါကြောင်း၊ အာဟာရပြည့်ဝသည့် ဒေသထွက်အစားအစာများကို သိပ္ပံနည်းကျတွက်ချက်၍ အစာအာဟာရဖွံ့ဖြိုးစေရန် လေ့လာဆောင်ရွက်ပေးစေလိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အထူးအလေးပေးသည်မှာ သန့်ရှင်းသည့် အစိုးရ၊ တာဝန်သိသည့် အစိုးရ၊ တာဝန်ယူသည့် အစိုးရဖြစ်ပါကြောင်း၊ တာဝန်သိသည့် အစိုးရသည် အဂတိလိုက်စားမှု ကင်းရှံ့မှုမက ပြည်သူများအနေဖြင့် သံသယပင် မရှိအောင် နေနိုင်ရမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေတုမာလာအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှုကို ကြည့်ရှုအားပေးစဉ်။

အစိုးရအဖွဲ့တွင် ဝန်ကြီး ၃၀ ပင် မပြည့်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့နေသည့် အောက်ခြေရှိ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းအများအပြားရှိပါကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများ သန့်ရှင်းပါမှ၊ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု သံသယမရှိပါမှ မိမိတို့နိုင်ငံသည် သိက္ခာရှိသည့်နိုင်ငံ၊ တိုးတက်သည့်နိုင်ငံ ဖြစ်မည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့တွင် ပါဝင်သူများအား အရေးယူရန် လွယ်ကူသော်လည်း အောက်ခြေတွင်ရှိသည့် များပြားလှသည့် အုပ်ချုပ်ရေးဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများကို အရေးယူရန်အတွက် လွယ်ကူလှမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို ထိန်းသိမ်းဖို့လိုပါကြောင်း။

### တစ်ဆင့်ချင်း ဖြည့်ဆည်းသွားမည်

ပီတိစား၍ ဝသည်ဆိုသော စကားရပ်ကို မိမိအနေဖြင့် ယုံကြည်မှုမရှိဘဲ ဝန်ထမ်းများကို လုံလောက်သည့်လစာ၊ လုံလောက်သည့် အဆောင်အယောင်များပေးနိုင်ရန် စီစဉ်ပေးရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်ကို နေ့ချင်း၊ ညချင်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော်လည်း တစ်ဆင့်ချင်းဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကော့မှူးမြို့နယ်ရှိ ပြည်သူများကို ပေးနိုင်သည့်ကတိတစ်ခုရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အမှန်တကယ် ပြည်သူကို စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့နိုင်ငံ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပါက ဝန်ထမ်းများ၏ ဘဝသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက မြို့နယ်၏ အကျယ်အဝန်းနှင့် လူဦးရေနေထိုင်မှု၊ မြေအသုံးချမှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဆန်ဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

စာမျက်နှာ ၅ သို့ ✻




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက် မော်တော်ယာဉ်ကို တွေ့ရစဉ်။






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာသင်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေးစဉ်။

✻ စာမျက်နှာ ၄ မှ

ဆောင်ရွက်ပြီးစီးမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေတုမာလာအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကာ သီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုနှင့် တိုးတက်မှု၊ သင်ကြားပြသမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆရာ ဆရာမများအား မေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်သင်တန်းကျောင်း(HCTA)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ စာတွေ့လက်တွေ့ သင်ကြားနေမှုများနှင့် သင်တန်းကျောင်းပရဝဏ်အတွင်း စိုက်ပျိုးထားရှိသည့် ဓာတုကင်းလွတ် စိုက်ခင်းကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ဆုံးမဩဝါဒစကား ပြောကြားသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့မှူးမြို့ရှိ ပတုပ်အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကဆောင်ရွက်နေသည့် ၄ ဒသမ ၉၈ ဧကရှိ ဓာတုကင်းလွတ် စပါးစိုက်ခင်းသို့ ရောက်ရှိပြီး ရွှေဘိုပေါ်ဆန်းစပါး အမျိုးအစားများ ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့ ပတုပ်အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့၌ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



# သာသနာတော်အတွက် ကြီးစွာသော သတိတရား လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် တိုက်တွန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ**

**၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ သောကြာနေ့**



**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေးသို့ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

ဆရာတော် အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနှင့် ပြည့်စုံတော်မူကြ၍ ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို စည်ပင်ပြန့်ပွားသည်ထက် စည်ပင်ပြန့်ပွားအောင်၊ တိုးတက်သည်ထက်တိုးတက်အောင်၊ ဝိတဏ္ဍဘေး ကင်းဝေးသည်ထက်ကင်းဝေးအောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

**ဆရာတော် အရှင်သူမြတ်တို့ဘုရား-**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး ဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ ဖြစ်ကြသည်။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက် ချက်များဖြစ်ရပါမည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သောဆောင်ရွက်ချက်များဖြစ်လျှင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါတော့သည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သောသံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရလေအောင် အရေးကြီးသော သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ မိမိတို့အဖွဲ့ကြီး၏ မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် အကျေအလည် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံပြုတင်ပြချက်များကိုလည်း အလေးဂရုပြုကာ ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သင့်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှ သမဏသာရုပ္ပ မဖြစ်သောကိစ္စရပ်များ မပေါ်ပေါက်စေရေးအတွက် ညွှန်ကြားလွှာများဖြင့်အကြိမ်ကြိမ်ထုတ်ပြန်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များက မိမိတို့ဒေသအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တွေ့ဆုံသြဝါဒပေးပြီး ပူးပေါင်းကာ တင်းတင်းကျပ်ကျပ်၊ ပီပီပြင်ပြင် အရေးယူဆောင်ရွက်ရန်လည်း အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း ရဟန်းသာမဏေများအနေဖြင့် ကိုယ်တိုင်မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်းများကို ဆက်လက်ကျူးလွန်နေသည့်အတွက် ယာဉ်တိုက်မှု၊ လူသေဆုံးမှုများအထိ ဖြစ်ပေါ်လျက်ရှိနေပါသည်ဘုရား။ ယခုအခါတွင် ထိုကဲ့သို့ သမဏသာရုပ္ပ မဖြစ်သည့် မှုခင်းများဖြစ်ရုံသာမက ဒုဋ္ဌုလ္လ၊ ပဋိကုဋ္ဌာ ရှုန့်ရင်းကြမ်းတမ်း စက်ဆုပ်ဖွယ်သော ပြစ်မှုများအထိ ဖြစ်ပေါ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်ဘုရား။ ယင်းသို့သော ကိစ္စရပ်များအတွက် ရှေးရှေးသော သူတော်ကောင်း သာသနာပြုမထေရ်မြတ်များ၏ ကျေးဇူးဂုဏ်ကို အာရုံပြုလျက် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်ဘုရား။ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"မူအရ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်အတူ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က သာသနာတော် သန့်ရှင်းရေးအတွက် တာဝန်တစ်ရပ်အနေဖြင့်မှတ်ယူ၍ အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ထို့အပြင် ကျူးကျော်ကျောင်းများ ဆောက်လုပ်ခြင်းကိစ္စ၊ ဂိုဏ်းတစ်ပါးက တားမြစ်ထားစဉ်အခြားဂိုဏ်းတစ်ပါးက ကျောင်းသစ်ဆောက်လုပ်ခြင်းကိစ္စ၊ ဝိနိစ္ဆယအမှုရုံးပြီး အမှုဖြစ်ပွားရာ ရပ်ကွက်ဒေသအတွင်း ကျောင်းသစ်ခွဲ၍ ဆောက်လုပ်ခြင်းကိစ္စများသည် ဒေသအတွင်းရှိ ဒါယကာ ဒါယိကာမများ၊ ရဟန်းတော်များအချင်းချင်း စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခအသွင်ဖြစ်ခြင်း၊ စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းတို့ကြောင့် ကျောင်းဆောက်လုပ်ခြင်းကိစ္စနှင့် ပတ်သက်ပြီး သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံရသည့် မျက်မှောက်ခေတ် သာသနာတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး အဆင့်မြင့်ဆုံး နောက်ဆုံးခံတပ်သဖွယ်ဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည်ကို ဆရာတော်ဘုရားများသိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီး၌ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ကို ဇာတကပါဠိတော်စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်လာ ဂါထာတော်များကို ကောက်နုတ်၍ အကျဉ်းချုပ်လျှောက်ထားလိုပါသည်ဘုရား။

ကောဓံ ဝဓိတွာန ကဒါစိ သောစတိ၊
မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊
ဧတံ ခန္တိံ ဥတ္တမမာဟု သန္တော(ဇာ၊ ၄၊ ပဉ္စမတွဲ-၁၄၈)-ဟူသော သရဘင်္ဂဇာတ်တော်လာ ဒေသနာဖြင့် ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာပြောဆိုလာသော မည်သည့်ပုဂ္ဂိုလ်ကိုသော်မှ ကောဓအမျက်မထွက်စေဘဲ သည်းခံမှု ခန္တီဂုဏ်တည်းဟူသော လက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်း လက်နက်ကောင်းဟူသမျှတို့ထက် အဆအရာအထောင်မက လွန်ကဲမွန်မြတ်သည့် သူတော်ကောင်း လက်နက်ကြီးဖြစ်ကြောင်းကို ပြဆိုထားပါသည်ဘုရား။

န ဟေတမတ္ထံ မဟတီပိ သေနာ၊
သရာဇိကာ ယုဇ္ဈမာနာ လဘေထ။
ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊
ခန္တီ ဗလဿူ ပသမန္တိ ဝေရာ (ဇာ၊ ၄၊ ပဉ္စမတွဲ-၁၅၁)-ဟူသော ဒေသနာတော်အရ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် ပုဂ္ဂိုလ်အမျိုးမျိုးနှင့် ဆက်ဆံလျက် ပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းနေကြရသဖြင့် အားလုံး၏ အလိုကျချည်း ဖြစ်နိုင်မည်မဟုတ်ပါ။ အလိုမကျသော ပုဂ္ဂိုလ်အချို့က အပြစ်ဖို့သည့်စကား ပြောဆိုလာသော်လည်း မည်သူအားမျှ ကောဓအမျက်မထွက်စေဘဲ သာသနာ့ဝန်ထမ်း ရဟန်းလောက၌ သပ္ပုရိသဂိုဏ်းဝင် အရှင်ကောင်းအရှင်မြတ်များပီပီ အကျွှာဘနီ စစ်ကြီးချီ၍ တိုက်ခိုက်လာသော်လည်း မရနိုင်သည့် အကျိုးထူးကို ရစေနိုင်သော လက်နက်ကောင်းခန္တီဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်ဘုရား။

ကာယေန ဝါစာယ စ ယော’ဓ သညတော၊
မနသာ စ ကိဥ္စိ န ကရောတိ ပါပံ။
န အတ္တဟေတူ အလိကံ ဘဏာတိ၊
တထာဝိဓံ သီလဝန္တံ ဝဒန္တိ (ဇာ၊ ၄၊ ပဉ္စမတွဲ-၁၅၄)-ဟူသော ဒေသနာနှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကိုထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်းရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြပါစေရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဂမ္ဘီရပဉ္ဟံ မနသာ ဘိစိန္တယံ၊
နာစ္စာဟိတံ ကမ္မကရောတိ ဗုဒ္ဓိံ။
ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊
တထာဝိဓံ ပညဝန္တံ ဝဒန္တိ (ဇာ၊ ၄၊ ပဉ္စမတွဲ - ၁၅၅)-ဟူသော ဒေသနာတော်နှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမယ့် ပြွပြွလင်းလင်း ထိုးထွင်းသိမြင် ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငုကြည့်ရှုမြော်မြင်နိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြပ်ကြပ် သတိချပ်တော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။

ယောဝေ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။
ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ (ဇာ၊ ၄၊ ပဉ္စမတွဲ-၁၅၅)-ဟူသော ဒေသနာတော်နှင့်အညီ ကျေးဇူးသိတတ်ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်း အပေါင်းဆုံထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသ ကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွားထွန်းကားစေတော်မူကြပါဘုရား။

ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
သင်္ဂါဟကံ သခိလံ သဏှဝါစံ၊
တထာဝိဓံ နော သိရိ နော ဇဟာတိ (ဇာ၊ ၄၊ ပဉ္စမတွဲ-၁၅၅)-ဟူသော ဒေသနာတော်အရ လောကသားတို့ လိုလားအပ်သည့် ခြွေရံသင်းပင်း ပေါများခြင်း၊ ကျေးဇူးသတင်းကျော်စောခြင်း၊ လောကအလယ်ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာရှိခြင်းဟူသော လောကအမြတေ ကျက်သရေဂုဏ် အလုံးစုံသည် ပြဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ စသည့်အဖုံဖုံ ဂုဏ်ဆီပြည့်ဝ သပ္ပုရိသလက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး၊ သာသနာတော်မြတ်ကြီး၏ ကျက်သရေတန်ခိုးတိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့သန္တာန်ဝယ် အခြေခံထားရှိကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထားရှုမျှော်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံယူရသည့် မျက်မှောက်ခေတ် သာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ဓမ္မဂရုဖြစ်သော ရှင်ကောင်း၊ ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ ပါဝင်စေခြင်း၊ သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြလျက် ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလိုပါသည်ဘုရား။

သမဏသာရုပ္ပ မဖြစ်မှုမှသည် ပါရာဇိကကျသည်အထိ ကြီးလေးသော ပြစ်မှုများ ဘုရားသာသနာနှင့် မအပ်သည့် လုပ်ဆောင်မှု အစုစုတို့ကို အနည်းငယ်မျှသော သံဃာများ ပြုလုပ်လာခြင်းသည် "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်"မည့်အရေးကို သိမြင်တော်မူကြပြီး သာသနာတော်အတွက် ကြီးစွာသော သတိတရား လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် တိုက်တွန်းရင်း သာရဏီယ သြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

## ဝေနမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေနမြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

## မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ညနေ ၆ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းရသည်။ **ကြေးမုံ**

# အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် E-Bike မော်တာ သုံးဘီးဝှီးချဲများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၀**

စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်-၁/၂)မြိုင်သာယာနှင့် ကြက်ဖြူကန်တို့ရှိ တိုက်ခန်းများနှင့် E-Bike မော်တာ သုံးဘီးဝှီးချဲများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် မှော်ဘီ တပ်နယ်ရှိ တပ်နယ်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များနေထိုင်ရန်အတွက် လိုအပ်သည့်တိုက်ခန်းများနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ အသုံးပြုရန်လိုအပ်သည့် E-Bike မော်တာ သုံးဘီးဝှီးချဲများ ပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ နေရေးအဆင်ပြေစေရန်အတွက် စစ်မှုထမ်းဟောင်းအိမ်ရာများကို တတ်နိုင်သလောက် ဆောက်လုပ်ပြီး နေရာချထားပေးလျက်ရှိကြောင်း၊ အစိုးရအဆက်ဆက် စစ်မှုထမ်းဟောင်းများအတွက် ဆောင်ရွက်ပေးခဲ့သော်လည်း အခက်အခဲတချို့ကြောင့် လိုအပ်ချက်များလည်းရှိခဲ့ကြောင်း၊ ယခုအခါတွင်လည်း မိမိတို့အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က E-Bike မော်တာ သုံးဘီးဝှီးချဲများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်-၁/၂) နေထိုင်ခွင့်လက်မှတ်နှင့် အခန်းသော့များကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ရွှေဖီဦး အသင့်ဖျော် လက်ဖက်ရည်ထုပ်များကို လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ဂန္ထဝင်အတွဲ(၁၀၀) စာစဉ် မြန်မြန်ဆန်ဆန် ထုတ်ဝေဖြန့်ချိနိုင်ရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့စာပေဗိမာန်တွင် ကျင်းပသည့် မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးသို့ မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀)စာစဉ်ထုတ်ဝေရေးကော်မတီ နာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်( လယ်တွင်းသားစောချစ်)နှင့် ကော်မတီအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀)စာစဉ်ကို ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်နှင့် အက်ဆေးများဖြင့် စုဖွဲ့ရေး၊ ထွက်ရှိပြီး စာအုပ်၊ စာစောင်များအနက်မှ စာကောင်းပေမွန်များကို ကော်မတီဝင်များက စုပေါင်းရွေးချယ်ရေး၊ ဝတ္ထုရှည် ပထမအတွဲတွင် ဂျိမ်း(စ်)လှကျော်၏ "မောင်ရင်မောင် မမယ်မ"၊ ဝန်စာရေး ဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"နှင့် မအေးခင်၏ "ချစ်ရိုးအမှန်"တို့ဖြင့် လည်းကောင်း၊ ဝတ္ထုရှည် ဒုတိယတွဲတွင် ဦးလတ်၏ "ရွှေပြည်စိုး"၊ ဆရာကြီးရွှေဥဒေါင်း၏ "ရတနာပုံ"တို့ဖြင့် လည်းကောင်း စုဖွဲ့ထုတ်ဝေရေး၊ ၎င်းဝတ္ထုရှည် အတွဲ(၁)နှင့် အတွဲ(၂)တို့ကို လာမည့်စက်တင်ဘာလအတွင်းနှင့် အတွဲ(၃)ကို အောက်တိုဘာလကုန်ခန့်တွင် ထုတ်ဝေနိုင်ရေး၊ မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀) စာစဉ် စာအုပ်ဒီဇိုင်းနှင့် အပြင်အဆင်များ ကောင်းမွန်စေရေးတို့ကို တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စွယ်စုံကျမ်း ပြင်ဆင်ဖြည့်စွက်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် "ပထမမူကြမ်း"အပေါ် ဖြန့်ဝေစိစစ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမတွင် "မြန်မာ့ရေးရာ" လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ မိမိလုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်စေရေးနှင့် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းလုပ်ဆောင်ရေး မှာကြားခဲ့သည်။

**သတင်းစဉ်**

❖ ၂၀၁၈ ခုနှစ်မှ

အကောင်းဆုံးအလယ်တန်းဆုကို ပညာရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် ၂၂ မျိုးဇာနည်ဝင်းက လည်းကောင်း၊ အကောင်းဆုံးရှေ့တန်းဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် ၉ မင်းကိုသူက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် ၁၂ အောင်မျိုးသူက လည်းကောင်း အသီးသီးရရှိကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က ငွေသားနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း၊ တတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက တစ်ဦးချင်းဆုနှင့် ငွေသားဆုများ၊ တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ- ကျော်ရဲဆွေ**



## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Global New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ Global New Light of Myanmar သတင်းစာတိုက်၌ သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ Global New Light of Myanmar သတင်းစာတိုက်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သတင်းစာအရည်အသွေးတိုးတက်ရေး၊ အများကင်းစင်ရေး၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့နှင့် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

○ ကျောဖုံးမှ

ကွင်းဆင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနားလည်မှုစာချွန်လွှာကို အဆိုပြုလုပ်ငန်းအစီအစဉ်နှင့်အညီ သုံးလနှင့် ခြောက်လအစီအမံများရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းအစီအစဉ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူ့အသိုက်အဝန်းများအကြား ရေရှည်တည်တံ့သည့် လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့်ကဏ္ဍများနှင့် သဟဇာတရှိစေမည့် အခြေခံများကို ပံ့ပိုးကူညီသွားမည့်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

မြန်မာဘက်အနေဖြင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဗျူရို၊ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte ၏ ဇူလိုင်လဆန်းကလာရောက်သည့်ခရီးစဉ်နှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး Mr. Haoliang Xu ၏ မကြာသေးမီကလာရောက်ခဲ့သည့်ခရီးစဉ်တို့ကို ကြိုဆိုသည်။ မြန်မာနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့နှင့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

လုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ကနဦးသွားရောက်မည်ဟု သိရသည်။

**သတင်းစဉ်**

## အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

**မင်းလှ ဇူလိုင် ၂၀**

သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၉ ဦးအား ရပ်ကွက်/ကျေးရွာ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

စီးပွားရေးနှင့် ငြိမ်းချမ်းရေးသည် ဆက်စပ်နေပြီး ငြိမ်းချမ်းရေးရှိမှ မိမိတို့ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁၀) ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည့် Public Private Partnership - PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

**ငြိမ်းချမ်းရေးမရှိဘဲ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်**

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကို အကျဉ်းချုပ်ပြောကြားပြီး B4P and PPP arrangements ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီး သီးခြားတွေ့ဆုံမေးမြန်းမှုတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က “မြန်မာနိုင်ငံက သယံဇာတ ပေါကြွယ်ဝတယ်။ သူများနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ရာသီဥတု ပထဝီအနေအထား ကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ အချိန်တုန်းက စီမံအုပ်ချုပ်တဲ့အခန်းကဏ္ဍလည်း လိုအပ်တယ်။ ပြီးတော့ အဲဒီစီမံအုပ်ချုပ်မှုကြောင့်သော်လည်းကောင်း၊ သို့မဟုတ် တိုင်းရင်းသားတွေက ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဖော်ဆောင်မှုကို အားမရတဲ့အတွက်ကြောင့်သော်လည်းကောင်း ပြည်တွင်းစစ်ဖြစ်တယ်။ ဒီငြိမ်းချမ်းရေးမရှိတဲ့အတွက် ပြည်တွင်းစစ်က နှစ်ပေါင်း ၇၀ နီးပါးလောက် ခရီးရောက်လာတယ်။ ငြိမ်းချမ်းရေး မရဘူး၊ ငြိမ်းချမ်းရေး အင်မတန်ခက်ခဲတယ်။ ငြိမ်းချမ်းရေးမရှိဘဲ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ဖို့က မဖြစ်နိုင်ဘူး။ ငြိမ်းချမ်းရေးရှိသည့်တိုင် ကိုယ့်ရဲ့ပြည်တွင်းမှာရှိနေတဲ့ လူသားအရင်းအမြစ် သယံဇာတကလည်း အများကြီး လိုအပ်တယ်။

**မှန်ကန်မြင့်မြတ်တဲ့ အာဇာနည်စိတ်ဓာတ်မျိုး မွေးမြူ**

“နောင်လာမယ့် လူသားအရင်းအမြစ်တွေမှာ ပညာဗဟုသုတလိုတယ်။ ပညာကိုခွဲခြားလိုက်ရင် အတတ်ပညာမျိုးစုံနဲ့ အသိပညာက နှစ်မျိုးရှိတယ်။ မှန်ကန်မြင့်မြတ်တဲ့ အသိပညာနဲ့ မှားယွင်းယုတ်ညံ့တဲ့အသိပညာ ဖြစ်ပါတယ်။ နောင်လာနောက်သား လူငယ်တွေမှာ မှားယွင်းယုတ်ညံ့တဲ့ အသိပညာမျိုးတွေ မပေါ်ပေါက်လာအောင် မှန်ကန်မြင့်မြတ်တဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်မျိုး မွေးမြူဖို့လိုပါတယ်။ ပြည်ထောင်စုကြီးထဲမှာ ဒီလိုစိတ်ထားမျိုးတွေ အရေးကြီးတယ်၊ အများကြီးလိုအပ်တယ်။ နောင်လာနောက်သားတွေမှာ အများအတွက်၊ တိုင်းပြည်အတွက် အနစ်နာခံ ကိုယ်ကျိုးစွန့်တဲ့ စိတ်ဓာတ်မျိုးတွေ ပေါ်ပေါက်အောင်၊ မှားယွင်းယုတ်ညံ့တဲ့ အသိမျိုးတွေ မပေါ်ပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ ပြည်ထောင်စုကြီးငြိမ်းချမ်းမယ်။ ဖွံ့ဖြိုးတိုးတက်မယ်။ သာယာတဲ့နိုင်ငံကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က “အဓိကကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်တယ်။ အထူးသဖြင့် တတိယအကြိမ် ပင်လုံပြီးသွားပြီ။ တစ်ဖက်က အဲဒီလိုလုပ်တယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လိုအထောက်အကူဖြစ်မလဲဆိုတာကို စဉ်းစားရမယ်။ စဉ်းစားတဲ့အခါမှာ NCA-S EAO အဖွဲ့ ခြောက်ဖွဲ့က NCA လက်မှတ်ထိုးပြီးသား။ နောက်ထပ် ထိုးပြီးသားအဖွဲ့တွေအားလုံးက ကုမ္ပဏီတွေထောင်ပြီးတော့ စီးပွားရေးကို လုပ်ကြမယ်။ စီးပွားရေးကိုလုပ်ရင် ငြိမ်းချမ်းရေးအသီးအပွင့်တွေပေါ့။ သူတို့ဒေသတွေမှာ ငြိမ်းချမ်းနေပြီ။ ပဋိပက္ခတွေ မရှိတော့ဘူး။ ပဋိပက္ခတွေမရှိတဲ့ဒေသတွေမှာ စီးပွားရေးဖွံ့ဖြိုးအောင် ကျွန်တော်တို့ တိုက်တွန်းတာပေါ့။ ကုမ္ပဏီတွေထောင်တဲ့ပုံစံ၊ စနစ်တကျ ပီပီပြင်ပြင် ထောင်ဖို့လိုတယ်။ ထောင်တဲ့ကုမ္ပဏီတွေကလည်း တကယ်ကိုတာဝန်ကျေတဲ့ ကုမ္ပဏီတွေဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ရှိပါတယ်။ ကုမ္ပဏီထောင်ပြီး သူတို့ဒေသမှာ အသင့်တော်ဆုံးဖြစ်တဲ့ ဆောက်လုပ်ရေးပဲဖြစ်ဖြစ်၊ မွေးမြူရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ အားကစားပဲဖြစ်ဖြစ် သူတို့ဒေသနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ ဖန်တီးပေးရမှာပေ့ါ။ အဲဒါ ကျွန်တော်တို့ရဲ့ တာဝန်ပေ့ါ။ သူတို့နဲ့ တစ်ပိုင်တစ်နိုင်ဖြစ်မယ့်ဟာမျိုးပဲ ဖြစ်ရမှာပါ။ အလုပ်အကိုင်အခွင့်အလမ်း များများပေးနိုင်တဲ့ ကုမ္ပဏီတွေရှိမှ ရမှာပေ့ါ။ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ မိသားစုတွေ စား၊ ဝတ်၊ နေရေး ပြေလည်အောင် လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။”

**ပုဂ္ဂလိကအများပိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ**

“ငြိမ်းချမ်းရေးအတွက် စီးပွားရေး ဘယ်လိုပါဝင်နိုင်မလဲဆိုတဲ့ အခြေခံထားပြီး စီးပွားရေးနဲ့ နိုင်ငံတော်အစိုးရနဲ့ ပေါင်းစပ်တဲ့အခါမှာ PPP လို့ ခေါ်တဲ့ ပုဂ္ဂလိကအများပိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဖော်ပြတာပေ့ါ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့ဆိုရင် ငြိမ်းချမ်းမှုရမယ်ဆိုတာကို လက်ခံထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အစကတည်းက အပြန်အလှန် အားပြုနေတယ်။ မငြိမ်းချမ်းလို့ မဖွံ့ဖြိုး။ မဖွံ့ဖြိုးလို့ မငြိမ်းချမ်း။ ဒါကြောင့် ပဋိပက္ခဖြစ်ပွားရင် ဖွံ့ဖြိုးမှုကို နှောင့်နှေးတယ်။ ဖွံ့ဖြိုးမှုနှောင့်နှေးတော့ ပဋိပက္ခကို ပိုပြီးတော့ ကြီးထွားစေတယ်။ ဒါကိုဖြတ်နိုင်ဖို့က တစ်ခုတည်း ငြိမ်းချမ်းအောင်လုပ်မယ်။ ငြိမ်းချမ်းအောင်လုပ်မယ်ဆိုရင် ဖွံ့ဖြိုးလာမယ်။ ဖွံ့ဖြိုးအောင်လုပ်မယ်ဆိုရင် ငြိမ်းချမ်းလာမယ်။ ဒါကြောင့် ဆရာတို့အနေနဲ့ နိုင်ငံရေးရှုထောင့်ကကြည့်ရင် နိုင်ငံရေးပြေလည်အောင် အခု ပင်လုံငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေလုပ်တယ်။ ဒါနဲ့တွဲဖက်ပြီး လုပ်ရမှာက စီးပွားရေးအဆင်ပြေအောင် လုပ်ရမှာဖြစ်ပါတယ်။ ဆရာတို့ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ စီးပွားရေးအဆင်ပြေအောင် B4P ဆောင်ရွက်နေတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက “ကျွန်တော်တို့ ခြောက်ဖွဲ့ကြားမှာတော့ စီးပွားရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ သဘောထားချမှတ်ထားပါတယ်။ အဲဒီသဘောထားချမှတ်ထားပြီး လက်တွေ့ကျကျ ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုနည်းနဲ့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို သိချင်တဲ့အတွက် ဒီလို Workshop ကို လုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကဆောင်ရွက်ဖို့ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်စဉ်ကာလမှာ မိမိအဖွဲ့ရပ်တည်ရေး၊ ကျန်တဲ့မိသားစုတွေရဲ့ စား၊ ဝတ်၊ နေရေး ရှေ့ဆက်ဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ဆိုတာကို ပြောတာဖြစ်ပါတယ်။ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ထားရှိတာကတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ထူထောင်ရေးဆိုတာကတော့ အဓိကလုပ်ငန်းစဉ်ကြီး သုံးရပ်ရှိတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ် အဲဒီဖြစ်စဉ်ကြီး သုံးရပ်စလုံးက သဟဇာတရှိရှိနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုများနဲ့အတူ လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကျွန်တော်တို့ ရပ်တည်ရေးဆိုင်ရာကိစ္စတွေလည်း ကိုယ့်ဘာသာကိုယ်ထူထောင်ပြီးတော့မှ ရှေ့ဆက်ဆောင်ရွက်နိုင်ရေးအတွက် ပြီးတော့ ကျွန်တော်တို့ ဒေသအလိုက် လူထုတွေနဲ့အတူ ပါဝင်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ကြတာ ဖြစ်ပါတယ်။ အခုတက်ရောက်လာတဲ့အဖွဲ့ ခြောက်ဖွဲ့ကတော့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)နှင့် (KNU/ KNLA) (PC)ဖြစ်ပါတယ်။ လုပ်ငန်းတွေကိုဆောင်ရွက်ဖို့ ပြင်ဆင်လေ့လာနေတုန်း ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**အနှစ်ချုပ် သုံးသပ်ဆွေးနွေး**

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် DICA ၏ အခန်းကဏ္ဍခေါင်းစဉ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အနှစ်ချုပ် သုံးသပ်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**




**PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

## ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ကြပါရန် နှိုးဆော်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအနေဖြင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း၊ ဗီဒီယိုတိပ်ခွေရောင်းချခြင်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်းလုပ်ငန်းများ လိုင်စင်မဲ့ မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်လိုင်စင်များဖြင့် လုပ်ငန်းဆောင်ရွက် ကြောင်း ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီး ဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေး ကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ် အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊**
**ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၊ ပြန်ကြားရေးနှင့်**
**ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

# (၆၆)နှစ်မြောက် အီဂျစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၂၀**

(၆၆)နှစ်မြောက် အီဂျစ်နိုင်ငံ၏အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး ဒေါ်ခင်ငွေးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အီဂျစ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Khaled mohamed abdelrahamanabdelsalam တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး တည်ငြိမ်မှုရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဖြစ်ရန်မှာ နိုင်ငံအတွက် အရေးပါသည့်ကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် လတ်တလော နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်မိုးမိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။ ပထမဦးဆုံးအနေနဲ့ လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေကို သိပါရစေ။**

ဖြေ။ ။ အမေရိကန်ဒေါ်လာနဲ့ လဲလှယ်ရာမှာ မြန်မာကျပ်ငွေတန်ဖိုးဟာ ၂၀၁၈ ခုနှစ် ဇွန်လလယ်ကစပြီး ကျဆင်းလာခဲ့ပါတယ်။ အခြားငွေကြေးအများစုရဲ့ တန်ဖိုးတွေလည်း ကျဆင်းလာခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၂ ရက်မှာ အမေရိကန်တစ်ဒေါ်လာ လဲလှယ်မှုအနေနဲ့ မြန်မာကျပ်ငွေဟာ ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ ယွမ်ငွေဟာ ၄ ဒသမ ၁၈ ရာခိုင်နှုန်း၊ ကိုရီးယားဝမ်ဟာ ၄ ဒသမ ၅၉ ရာခိုင်နှုန်းနဲ့ ထိုင်းဘတ်ဟာ ၃ ဒသမ ၇၈ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ပါတယ်။ ငွေကြေးအလိုက် တန်ဖိုးကျဆင်းမှု ရာခိုင်နှုန်းကတော့ ဇယားပါအတိုင်းဖြစ်ပါတယ်။

**အမေရိကန်တစ်ဒေါ်လာနှင့် ငွေကြေးအချို့၏ လဲလှယ်နှုန်း**

| ငွေကြေး | ၁၂-၆-၂၀၁၈ | ၁၂-၇-၂၀၁၈ | တန်ဖိုးကျဆင်းမှု Depreciation (%) |
|---|---|---|---|
| မြန်မာကျပ် | ၁၃၅၄ | ၁၄၀၆ | ၃. ၇၀ |
| ယူရို | ၀. ၈၅၁၂ | ၀. ၈၅၆၅ | ၀. ၆၂ |
| စင်ကာပူဒေါ်လာ | ၁. ၃၃၆၉ | ၁. ၃၆၄၈ | ၂. ၀၄ |
| ပေါင်စတာလင် | ၀. ၇၄၉၀ | ၀. ၇၅၇၇ | ၁. ၁၅ |
| ဂျပန်ယန်း | ၁၁၀. ၄၂၅ | ၁၁၂. ၀၈၅ | ၁. ၄၈ |
| ယွမ် | ၆. ၄၀၁၈ | ၆. ၆၈၁၂ | ၄. ၁၈ |
| ကိုရီးယားဝမ် | ၁၀၇၇. ၅၅ | ၁၁၂၉. ၄ | ၄. ၅၉ |
| မလေးရှားရင်းဂစ် | ၃. ၉၉၀၅ | ၄. ၀၄၅၅ | ၁. ၃၆ |
| ထိုင်းဘတ် | ၃၂. ၀၇ | ၃၃. ၃၃ | ၃. ၇၈ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**မေး။ ။ ယခုလိုငွေကြေးတန်ဖိုးတွေ ကျဆင်းရတဲ့အကြောင်းရင်းကို သိရှိလိုပါတယ်။**

ဖြေ။ ။ သီအိုရီအရပြောရရင်တော့ ကာလတို နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုဟာ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ အတိုးနှုန်း၊ သာမန်စာရင်းလက်ကျန်၊ မတည်ငွေစာရင်းလက်ကျန်၊ ဈေးကစားမှုတွေ၊ ကမ္ဘာ့ကုန်စည်ဈေးနှုန်း ပြောင်းလဲမှုတွေနဲ့ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံတွေရဲ့ မူဝါဒပြောင်းလဲမှုတွေဟာ ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုတွေရှိပါတယ်။

ကာလရှည် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်မှု၊ ပြည်ပကြွေးမြီပမာဏ၊ အစိုးရဘတ်ဂျက်လိုငွေ၊ အရင်းအနှီး စီးဆင်းမှုနဲ့ ပြည်တွင်းပြည်ပဈေးနှုန်းတွေအပေါ်မှာ မူတည်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအခြေအနေတည်ငြိမ်မှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရမှုအပေါ်မှာလည်း မူတည်ပါတယ်။

အခုလိုမျိုး အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ်ငွေအပါအဝင် အခြားငွေကြေးတန်ဖိုးတွေ ကျဆင်းခြင်းဟာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ တရုတ်နိုင်ငံနဲ့ကုန်သွယ်ရာမှာ ကုန်သွယ်မှုလိုငွေကြာရှည်စွာ ဖြစ်ပေါ်နေတာကြောင့် ဒီကုန်သွယ်ရေးမညီမျှမှုအပေါ် ဖြေရှင်းရာမှာ သွင်းကုန်တွေအပေါ် အခွန်အပြန်အလှန်ကောက်ခံမှုကြောင့် ကမ္ဘာ့ပို့ကုန်တန်ဖိုးကျဆင်းတယ်။ အခြားဆက်စပ်နေတဲ့နိုင်ငံတွေရဲ့ ပို့ကုန်ကိုပါ ထိခိုက်စေခြင်းနဲ့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းကြောင့် အတိုးနှုန်း တဖြည်းဖြည်းမြှင့်တင်လာခြင်းနဲ့အတူ နောက်ထပ်လည်း ထပ်မံမြှင့်တင်ဖွယ်ရှိခြင်းစတဲ့ ပြည်ပအကြောင်းအရာတွေ (External Factors) နဲ့ အခြားပြည်တွင်းစီးပွားရေး အခြေအနေတွေကြောင့် ဖြစ်ပါတယ်။


ဒေါ်တင်မိုးမိုး

**မေး။ ။ နိုင်ငံခြားငွေ လဲလှယ်နှုန်း တည်ငြိမ်စေဖို့ ဆောင်ရွက်မှုနည်းလမ်းတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံရဲ့စီးပွားရေးအခြေအနေနဲ့ လိုက်လျောညီထွေရှိပြီး တည်ငြိမ်တဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီလိုငွေလဲလှယ်နှုန်းဖြစ်စေဖို့ ထိန်းကျောင်းရာမှာ နိုင်ငံရဲ့ နောက်ခံစီးပွားရေးအခြေအနေအပေါ်များစွာ မူတည်နေပါတယ်။ နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုအလားအလာကောင်းခြင်း၊ နိုင်ငံခြားသုံးသီးသန့်အရန်ငွေ (International Reserves) လုံလောက်စွာရှိခြင်း၊ သာမန်စာရင်းပိုငွေဖြစ်ပေါ်ခြင်း သို့မဟုတ်ပါက လိုငွေခေတ္တခဏသာဖြစ်ပေါ် ခြင်း၊ ပြည်ပကြွေးမြီမမြင့်မားခြင်း စတဲ့အခြေအနေကောင်းတွေရှိတဲ့ နိုင်ငံတွေ ဥပမာအနေနဲ့ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ထိုင်းနိုင်ငံတွေလိုကိုယ့်နိုင်ငံရဲ့ ငွေကြေးတန်ဖိုးကျဆင်းမှုလျော့နည်းအောင် ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေကိုသုံးသပ်ရင် IMF က မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုဟာ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် စီးပွားရေးတိုးတက်မှုအလားအလာကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ပြည်ပကြွေးမြီများတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေကို ကြည့်မယ်ဆိုရင် ပို့ကုန်ဟာ သွင်းကုန်ထက်နည်းနေပြီး လိုငွေဆက်တိုက်ဖြစ်ပေါ်လျက်ရှိတာကို တွေ့ရပါတယ်။

နိုင်ငံအနေနဲ့ နိုင်ငံခြားသီးသန့်ရန်ပုံငွေ (International Reserves) အကန့်အသတ်နဲ့ ရှိနေချိန်မှာ နိုင်ငံခြားငွေ လဲလှယ်နှုန်းတည်ငြိမ်စေဖို့အတွက် အခြားနည်းလမ်းတွေကို ထည့်သွင်းစဉ်းစားရင် ပိုမိုကောင်းမွန်မယ်လို့ ယူဆပါတယ်။

ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ စုစုပေါင်းသွင်းကုန်ပမာဏ (ယာယီ)မှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၇၂၁၁ သန်းနဲ့ ခန့်မှန်းစုစုပေါင်းပို့ကုန်ပမာဏ (ယာယီ)မှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၉၅၂ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေကတော့ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၂၅၉ သန်းဖြစ်ပါတယ်။ စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ စားသောက်ကုန်တွေ၊ အဖျော်ယမကာနဲ့ ဆက်စပ်ပစ္စည်းတွေ၊ တွင်းထွက်ထုတ်ကုန်တွေ (Mineral Products)၊ စက်နဲ့စက်ပစ္စည်းတွေ၊ လျှပ်စစ်ပစ္စည်းတွေ၊ အသံဖမ်းစက်တွေ၊ အသံလွှင့်စက်တွေ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ ပစ္စည်းတွေ၊ ယာဉ်၊ လေယာဉ်၊ လှေ၊ သင်္ဘော၊ ရေယာဉ်နဲ့ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းတွေ ၄၈ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ကုန်စည်အမျိုးအစားအလိုက် သွင်းကုန်နဲ့ ပို့ကုန်အခြေအနေကတော့ ဇယားပါအတိုင်း ဖြစ်ပါတယ်။

**ကုန်စည်အမျိုးအစားအလိုက် သွင်းကုန်နှင့် ပို့ကုန်များ (၂၀၁၆-၂၀၁၇ ခုနှစ်)**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ကုန်စည်အမျိုးအစား | သွင်းကုန် (ယာယီ) | ပို့ကုန် (ယာယီ) |
|---|---|---|---|
| ၁။ | တိရစ္ဆာန်၊ သို့မဟုတ်၊ ဟင်းသီးဟင်းရွက် အဆီများနှင့် ဆက်စပ်ပစ္စည်းများ | ၆၃၅. ၄၆ | ၁. ၂၁ |
| ၂။ | စားသောက်ကုန်များ၊ အဖျော်ယမကာနှင့် ဆက်စပ်ပစ္စည်းများ | ၁၆၄၆. ၈၉ | ၃၁. ၀၄ |
| ၃။ | တွင်းထွက်ထုတ်ကုန်များ | ၂၅၁၆. ၉၄ | ၁၇၇၇. ၀၇ |
| ၄။ | ဓာတုပစ္စည်းနှင့်ဆက်စပ်ထုတ်ကုန်များ | ၉၉၇. ၂၉ | ၆. ၄၇ |
| ၅။ | ပလတ်စတစ်ပစ္စည်းများနှင့် ရော်ဘာပစ္စည်းများ | ၆၆၀. ၇၀ | ၈၈. ၁၂ |
| ၆။ | သစ်သားနှင့် ဆက်စပ်ပစ္စည်းများ | ၃၆. ၈၂ | ၂၄၁. ၀၄ |
| ၇။ | စက္ကူသို့မဟုတ်၊ စက္ကူချပ်နှင့် ဆက်စပ်ပစ္စည်းများ | ၂၃၂. ၃၉ | ၂. ၉၉ |
| ၈။ | အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ | ၉၂၆. ၉၄ | ၁၉၄၈. ၄၅ |
| ၉။ | ဆောက်လုပ်ရေးသုံးပစ္စည်းများ (Stone, Cement, Glass, etc.) | ၂၃၅. ၈၄ | ၂. ၀၂ |
| ၁၀။ | စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အသံဖမ်းစက်များ၊ အသံလွှင့်စက်များ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာပစ္စည်းများ | ၂၃၅၀. ၃၅ | ၅၅. ၁၄ |
| ၁၁။ | (ယာဉ်၊ လေယာဉ်၊ လှေ၊ သင်္ဘော၊ ရေယာဉ်) သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ | ၁၈၆၇. ၆၉ | ၉. ၈၁ |

ဇာစ်မြစ်။ Myanmar Statistical Yearbook 2017

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်စေဖို့အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်တဲ့အခါ အတိုးနှုန်းမူဝါဒအပြင် သီးသန့်ငွေ လိုအပ်ချက်သတ်မှတ်ခြင်းနဲ့ အပ်ငွေလေလံစနစ် (Deposit Auction) တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး အစိုးရငွေတိုက်စာချုပ်နဲ့ အစိုးရငွေတိုက်လက်မှတ်တွေကို ဈေးပြိုင်လေလံစနစ်နဲ့ ရောင်းချတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် ပို့ကုန်တိုးမြှင့်ခြင်း (Export Promotion)နဲ့ လတ်တလောအရေးပါတဲ့ သွင်းကုန်ကိုဦးစားပေး ခြင်း (Import Prioritization) နဲ့ ကုန်သွယ်မှုလိုငွေလျှော့ချရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်ဖို့ ပတ်ဝန်းကျင်ဖန်တီးပေးပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက် ရေး၊ သွင်းကုန်အစားထိုးတိုးတက်စေရေး (Import Substitution) တို့အတွက် လိုက်လျောညီထွေမှုရှိတဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနဲ့ ကုန်သွယ်ရေးမူဝါဒတွေ ပေါင်းစပ်ကျင့်သုံးနိုင်ဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ **မေးမြန်း-ရှင်မင်း၊ ဓာတ်ပုံ-ရွှေကိုလေး**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# တိကျသော အချက်အလက်များနှင့် ထိရောက်သော ပညာရေးစီမံခန့်ခွဲမှုကို ဖော်ဆောင်ရေး

■ဒေါက်တာအေးအေးဝင်း

ယနေ့လက်ရှိအခြေအနေတွင် ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်ကြီးသည် ဘက်ပေါင်းစုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးသည်လည်း အထူးအရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို အားလုံးသိရှိထားပြီးဖြစ်ပါသည်။ အဆောက်အအုံတစ်ခု တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်သည် အလွန်အရေးကြီးသကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်သည့်နေရာတွင်လည်း ပညာရေးကဏ္ဍသည် အဓိကအခြေခံအုတ်မြစ်ကဲ့သို့ အရေးပါလှပါသည်။ အဆောက်အအုံ၏ လိုအပ်သော အထပ်၊ အလွှာ မြင့်မားစွာတည်ရှိနိုင်မှုနှင့် ကြီးမားကျယ်ပြန့်မှုအား ထောက်ပံ့ပေးမည့် အခြေခံအုတ်မြစ်ကို စနစ်တကျ စီစဉ်ဆောင်ရွက်ရသကဲ့သို့ နိုင်ငံတိုးတက်မြင့်မားမှုအား လိုအပ်သောအဆင့်သို့ ရောက်ရှိနိုင်ရေးအတွက် ပညာရေးကဏ္ဍအား ပိုမိုတိုးတက်မြှင့်တင်ခြင်းများကို ပထမအဆင့်အနေဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ အရည်အချင်းပြည့်ဝစေရေး ဆောင်ရွက်ကြရာဝယ် ပညာရေးကဏ္ဍမှတစ်ဆင့် စနစ်တကျ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်၍ ဆောင်ရွက်ကြရပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့်လည်း ပညာရေးတိုးတက်မှုကို အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်သွားနေကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း ပညာရေးကဏ္ဍကို အရှိန်တိုးမြှင့်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း ပညာရေးကဏ္ဍအား ပိုမိုအရှိန်မြှင့်၍ တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အလို့ငှာ Plan များ၊ Procedure များ၊ Process များကို လိုအပ်သလို ပြုပြင်ပြောင်းလဲပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော သတင်းအချက်အလက်များ တိတိကျကျ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ရရှိနိုင်ရေးသည်လည်း အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ချမှတ်ထားသော စီမံကိန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ တိတိကျကျသိရှိနိုင်ရန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်ပြီးမြောက်သော စီမံကိန်းဆောင်ရွက်ချက်၏ ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် စီမံကိန်းများကို နည်းစနစ်ကျကျ စီမံဆောင်ရွက်နိုင်ရန်အလို့ငှာ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Management Information System-MIS) များကို အသုံးပြုနေကြပြီဖြစ်ပါသည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်တိုင်းအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ အသီးသီးအလိုက် MIS များကို အသုံးပြုနေကြပါသည်။ ကျွန်ုပ်တို့ ဒေသတွင်း အာဆီယံနိုင်ငံများအနေဖြင့်လည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အလို့ငှာ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Education Management Information System – EMIS) ကို




အာဆီယံအဖွဲ့ဝင် နိုင်ငံတိုင်းလိုလို ဆောင်ရွက်အသုံးပြုလျက်ရှိနေကြပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် EMIS အား အကောင်အထည်ဖော် ဆောင်ရွက်အသုံးပြုသင့်သော အခြေအနေအချိန်အခါကျရောက်နေပြီ ဖြစ်ပါသည်။

ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် EMIS ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍများ၊ သက်မွေးပညာကျောင်းများ၊ သိပ္ပံကျောင်းများ၊ ကောလိပ်များ၊ ဒီဂရီကောလိပ်များ၊ တက္ကသိုလ်များ၏ ကျောင်းဆိုင်ရာ အချက်အလက်များ၊ ဝန်ထမ်းဆိုင်ရာ အချက်အလက်များနှင့် ကျောင်းသားအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ တိတိကျကျ သိရှိနိုင်ရန်နှင့် လိုအပ်သော စီမံခန့်ခွဲမှု၊ ဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြန်ဆန်တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော အွန်လိုင်းဆော့ဖ်ဝဲလ်စနစ်တစ်ခု ဖြစ်ပါသည်။

**ပညာရေးစာရင်းအင်းများ ကောက်ယူစုစည်းရရှိမှု အခြေအနေ**

လက်ရှိ ကျွန်ုပ်တို့နိုင်ငံ၏ ပညာရေးကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူစုစည်းဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုစနစ် သုံးစွဲမှုအားနည်းနေသေးသောကြောင့် အချိန်ကြန့်ကြာမှုများ အနည်းငယ်ရှိနေသေးသည်မှာ အားလုံးသိရှိထားပြီး ဖြစ်ပါသည်။ နည်းပညာအထောက်အကူပြုစနစ်များ သုံးစွဲမှု အခြေအနေမှာလည်း ကဏ္ဍခွဲတစ်ခုချင်းစီအလိုက်သာ တသီးတခြားစီ ဆောင်ရွက်နေမှုများကြောင့် သတင်းအချက်အလက် စုစည်းတည်ဆောက်ရာတွင်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေခဲ့ပါသည်။ ဥပမာ ကျောင်းတစ်ကျောင်း၊ ဌာနခွဲတစ်ခုခုတွင် နည်းပညာအထောက်အကူ ရယူသုံးစွဲနေပါသော်လည်း ဌာနတစ်ခု၊ ဦးစီးဌာနတစ်ခု၊ ဝန်ကြီးဌာနတစ်ခုလုံး၏ သတင်းအချက်အလက်ကို စုစည်းဆောင်ရွက်ရမည့် အခြေအနေအတွက် ခက်ခဲရှုန်းကန် ကြိုးစားနေကြရသည်မှာလည်း ပင်ပန်းလွန်းလှပါသည်။ လူသားအရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို လိုအပ်သည်ထက် ပိုမိုစိုက်ထုတ် ဆောင်ရွက်နေကြရခြင်းများရှိနေပြီး ယင်းအခြေအနေများကို ပြောင်းလဲဆောင်ရွက်သင့်နေပြီ ဖြစ်ကြောင်းကိုလည်း အခြေအနေနှင့် အချိန်အခါများက တွန်းပို့ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပညာရေးကဏ္ဍ၏ သတင်းအချက်အလက်များ မြန်ဆန်တိကျစွာ စုစည်းရယူဆောင်ရွက်နိုင်ရေးအတွက် ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် EMIS ကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သင့်သော အခြေအနေတစ်ရပ် ဖြစ်တည်နေလျက်ရှိပါသည်။

> အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက် မှန်ကန်တိကျ မြန်ဆန်စွာရရှိရေးမှာ အရေးကြီးလှပေသည်။ တိကျ၍ ထိရောက်သော ဆုံးဖြတ်ချက်များ၊ မူဝါဒများ ချမှတ်နိုင်ရေး၊ လိုအပ်သော လမ်းညွှန်ချက်များ၊ အနာဂတ် ပိုမိုတိုးတက်နိုင်ရေး စဉ်းစားစီမံဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်နေကြရသော ဌာနဆိုင်ရာ အကြီးအကဲများ၏ စီမံဆောင်ရွက်မှုများအတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးသည် အဓိကကျလှပါသည်။

**EMIS အား အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း အကြောင်းအရင်း**

အထူးသဖြင့် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက် မှန်ကန်တိကျမြန်ဆန်စွာရရှိရေးမှာ အရေးကြီးလှပေသည်။ တိကျ၍ ထိရောက်သော ဆုံးဖြတ်ချက်များ၊ မူဝါဒများချမှတ်နိုင်ရေး၊ လိုအပ်သော လမ်းညွှန်ချက်များ၊ အနာဂတ်ပိုမိုတိုးတက်နိုင်ရေး စဉ်းစားစီမံဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်နေကြရသော ဌာနဆိုင်ရာ အကြီးအကဲများ၏ စီမံဆောင်ရွက်မှုများအတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးသည် အဓိကကျလှပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals – SDGs) စောင့်ကြည့်လေ့လာရေးအတွက် National Focal အဖြစ် ဆောင်ရွက်လျက်ရှိသော ဗဟိုစာရင်းအင်းအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် "Better Data, Better Life" ဆိုသည့်အတိုင်း သတင်းအချက်များ တိကျမှန်ကန်မှုလူနေမှုဘဝများ မြင့်မားလာမည်ဆိုသည်မှာလည်း ငြင်းချက်ထုတ်ဖွယ်ရာရှိမည် မဟုတ်ပါ။

ကဏ္ဍအလိုက်၊ ဦးစီးဌာနအလိုက်၊ ဌာနခွဲအလိုက် အဆင့်ဆင့် စီမံခန့်ခွဲဆောင်ရွက်မှုများ အားလုံးအတွက် လိုအပ်သော ပညာရေးဆိုင်ရာ အချက်အလက်များကို စနစ်တစ်ခုတည်းပေါ်တွင် တစုတစည်းတည်း သိမ်းဆည်းဆောင်ရွက်နိုင်မည့် EMIS ကို မြန်မာနိုင်ငံအနေဖြင့် အသုံးပြုဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ EMIS သည် ပညာရေးကဏ္ဍအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို လိုအပ်သည့်အချိန်တွင် Updated Data ရနိုင်ရန် သိမ်းဆည်းထားပေးခြင်းနှင့် လိုအပ်သော အနှစ်ချုပ်စာရင်းဇယားများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့် စနစ်တစ်ခု ဖြစ်ပါသည်။ UN အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ပြန်ကြေညာပေးရမည့် SDGs (Goal 4) သည် ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော ပန်းတိုင်ဖြစ်ပြီး EMIS သည် Goal 4 အတွက် ထုတ်ပြန်ကြေညာပေးရန် လိုအပ်သော အညွှန်းကိန်းများကို လိုအပ်သည့်အချိန်တွင် ချက်ချင်းထုတ်ယူနိုင်ရန်အတွက်လည်း ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

**EMIS အကောင်အထည်ဖော်မှု၏ လက်ရှိအခြေအနေ**

EMIS ကို (၁)အခြေခံပညာကဏ္ဍ (BE)၊ (၂) ဝန်ထမ်းရေးရာကဏ္ဍ (HR)၊ (၃) အဆင့်မြင့်ပညာနှင့် သက်မွေးပညာကဏ္ဍ (HE/TVET)၊ (၄)ကျောင်းပြင်ပ ပညာရေးကဏ္ဍ (NFE) နှင့် (၅) ပစ္စည်းဝယ်ယူရေးနှင့် ဘဏ္ဍာရေးကဏ္ဍ (FAP) ဟူ၍ ကဏ္ဍငါးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဏ္ဍငါးခုအား Phase နှစ်ပိုင်းခွဲခြားပြီး ဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်ရာ Phase - I တွင် BE နှင့် HR ကဏ္ဍများကိုလည်းကောင်း၊ Phase – II တွင် ကျန်ကဏ္ဍများဖြစ်သော HE/TVET, NFE နှင့် FAP ကဏ္ဍများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ BE ကဏ္ဍတွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၏ ကျောင်းအချက်အလက်နှင့် ကျောင်းသားအချက်အလက်များကို သိမ်းဆည်းထားရှိပြီး HR ကဏ္ဍတွင် မြန်မာတစ်နိုင်ငံလုံးရှိ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအားလုံး၏ ကိုယ်ရေးအချက်အလက်ကို သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ကျန်ကဏ္ဍများဖြစ်သော HE/TVET နှင့် NFE ကဏ္ဍများတွင်လည်း ကျောင်းအချက်အလက်နှင့် ကျောင်းသားအချက်အလက်များကို ထည့်သွင်းသိမ်းဆည်းထားပြီး လိုအပ်သလို အနှစ်ချုပ်စာရင်းများ ထုတ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါမည်။ FAP ကဏ္ဍတွင်လည်း ပစ္စည်းဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်ကို သိမ်းဆည်းထုတ်ယူခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

EMIS အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် လက်ရှိအချိန်တွင် Phase - I ဆော့ဖ်ဝဲလ်ရေးဆွဲပြီးဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးအသီးသီးတို့မှ အသုံးပြုနိုင်ရန်အတွက် ဆော့ဖ်ဝဲလ်အသုံးပြုမှုသင်တန်း ကျင်းပပြီးစီးပြီးဖြစ်ပါသည်။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများမှလည်း ဆော့ဖ်ဝဲလ်အား အသုံးပြု၍ သတင်းအချက်အလက်များ သိမ်းဆည်းနိုင်ရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိရာ လိုအပ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်း၍ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ EMIS \ Phase - I မှာ အခြေခံပညာကဏ္ဍနှင့် ဝန်ထမ်းရေးရာကဏ္ဍများ ပါဝင်သဖြင့် အချက်အလက်များ ထည့်သွင်းခြင်းနှင့် အချက်အလက်များ အနှစ်ချုပ်များ ထုတ်ယူခြင်းတို့ကို ဆောင်ရွက်အသုံးပြုနိုင်သည့် ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်း ရရှိနေပြီဖြစ်ရာ အခြေခံပညာဦးစီးဌာနအနေဖြင့် အသုံးပြုနိုင်သည့် အသင့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

**EMIS အကောင်အထည်ဖော်ဆောင်ရွက်စဉ်ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများ**

EMIS စနစ်အား တည်ဆောက်ရာတွင် အများဆုံး ကြုံတွေ့ရသည့် အခက်အခဲများမှာ အခြေခံကျကျပင် ရှိနေပါသည်။ လိုအပ်သော အခြေခံအဆောက်အအုံ အလုံအလောက်မရှိခြင်း၊ လူသားအရင်းအမြစ်များ အလုံအလောက်မရှိခြင်း၊ ဆော့ဖ်ဝဲလ်အသုံးပြုမည့်သူများအနေဖြင့် စာရင်းအင်း၏အရေးပါမှုအား နားလည်သဘောပေါက်မှု အားနည်းခြင်းတို့သည် အဓိကရင်ဆိုင်ခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများပင် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိ အခြေခံကျောင်းများနှင့် ပညာရေးဝန်ထမ်းများအားလုံး၏ အချက်အလက်များကို သိမ်းဆည်းရာတွင် တစုတစည်းတည်းရှိနေမှသာလျှင် ပြန်လည် ထုတ်ယူအသုံးချနိုင်မှုများအတွက် လွယ်ကူမြန်ဆန်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသုံးပြုမည့် ကွန်ပျူတာဆော့ဖ်ဝဲလ်စနစ်မှာ အွန်လိုင်းဖြစ်ရန်မှာလည်း အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ အင်တာနက်ချိတ်ဆက်ပြီး အွန်လိုင်းစနစ်ဖြင့် Central Database တွင် အချက်အလက်များ စုစည်းသိမ်းဆည်းထားနိုင်မှသာလျှင် (Data Collected လုပ်နိုင်မှသာလျှင်) အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး ယုံကြည်စိတ်ချမှုရှိသော စနစ်တစ်ခုဖြစ်လာနိုင်မည် ဖြစ်ပါသည်။ ယင်းအွန်လိုင်းစနစ်ဖြစ်မြောက်ရေးသည်ပင်လျှင် အကောင်အထည်ဖော်ဆောင်ရွက်သူများအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် အခြေခံပညာကျောင်းများအားလုံးတွင် အင်တာနက်တပ်ဆင်အသုံးပြုနိုင်ရေးဆိုသည်မှာ အချိန်ယူဆောင်ရွက်ရဦးမည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် အချက်အလက်များ ကောက်ယူရာတွင် အခြေခံပညာကျောင်းများမှ အချက်အလက်များကို အချက်အလက်စုစည်းမှုပုံစံကို Hard Copy များဖြင့် ကောက်ယူစုစည်းပြီး EMIS စနစ်ထဲသို့ အချက်အလက်ထည့်သွင်းခြင်းကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ ပြုလုပ်ရန် Procedure ချမှတ်ဆောင်ရွက်ထားပါသည်။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် မြို့နယ်ပညာရေးမှူးရုံးများအားလုံး အင်တာနက်ရရှိနိုင်ရေးအား အရေးတကြီး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်နေပါသည်။ ဒုတိယအချက်အနေဖြင့် အသုံးပြုမည့် ဟာ့ဒ်ဝဲလ်ပစ္စည်းများ အလုံအလောက် ရရှိနိုင်ရေးကိုလည်း ကြိုးစားဖြေရှင်းသွားရဦးမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူးရုံးများတွင် EMIS စနစ်အား တတ်ကျွမ်းနားလည်ပြီး အစဉ်တစိုက် အသုံးပြု၍

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

အချက်အလက်များ စိစစ်ခြင်း၊ ထည့်သွင်းခြင်းနှင့် Updated ပြုလုပ်ခြင်းများ အချိန်ပြည့်ဆောင်ရွက်နိုင်မည့် ဝန်ထမ်းထားရှိနိုင်ရန်အတွက်လည်း တတိယအချက်အဖြစ် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာလျှင် EMIS တွင် ထည့်သွင်းသိမ်းဆည်းထားမည့် အချက်အလက်များမှာ Up to Date ဖြစ်နေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများတွင် EMIS လုပ်ငန်းများအား အချိန်ပြည့်တာဝန်ယူ ဆောင်ရွက်မည့် ဝန်ထမ်းသတ်သတ်မှတ်မှတ် ရှိမနေသေးခြင်းသည်လည်း EMIS အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အဟန့်အတားတစ်ခုကဲ့သို့ ဖြစ်နေခြင်းကြောင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ ယင်းအခြေအနေများကြားထဲမှပင်လျှင် EMIS စနစ်အား အောင်မြင်စွာ အကောင်အထည်ဖော် အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်လာခဲ့ရာ လက်ရှိဖြစ်တည်နေသော EMIS စနစ်၏ အခြေအနေများကို ဆက်လက်ရှင်းလင်းတင်ပြပါမည်။

အင်တာနက် တပ်ဆင်နိုင်ခြင်းမရှိသေးသော မြို့နယ်ပညာရေးမှူးရုံးများ၌ Central Data Server and Application Server ကဲ့သို့ပင် Offline Server တစ်လုံးစီထားရှိ၍ Local Area Network Connection ကို အသုံးပြုပြီးအချက်အလက်များ ထည့်သွင်းနိုင်ရန် ကြိုးစားဆောင်ရွက်ထားရှိပါသည်။ ယင်းမြို့နယ်ပညာရေးမှူးရုံးများရှိ Offline Server တွင် ထည့်သွင်းထားသော အချက်အလက်များအား လစဉ် ခရိုင်အလိုက်၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးအလိုက် စုစည်းပြီး Central Database ရှိရာ Online Server သို့ Data Export ပြုလုပ်ပြီး Updated ပြုလုပ်သွားရန် ဆောင်ရွက်ထားရှိပါသည်။ Data Entry Process အနေဖြင့်လည်း တစ်နိုင်ငံလုံးရှိ အခြေခံကျောင်းများ၏ အချက်အလက်များနှင့် ပညာရေးဝန်ထမ်းအင်အား ငါးသိန်းနီးပါး၏ ကိုယ်ရေးအချက်အလက်များနှင့် နောက်ဆက်တွဲအချက်အလက်များ ထည့်သွင်းနိုင်ရေး တစ်နည်းအားဖြင့် Baseline Data Entry Completed ဖြစ်ရေးမှာလည်း အရေးကြီးလှပါသည်။ MIS တစ်ခုအတွင်းသို့ အချက်အလက်များ ဝင်ရောက်နိုင်ခြင်းမရှိသေးလျှင် ယင်း MIS မှာ သင်္ဘောတစီးအား အပြီးသတ်တည်ဆောက်ပြီးစီး၍ ခုတ်မောင်းရန် အသင့်အနေအထားရှိနေသော်လည်း အင်ဂျင်လည်ပတ်နိုင်ရန်အတွက် လိုအပ်သော လောင်စာဆီမရှိသောကြောင့် ခုတ်မောင်းသွားလာ၍ မရနိုင်သေးသကဲ့သို့ပင် ဖြစ်နေဦးမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Baseline Data Entry ပြီးမြောက်ရေးအတွက် EMIS အား တာဝန်ယူ ဆောင်ရွက်နေသောဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် EMIS Phase-I ၏ အချက်အလက်များ အပြီးထည့်သွင်းနိုင်မည့် နည်းလမ်းအသွယ်သွယ်အား စဉ်းစားပြီး အကောင်းဆုံးနည်းလမ်းဖြင့် ရွေးချယ်ကြိုးစား ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ EMIS စနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် အချိန်မှစ၍ ယနေ့အချိန်အထိ ကြုံတွေ့ခဲ့ရသော အခက်အခဲပေါင်းများစွာကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း အသီးသီးတို့နှင့် ဝိုင်းဝန်းညှိနှိုင်းကြိုးစား၍ တရွေ့ရွေ့ ရင်ဆိုင်ကျော်ဖြတ်လာနိုင်ခဲ့ရာ တစ်နိုင်ငံလုံး ဖြန့်ဝေအသုံးပြုနိုင်မည့် အခြေအနေသို့ တဖြည်းဖြည်းချင်း ရောက်ရှိလာနေပြီ ဖြစ်ပါသည်။

**EMIS ပြီးမြောက်ပါက ရရှိမည့်အကျိုးကျေးဇူးများ**

EMIS စနစ်အား အပြည့်အဝအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပါလျှင် ရရှိခံစားရမည့် အကျိုးကျေးဇူးများမှာ လွန်စွာများပြားလှပါသည်။ ပထမဆုံးအနေဖြင့် အခြေခံကျောင်းများ၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်၊ သက်မွေးပညာကျောင်းများ၊ ကျောင်းပြင်ပပညာရေးကဏ္ဍများ၏ အချက်အလက်များကို Updated ရရှိနိုင်ခြင်းကြောင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသော လမ်းညွှန်ချက်များ၊ စီမံကိန်းများ၊ မူဝါဒများ ချမှတ်ပေးမည့် ဌာနဆိုင်ရာ တာဝန်ရှိအကြီးအကဲများ အနေဖြင့် ဆောင်ရွက်ချက်များ ပိုမိုအဆင်ပြေမြန်ဆန်နိုင်မည်ဖြစ်ပါသည်။ ယင်းသည်ပင်လျှင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေသော ကျွန်ုပ်တို့၏ အမိနိုင်ငံတော်ကြီးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ဌာန၊ ကျောင်း၊ ရုံးအတွင်း စီမံခန့်ခွဲဆောင်ရွက်မှုများ၊ ဌာနတစ်ခုနှင့်တစ်ခု၊ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း၊ ရုံးတစ်ရုံးနှင့်တစ်ရုံး အသီးသီးချိတ်ဆက်ဆောင်ရွက်မှုများအတွက် လိုအပ်သောအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ ထုတ်ယူပို့ဆောင်သုံးစွဲနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာပေးရမည့် အညွှန်းကိန်းအစီရင်ခံစာများအတွက် လိုအပ်သော အချက်အလက်များမှာ Updated ဖြစ်၍ ပိုမိုတိကျမှန်ကန်ပြီး အချိန်မီထုတ်ပြန်နိုင်မည်ဖြစ်ပါသည်။ သို့မှသာလျှင် လက်ရှိအခြေအနေမှန်ကို သိရှိ၍ နိုင်ငံတကာ၏ ပံ့ပိုးကူညီဆောင်ရွက်ချက်များမှာ လက်တွေ့သဘောသဘာဝနှင့် တိုက်ရိုက်ကိုက်ညီမှုရှိနိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ပညာရေးကဏ္ဍမှာလည်း များမကြာတော့မည့်အချိန်တွင် EMIS စနစ်ကို အသုံးပြု၍ စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ "လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်" ဆိုသော စကားနှင့်အညီ EMIS စနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများမှာလည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးအနေဖြင့် ပါဝင်ပတ်သက် ဆောင်ရွက်ရမည့်ဌာနများ၏ ပြိုင်တူတွန်းအားကြောင့် ရွေ့နေသည်မှာ အရှိန်အနည်းငယ် ရရှိစပြုနေပြီဖြစ်ပါသည်။

သို့ပါသော်လည်း EMIS Phase - I တည်ဆောက်ခြင်း အောင်မြင်စွာပြီးမြောက်ပြီး အခြေခံပညာကဏ္ဍ၏ မြို့နယ်အားလုံးတွင် ပုံမှန်အသုံးပြုနိုင်ရေးနှင့် Phase - II အတွက် ဆော့ဖ်ဝဲလ် ရေးဆွဲအကောင်အထည်ဖော်တည်ဆောက်ရေးတို့တွင် အခက်အခဲများနှင့် စိန်ခေါ်မှုများ ထပ်မံကြုံတွေ့နိုင်ဦးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပါဝင်ပတ်သက်ဆောင်ရွက်ရမည့် တာဝန်ရှိပုဂ္ဂိုလ်အသီးသီးတို့ကလည်း အဘက်ဘက်မှ အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ပါဝင်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာ အောင်မြင်စွာ ပြီးမြောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများမှာ တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်နိုင်ရန်မှာ မဖြစ်နိုင်သောကြောင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြပါရန်အတွက်လည်း မေတ္တာရပ်ခံ၍ တိုက်တွန်းလိုပါသည်။ သို့မှသာလျှင် မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍအား ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်မည့် စီမံကိန်းများအတွက် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ချက်များသည် ထိရောက်မှုရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် e-Government အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသော မြန်မာနိုင်ငံအနေဖြင့်လည်း EMIS သည် e-Government အောင်မြင်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ချိတ်ဆက်ထောက်ပံ့ပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာ့နိုင်ငံများနည်းတူ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံသည်လည်း ပြင်ပအဖွဲ့အစည်းများ၏ နည်းပညာအထောက်အပံ့များ ရယူကာ စည်းကမ်းရှိ၍ အရည်အချင်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အရှိန်အဟုန်မြင့်မားစွာဖြင့် လျှောက်လှမ်းလျက်ရှိပါသည်။ ထိုအထဲတွင်မှ အခြေခံကျကျ တိုးတက်ရန် ဆောင်ရွက်ရေးအတွက် ပညာရေးကဏ္ဍအား အထောက်အကူပြုမည့် "ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် EMIS" ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်နှင့် စနစ်တကျမှန်မှန်ကန်ကန် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ သိမ်းဆည်းနိုင်ရန် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"ဆိုသည့်အတိုင်း တိကျသော သတင်းအချက်အလက်များနှင့် ထိရောက်သော ပညာရေးစီမံခန့်ခွဲမှုများဖြင့် ပညာရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။



# မောင်တောမြို့နယ်ရှိ ကျေးရွာ ၁၄ ရွာမှ ပြည်သူများအား အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မောင်တော ဇူလိုင် ၂၀**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (Community Development Association-CDA)တို့ ပူးပေါင်း၍ မောင်တောမြို့နယ် သစ်တုံးနားခွဆုံနှင့် ရွှေဇားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ပြည်သူများအား အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မောင်တောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

"အခုထောက်ပံ့ပေးအပ်တာက နှစ်ကြိမ်မြောက်ဖြစ်ပါတယ်။ ဇွန် ၃၀ ရက်က ပထမတစ်ကြိမ်အဖြစ် အိမ်ထောင်စုတစ်စုကို ဆပ်ပြာနှစ်တောင့်၊ ဆိုလာခေတ်မီးနဲ့ ဖိနပ်သုံးရန်စီ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ အခုတစ်ကြိမ်မှာတော့ ကျေးရွာ ၁၄ ရွာမှာရှိတဲ့ အိမ်ထောင်စု ၆၈၇ စုမှာ မိသားစုတစ်စုကို စတီးအိုး သုံးလုံး၊ စတီးပန်းကန်ပြား လေးချပ်၊ စတီးဇလုံနှစ်လုံး၊ စတီးဇွန်း လေးချောင်း၊ သွားတိုက်တံ သုံးချောင်း၊ သွားတိုက်ဆေး တစ်ဘူးစီ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ နောက်ထပ်လည်း ထောက်ပံ့ပေးမယ့် အစီအစဉ်တွေရှိပါတယ်" ဟု စစ်တွေမြို့ လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ပြောသည်။

ယနေ့ ထောက်ပံ့ပေးအပ်သည့် အိမ်သုံးပစ္စည်းများကို သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုမှ တာဝန်ခံ ကိုယ်စားလှယ် ၁၀ ဦးနှင့် ရွှေဇားကျေးရွာအုပ်စုမှ တာဝန်ခံကိုယ်စားလှယ် လေးဦး စုစုပေါင်း ကျေးရွာ ၁၄ ရွာတို့မှ တာဝန်ခံကိုယ်စားလှယ် ၁၄ ဦးက မောင်တောမြို့ပေါ်သို့ လာရောက်ထုတ်ယူကြခြင်းဖြစ်သည်။

သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု ကြိမ်ချောင်းကျေးရွာ တာဝန်ခံကိုယ်စားလှယ် ဦးအောင်ဘော်က "အခုလိုတာဝန်ရှိသူတွေက ထောက်ပံ့ပေးအပ်တာကို ကျေးရွာပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ တာဝန်ခံကိုယ်စားလှယ်တွေအနေနဲ့ အထောက်အပံ့ပစ္စည်းတွေကို မောင်တောမြို့ပေါ်ကို လာရောက်ထုတ်ယူပြီး အိမ်ထောင်စုတစ်စုချင်းစီကို မျှမျှတတ ပြန်လည်ဝေငှပေးပါတယ်"ဟု ပြောသည်။

အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့် ကျေးရွာများမှ တာဝန်ခံ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

**❂ တနင်္သာရီမြစ်ရေမှ**

ဆက်လက်၍ တကူကျေးရွာမှ ပြည်အေးရပ်ကွက်နှင့် အင်းရှည်ကုန်းရပ်ကွက်တို့ရှိ လူနေအိမ် ၂၉ လုံးမှ မိသားစုများကို နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း၊ မြေမအုံ၊ ရေပေါ်၊ ဘန်းလော(အနောက်)၊ ဟိန်းလတ်၊ မြရာချောင်း၊ တလိုင်းတပ်၊ သူဌေးအရှေ့၊ ဘန်းပြည့် (အရှေ့)၊ ဘန်းပြည့် (အနောက်)၊ ဘန်းသဲ၊ သာရဘွင်ရွာမ်၊ ချောင်းလမုကျေးရွာတို့ရှိ လူနေအိမ် ၁၈၃ လုံးမှ မိသားစုများကို ကယ်ဆယ်ရေးစခန်းနှင့် နီးစပ်ရာဆွေမျိုးများ အိမ်သို့လည်းကောင်း အသီးသီးပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ယာယီပြောင်းရွှေ့**

အဆိုပါ တနင်္သာရီမြစ်ရေလျှံမှုကြောင့် ဇူလိုင် ၁၅ ရက်မှ ၂၀ ရက်အထိ တနင်္သာရီမြို့နယ်အတွင်း ပြောင်းရွှေ့နေထိုင်သည့် ကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်သည့် အိမ်ခြေစုစုပေါင်း ၅၄၁ လုံးမှ လူဦးရေစုစုပေါင်း ၂၈၄၂ ဦး ဖြစ်ကြောင်း သိရသည်။

"တနင်္သာရီမြို့မှာ ရေမကြီးတာ လေးနှစ်လောက်ရှိပြီ အခုနှစ်မှရေကပြန်ကြီးတာ။ တနင်္သာရီမြို့မှာ ရေအကြီးဆုံးနှစ်ကတော့ ၁၉၉၄ ခုနှစ်မှာ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ပြီး အမြင့်ဆုံးရေမှတ် ၃၆ ပေ အထိ ရေတက်ရောက်ခဲ့ဖူးတယ်။ အခုဒီနှစ်မှာ ပြန်ပြီးတော့ ရေကြီးတယ်။ ဒါကြောင့် အိမ်မှာမနေဘဲ ရိပ်ယာကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းမှာ လာရောက်ပြီးတော့ နေရတာပါ။ ကယ်ဆယ်ရေးစခန်းမှာကျတော့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအားလုံး အဆင်ပြေပါတယ်"ဟု တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သီတာလမ်းနေ ဦးလှတင်က ပြောသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ရေဘေးသင့်ပြည်သူများအား တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဇူလိုင် ၁၉ ရက် ည ၇ နာရီခန့်က တနင်္သာရီမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် နေရာများသို့သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဇွန်လအထိ | ၂၀၁၈ ဇွန်လအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၆၄၄၃၄၂ | ၆၅၁၉၈၆ | ၇၆၄၄ | (+) ၁ % |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၉၂၄ | ၆၈၈၀ | ၂၉၅၆ | (+) ၇၅ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းအထိလာရောက်သူများ | ၂၀၃၉၅ | ၂၃၂၃၄ | ၂၈၃၉ | (+) ၁၄ % |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | **၆၆၈၆၆၁** | **၆၈၂၁၀၀** | **၁၃၄၃၉** | **(+) ၂ %** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၀၉၀၆၄၉ | ၁၀၃၉၉၄၉ | -၅၀၇၀၀ | (-) ၅ % |
| | **စုစုပေါင်း** | **၁၇၅၉၃၁၀** | **၁၇၂၂၀၄၉** | **-၃၇၂၆၁** | **(-) ၂ %** |

# အင်ဒိုနီးရှားသမ္မတဟောင်း ဆူဟာတို၏သားထွေး လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟုဆို



**ဂျကာတာ ဇူလိုင် ၂၀**
အင်ဒိုနီးရှားနိုင်ငံ၌ တရားရုံးချုပ် တရားသူကြီးတစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ညွှန်ကြားခဲ့မှုဖြင့် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံခဲ့ရသူလည်းဖြစ်၊ အာဏာရှင်သမ္မတဟောင်း ဆူဟာတို၏ သားထွေးလည်းဖြစ်သူ တိုမီဆူဟာတိုသည် လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ၎င်း၏ နိုင်ငံရေးပါတီက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အသက် ၅၆ နှစ်ရှိ တိုမီသည် နိုင်ငံအရှေ့ပိုင်း ပါပူဝါပြည်နယ်မှ လွှတ်တော်အမတ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိုကြောင်း ဘာခါယာပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပါပူဝါပြည်နယ်သည် နယူးဂီနီကျွန်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး တိုမီ၏ဖခင် ဆူဟာတို၏လက်ထက် ၁၉၆၉ ခုနှစ်တွင် ကုလသမဂ္ဂကထောက်ခံသော ပြည်သူ့ဆန္ဒခံယူပွဲအပြီး အင်ဒိုနီးရှားနိုင်ငံ၏ အချုပ်အခြာအာဏာအောက်သို့ ရောက်ရှိလာခဲ့သည်။

အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ပါပူဝါပြည်နယ်တွင် ထိုအချိန်မှစ၍ အင်ဒိုနီးရှားအောက်မှ လွတ်လပ်ရေးရရှိရန် ဦးတည်သည့် ခွဲထွက်ရေးလှုပ်ရှားသူများက သူပုန်ထမှု ပြုလုပ်လာခဲ့သည်။

တိုမီသည် ဘာခါယာပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် လာမည့်ဧပြီလတွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပါပူဝါပြည်သူတို့က ၎င်းအား အပြည့်အဝထောက်ခံကြောင်း ပါတီအထက်တန်းတာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

တိုမီ၏ ဖခင်ဖြစ်သူ မစ္စတာဆူဟာတိုသည် ပါပူဝါဒေသအား လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကြောင်း၊ တိုမီသည် ပါပူဝါပြည်နယ်ကို ချစ်ခင်မြတ်နိုးသူဖြစ်ပြီး ယင်းဒေသ၏ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရရန် လိုလားကြောင်း ပါတီ တာဝန်ရှိသူက ပြောကြားသည်။

**အေအက်ဖ်ပီ**




# လွန်ခဲ့သောနှစ် ၂၀ အတွင်း မြောက်ကိုရီးယား၏ စီးပွားရေးအခြေအနေ ဆိုးရွားစွာကျဆင်း

**ဆိုးလ် ဇူလိုင် ၂၀**
နိုင်ငံတကာ စီးပွားရေးပိတ်ဆို့မှုများကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၇ ခုနှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံးကျဆင်းသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်က သတင်းတစ်ရပ် ယနေ့ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)သည် ၂၀၁၆ ခုနှစ်မှစပြီး ၃ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်ဟု တောင်ကိုရီးယားဗဟိုဘဏ် တာဝန်ရှိသူများက ခန့်မှန်းပြောကြားခဲ့သည်။ ထိုကဲ့သို့ ဂျီဒီပီတန်ဖိုးလျော့ကျမှုသည် ၂၀၁၅ ခုနှစ်ကစပြီး ပထမဆုံးအကြိမ် စီးပွားရေး ဆိုးရွားစွာကျဆင်းမှုဖြစ်သည်ဟု တောင်ကိုရီးယား ဗဟိုဘဏ် တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ တွင်းထွက်ပစ္စည်းများ တင်ပို့ရောင်းချမှုကို လွန်ခဲ့သောနှစ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်ခဲ့ခြင်းကြောင့် နိုင်ငံ၏ သတ္တုတွင်းကဏ္ဍသည် ၁၁ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

နိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ပြည်တွင်း စုစုပေါင်းထုတ်ကုန်တန်ဖိုးသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ပြီး မိုးခေါင်ပူပြင်းခြောက်သွေ့မှုကြောင့် စိုက်ပျိုးရေး၊ သစ်တောထွက်ကုန်များအပါအဝင် ရေလုပ်ငန်းကဏ္ဍများတွင် ၁ ဒသမ ၃ ရာခိုင်နှုန်း လျော့ကျသွားခဲ့ရကြောင်း သိရသည်။

နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ(၁၅ ရာခိုင်နှုန်း)လျော့ကျသွားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုကြောင့် နှစ်ပေါင်းများစွာ စီးပွားရေးကျဆင်းလာခဲ့ရသည်။ သို့သော် ယမန်နှစ်က ၎င်း၏ ကုန်သွယ်ရေးမဟာမိတ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက ကုန်သွယ်မှုစည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ခဲ့သည့်အတွက် ရှေးယခင်နှစ်များထက် ယမန်နှစ်တွင် စီးပွားရေး ဆိုးရွားစွာ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆွီဒင်နိုင်ငံ၌ နေရာပေါင်း ၅၀ ခန့်တွင် တောမီးလောင်မှုဖြစ်ပွား

**စတော့ဟုမ်း ဇူလိုင် ၂၀**
ဆွီဒင်နိုင်ငံတွင်ဖြစ်ပွားနေသည့် တောမီးလောင်မှုအခြေအနေသည် ယခုထက်ပို၍ ပိုမိုဆိုးရွားလာဖွယ်ရှိသည်ဟု တာဝန်ရှိသူများက သတိပေးပြောကြားလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွီဒင်ဝန်ကြီးချုပ် စတီဖင်လော့ဖ်ဗန်သည် နိုင်ငံ၏ မြို့ပြဆိုင်ရာ အရေးပေါ်ကိစ္စများအေဂျင်စီအကြီးအကဲ ဒန်အဲလီဆန်နှင့်အတူ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ဆွီဒင်နိုင်ငံရှိ နေရာ ၅၀ခန့်၌ တောမီးလောင်မှုများ ဆက်လက်ဖြစ်ပွားနေပြီး မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ဝန်ကြီးချုပ် စတီဖင်လော့ဖ်ဗန်သည် ယမန်နေ့က တောမီးလောင်ကျွမ်းမှု ဆိုးရွားစွာဖြစ်ပွားနေသည့် နေရာတစ်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး တောမီးလောင်မှု အလွန်ပြင်းထန်လှသည်ဆို၏။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့ထံမှ အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို လက်ခံရရှိကြောင်း ၎င်းက ပြောကြားသည်။

ဆွီဒင်နိုင်ငံတွင် လတ်တလောဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောမြေဧရိယာ ကုဗမီတာ နှစ်သန်းနီးပါး မီးလောင်ကာ ဆုံးရှုံးရကြောင်း ခန့်မှန်းထားသည်။ တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးရမှုတန်ဖိုးမှာ ဆွီဒင်နိုင်ငံသုံးငွေ ခရိုနာ သန်း ၆၀၀ နီးပါးရှိကြောင်း၊ ဆွီဒင်နိုင်ငံ၏ နေရာအနှံ့အပြားတွင် တောမီးများ ကူးစက်လောင်ကျွမ်းနေပြီး မီးသတ်သမားများက တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြကြောင်း သတင်းတွင်ဖော်ပြသည်။

ဆွီဒင် မီးသတ်နှင့် ကယ်ဆယ်ရေးဌာနများသည် အခက်အခဲဆုံးအခြေအနေနှင့် ကြုံတွေ့နေရကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆွီဒင်နိုင်ငံ၏ ယခုနှစ်နွေရာသီသည် ထူးထူးခြားခြား ခြောက်သွေ့လျက်ရှိပြီး မိုးခေါင်မှုကြောင့် တောင်သူလယ်သမားများ အခက်ကြုံနေရကာ အစိုးရက နိုင်ငံတော်အဆင့် အထောက်အပံ့ပေးမှုများ ပြုလုပ်ရဖွယ်ရှိသည်။

မိုးခေါင်မှု ဆက်လက်ဖြစ်ပွားနေပါက တောမီးလောင်မှုများကို ငြိမ်းသတ်နိုင်ဖွယ်မရှိဘဲ ဆက်လက်ဆိုးရွားလာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ**







# ဆေးခြောက်ကို တရားဝင်ခွင့်ပြုပေးရန် သင့်၊ မသင့် လက်ဘနွန်လွှတ်တော်တွင် အမတ်များဆွေးနွေးမည်

**ဘေရွတ် ဇူလိုင် ၂၀**
လက်ဘနွန်နိုင်ငံ၌ ကျဆင်းနေသောစီးပွားရေး ပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ဆေးဖြစ်ဝါးဖြစ်အသုံးပြုနိုင်သော ဆေးခြောက်ကို သုံးစွဲခြင်း၊ စိုက်ပျိုးခြင်းနှင့် ရောင်းချခြင်းတို့ကို ဥပဒေအရ ခွင့်ပြုပေးရန် သင့်၊ မသင့် လွှတ်တော်အမတ်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆေးဖြစ်ဝါးဖြစ် သုံးစွဲနိုင်သော ဆေးခြောက်ကို ဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်ရေးအတွက် ဥပဒေမူကြမ်းတစ်ရပ်ကို လွှတ်တော်အမတ်များက မကြာမီ သုံးသပ်လေ့လာသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ နာဘီဘာရီက ထုတ်ပြန်ကြေညာသည်။

ဥရောပနိုင်ငံအများအပြားနှင့် အမေရိကန်ပြည်နယ်အချို့တွင် ဆေးခြောက်ကို ဆေးဖြစ်ဝါးဖြစ် သုံးစွဲခြင်းကို ခွင့်ပြုပေးထားသည့်နည်းတူ မိမိတို့နိုင်ငံတွင်လည်း တရားဝင်ခွင့်ပြုပေးရန် သင့်၊ မသင့် သုံးသပ်လေ့လာသွားမည်ဖြစ်ကြောင်း နာဘီက ပြောကြားသည်။

**အေအက်ဖ်ပီ**

# စပါးအသင်း တိုက်စစ်မှူး ဆွန်ဟောင်မင် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆို




စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး စပါးအသင်းမှာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမှာဖြစ်ပါတယ်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ကိုရီးယားကြယ်ပွင့် ဆွန်ဟောင်မင်ဟာ ၂၀၁၅ ခုနှစ်က ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းကနေ စပါးအသင်းကို ပြောင်းရွှေ့လာခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အဲဒီလို စပါးအသင်းကို ပြောင်းရွှေ့လာတဲ့အချိန်ကစပြီး လန်ဒန်အခြေစိုက်စပါးအသင်းနဲ့အတူ ပွဲပေါင်း ၁၄၀ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၄၇ ဂိုးအထိသွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း စပါးအသင်းနဲ့အတူ ပွဲပေါင်း ၅၅ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၅၃ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဆွန်ဟောင်မင်ဟာ အခုနှစ် ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း တောင်ကိုရီးယားအသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး တောင်ကိုရီးယားအသင်းက ဂျာမနီအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း တစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်းကလည်း ပရီမီယာလိဂ်သမိုင်းမှာ အာရှရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ်ရပ်တည်ခဲ့တာဖြစ်ပါတယ်။ အဲဒါဟာ ဆွန်ဟောင်မင်အတွက်တော့ မန်ယူကွင်းလယ်ကစားသမားဟောင်း ပက်ဂျီဆန်ရဲ့ သွင်းဂိုးစံချိန်ကိုကျော်လွန်ခဲ့တာဖြစ်ပါတယ်။



# စာချုပ်သစ်မချုပ်ဆိုခဲ့ပါက စတာလင်အား မန်စီးတီးအသင်း ရောင်းချမည်ဟုဆို

မန်စီးတီးအသင်းသည် အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် စတာလင်အား စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် စီစဉ်လျက်ရှိပြီး ထိုသို့ စာချုပ်သစ်ချုပ်ဆိုခြင်းမပြုခဲ့ပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် စတာလင်အား ကမ္ဘာ့ဖလားပြိုင်ပွဲမကျင်းပမီ အချိန်ကတည်းက စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းထားခဲ့ကြောင်း သိရသည်။

စတာလင်သည် မန်စီးတီးအသင်းနှင့်အတူ လက်ရှိတွင် တစ်ပတ်လုပ်ခလစာပေါင် ၁၇၀၀၀၀ ရရှိထားသူဖြစ်ပြီး ပြည်ပကလပ်အသင်းများကလည်း အင်္ဂလန်တိုက်စစ်မှူး စတာလင်အား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

စတာလင်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ ခြေစွမ်းမပြနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ သွင်းဂိုး ၂၃ ဂိုး သွင်းယူနိုင်ခဲ့ပြီး ယင်းသွင်းဂိုးသည် စတာလင်အတွက် အောင်မြင်မှုအရှိဆုံးဘောလုံးရာသီလည်းဖြစ်လာခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် တိုက်စစ်မှူး စတာလင်အား စာချုပ်သစ်ချုပ်ဆိုရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ စတာလင်၏ မန်စီးတီးအသင်းနှင့် လက်ရှိစာချုပ်သည် ၂၀၂၀ ပြည့်နှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အဆိုပါကစားသမားအား စာချုပ်သစ်ချုပ်ဆိုရန် မန်စီးတီးအသင်းက စီစဉ်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် တိုက်စစ်မှူး စတာလင်အား ၂၀၁၅ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသက်အရွယ်အားဖြင့် ၂၃ နှစ်သာ ရှိသေးခြင်းကြောင့် ခြေစွမ်းကောင်းများ ထပ်မံမြင်တွေ့လာနိုင်ခြင်းကြောင့် မန်စီးတီးအသင်းက စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

# အသက် ၂၁ နှစ်အောက် ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားအဖြစ် ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ပီ ထိပ်ဆုံးမှ ဦးဆောင်နေ

ကမ္ဘာ့ဖလားကို နှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တဲ့ လက်ရှိကမ္ဘာ့ဖလားချန်ပီယံပြင်သစ်အသင်း၏ လူငယ်တိုက်စစ်မှူး မက်ပီသည် နောက်ဆုံးထွက်ပေါ်လာသည့်သတင်းများအရ ကမ္ဘာ့ဈေးအကြီးဆုံးလူငယ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားကို ရွေးချယ်ရာတွင် အသက်အရွယ်၊ ကစားသည့်နေရာ၊ ကစားသည့်ကလပ်၊ စာချုပ်သက်တမ်း၊ ဈေးကွက်တန်ဖိုးတွက်ချက်မှု၊ နိုင်ငံတကာပွဲစဉ်ပါဝင်ကစားသည့်ပွဲစဉ်၊ ဒဏ်ရာရရှိမှုအခြေအနေ၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုနှင့် ဂိုးသွင်းယူနိုင်မှုတို့အပေါ် မူတည်ပြီး တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပီအက်စ်ဂျီလူငယ်တိုက်စစ်မှူး မက်ပီသည် ပြင်သစ်အသင်း ကမ္ဘာ့ဖလားရရှိခဲ့ရာတွင် အဓိကအရေးပါသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ခြင်းကြောင့် တန်ဖိုးအားဖြင့် ပေါင် ၁၇၁ ဒသမ ၅ သန်းနှင့်အတူ ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားအဖြစ် ရပ်တည်လာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နှင့် ပီအက်စ်ဂျီတိုက်စစ်မှူး မက်ပီ၏ နောက်တွင် အင်္ဂလန်နှင့် မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က တန်ဖိုး ၇၉ ဒသမ ၆ သန်းဖြင့် ဒုတိယကမ္ဘာ့ဈေးအကြီးဆုံးကစားသမားအဖြစ်ရပ်တည်နေသည်။

မက်ပီနှင့် ရက်ရှ်ဖို့ဒ်တို့၏ နောက်တွင် ကမ္ဘာ့ဈေးအကြီးဆုံးလူငယ်ကစားသမားအဖြစ် မန်စီးတီးလူငယ်တိုက်စစ်မှူး ဂျီးဆပ်က တတိယနေရာတွင် ရပ်တည်လျက်ရှိပြီး တန်ဖိုးအားဖြင့် ပေါင် ၇၈ ဒသမ ၅ သန်း သတ်မှတ်ထားကြောင်း သိရသည်။

အသက် ၂၁ နှစ်အောက် ကမ္ဘာ့ဈေးအကြီးဆုံးလူငယ်ကစားသမားစာရင်းကို ဖော်ပြရမည်ဆိုပါက ထိပ်ဆုံးတွင် မက်ပီ၊ ဒုတိယနေရာတွင် ရက်ရှ်ဖို့ဒ်၊ တတိယနေရာတွင် ဂျီးဆပ်တို့ရပ်တည်နေပြီး အဆင့်(၄)နေရာတွင် ဒမ်ဘီလီ(ဘာစီလိုနာ)က ပေါင် ၇၅ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ အဆင့်(၅)နေရာတွင်မယ်ကွန်(ဘော်ဒိုး)က ပေါင် ၅၇ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ အဆင့်(၆) နေရာတွင် ချီဆာ(ဖီအိုရင်တီးနား)က ပေါင် ၅၆ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ အဆင့်(၇)နေရာတွင် ဒွန်နာအမ်မာ(အေစီမီလန်)က ပေါင် ၅၆ သန်းဖြင့်လည်းကောင်း၊ အဆင့်(၈)နေရာတွင် ပူလီဆစ်(ဒေါ့မွန်)က ပေါင် ၅၄ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ အဆင့်(၉)နေရာတွင် လီယွန်ဘေလေ(လေဗာကူဆင်)က ပေါင် ၅၀ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ အဆင့်(၁၀)နေရာတွင် အိုယာဇာဘယ်(ရီးယဲလ်ဆိုစီဒက်)က ပေါင် ၄၅ ဒသမ ၈ သန်းဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမား စာရင်းကို ကစားသမား ၂၀ အထိ သတ်မှတ်ထားခဲ့ပြီး အဆိုပါကစားသမားစုစုပေါင်း၏ တန်ဖိုးကို ယူရိုတစ်ဘီလီယံ(ပေါင် ၈၉၃ ဒသမ ၄ သန်း)ဟု သတ်မှတ်ထားကြောင်းသိရသည်။

အဆိုပါကစားသမား ၂၀ ထဲတွင် ဖူဟမ်ကစားသမား ဆက်ဆက်နွန်မှာ နိုင်ငံတကာပွဲစဉ်တစ်ပွဲမှ ပါဝင်ကစားထားခြင်းမရှိသော်လည်း ပေါင် ၄၅ ဒသမ ၈ သန်းဖြင့် အဆင့်(၁၁)နေရာတွင် ရပ်တည်လျက်ရှိကြောင်းသိရသည်။

ငွေကြယ် - ရေးသားသည်



# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှု အထူးတရားခုံရုံးသို့ တရားခံ ကြည်လင်းနှင့် ပါဝင်ပတ်သက်သူများ ၆၂ ကြိမ်မြောက် ရုံးထုတ်

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့် လုပ်ကြံခံရမှု၌ သေနတ်သမား တရားခံ ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ၆၂ ကြိမ်မြောက် ရုံးထုတ်ရောက်ရှိ၍ အမှု၌ ပါဝင်ပတ်သက်သူ လေးဦးအနက် အောင်ဝင်းဇော်ကို ထပ်မံစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံး ဒုတိယခရိုင်တရားသူကြီးထံမှ သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ဇူလိုင် ၁၂ ရက် အကြိမ် ၆၀ မြောက် ရုံးချိန်း၌ တရားခံ ကြည်လင်း(ခ)ဖိုးထူးအား ၎င်း၏ဆန္ဒအရ တရားခံစစ် စစ်ဆေးပြီးနောက် အထူးခုံရုံးသို့ ယခင်စွဲချက်အမိန့်ချမှတ်စဉ်က တရားခံပြသက်သေမှာ တရားခံ ကြည်လင်းက ၁၀ ဦး၊ အောင်ဝင်းဇော်က ၁၂ ဦးသာ မူလအတိုင်း တင်ပြထားပြီး အောင်ဝင်းထွန်းက ၁၆ ဦး တင်ပြထားရာမှ နှစ်ဦး ထပ်တိုးတင်ပြသည့်အတွက် ပေါင်း ၁၈ ဦးဖြစ်ကြောင်း၊ ဇေယျာဖြိုးက ယခင် ၁၂ ဦးအနက် ၁၆ ဦး ထပ်မံတိုးသဖြင့် ပေါင်း ၂၈ ဦးဖြစ်ကြောင်းနှင့် မြောက်ပိုင်းခရိုင်အထူးတရားရုံး အမှုအမှတ် ၄၅/၂၀၁၇ လက်နက်မှုကနေ တရားခံပြသက်သေ စုစုပေါင်း ၆၈ ဦး ထပ်မံတိုးမြှင့်တင်ပြထားရာ တင်ပြချက်အပေါ် နှစ်ဖက်ရှေ့နေများအား ကန့်ကွက်ရန် ရှိ၊ မရှိ မေးမြန်းရာ မရှိကြောင်း ပြန်လည်ပြောကြားသဖြင့် အထူးတရားခွင်မှ လက်ခံအတည်ပြုကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနှင့် စွဲဆိုထားမှုအပေါ် အောင်ဝင်းဇော်ကို တရားလိုဘက်က သက်သေခံအဖြစ် တင်သွင်းထားတဲ့ စာရွက်စာတမ်းတွေ၊ CCTV မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ပြီး အပြန်အလှန် ကျယ်ကျယ်ပြန့်ပြန့် စစ်မေးတာဖြစ်ပါတယ်။ စစ်ဆေးတာမပြီးဆုံးသေးတဲ့အတွက် ဇူလိုင် ၂၆ ရက်မှာ အောင်ဝင်းဇော်ကိုပဲ ထပ်မံစစ်ဆေးဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

သတင်းနှင့်ပြန်ကြားရေးအရာရှိက အောင်ဝင်းဇော်သည် အခင်းဖြစ်စဉ်က ဝတ်ထားသည့် ဘောင်းဘီနှင့်ပတ်သက်၍ အထောက်အထားသက်သေအဖြစ် အမှုလိုက်တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်က ယနေ့ တင်သွင်းကြောင်း၊ သက်သေခံတင်သွင်းသည့် ဘောင်းဘီအပေါ် အထူးတရားခုံရုံး တရားသူကြီးများက နှစ်ဖက်လျှောက်လဲချက်ကို သင့်မသင့် ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ပြီးနောက် လက်မခံကြောင်းအမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမာမြို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၅ အိမ်နှင့် အလုပ်ရုံ လေးရုံ ပျက်စီး

**အမာ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ အမှတ်(၁)ရပ်ကွက်နှင့် ဘဝသစ်ကျေးရွာအုပ်စု ခတ္တာကျွန်းကျေးရွာတို့တွင် ယနေ့ နံနက် ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်ခံရသောကြောင့် လူနေအိမ်များနှင့် အလုပ်ရုံများ ပြိုကျပျက်စီးခဲ့ပြီး အိမ်ထောင်ပရိဘောဂများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်းနှင့် ကမ်းကပ်ထားသော လိုင်းပြေးဆွဲနေသည့် သင်္ဘောတစ်စင်းမှောက်ပြီး ၁၂ တောင် ဘောက်တူတစ်စင်း ပျက်စီးခဲ့ကြောင်း သိရသည်။

အမာမြို့(၁)ရပ်ကွက်တွင် လူနေအိမ် သုံးလုံးနှင့် ၁၂ တောင် ဘောက်တူတစ်စင်းပျက်စီးခဲ့ပြီး လေဘေးသင့်မိသားစုသုံးစုမှ လူဦးရေ ၁၂ ဦးမှာ နီးစပ်ရာဆွေမျိုးများအိမ်တွင် ယာယီနေထိုင်စေလျက်ရှိသည်။ အလားတူ ဘဝသစ်ကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်ပြင်ကျွန်းလေးပေါ်တွင် ရွာတည်ထားသော ခတ္တာကျွန်းကျေးရွာတွင် နံနက် ၄ နာရီခွဲခန့်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ လူနေအိမ် ၂၂ အိမ်နှင့် အလုပ်ရုံ လေးရုံ ပြိုကျပျက်စီးခဲ့ပြီး ကမ်းကပ်ထားသော ခတ္တာကျွန်းနှင့် ကဒုံကနိပြေးဆွဲနေသည့် လိုင်းသင်္ဘောတစ်စင်း သောင်ပြင်တွင် တိမ်းမှောက်သွားကြောင်း သိရသည်။

လေတိုက်ခတ်မှုကြောင့် အိမ်ထောင်ပရိဘောဂများ၊ တီဗွီနှင့် ဆိုလာများ ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် သေဆုံးဒဏ်ရာရမှုမရှိခဲ့ကြောင်းနှင့် လေဘေးသင့်မိသားစု ၂၆ စုမှ လူဦးရေ ၁၁၇ ဦးအား ကျေးရွာကျန်းမာရေးဌာနနှင့် စာသင်ကျောင်းများတွင် ယာယီနေထိုင်လျက်ရှိပြီး အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တွံတေး-လှိုင်သာယာ ကားလမ်းဘေးတွင် ဖြစ်ပွားခဲ့သော လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အထက်တမာတကောကျေးရွာအနီး တွံတေး-လှိုင်သာယာ ကားလမ်းဘေး ၁၆ မိုင် ၅ ဖာလုံ၌ ဇူလိုင် ၁၇ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ဖြစ်ပွားခဲ့သော လူသတ်မှု ကျူးလွန်သူ လေးဦးအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က နာရီ ၃၀ အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဦးစန်းဝင်းက King Cat ရေတားဆေးကုမ္ပဏီပိုင်ရှင် ဦးခင်မောင်ထွေးသည် နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်း မရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ တွံတေးမြို့နယ် အထက်တမာတကော ကျေးရွာအနီး လှိုင်သာယာ-တွံတေး ကားလမ်းမပေါ် ၁၆ မိုင် ၅ ဖာလုံ မိုင်တိုင်အနီးတွင် ဦးခင်မောင်ထွေးမှာ ၎င်းပိုင် မော်တော်ယာဉ်ပေါ်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ခလောက်ချိုက်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းပြီး အခင်းဖြစ်ရပ်ကို အသေးစိတ် စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာတွင် တွေ့ရှိသော သက်သေခံတယ်လီဖုန်း တစ်လုံး၊ ငွေကျပ်ငါးသိန်းကျော်နှင့် အခြားသက်သေခံပစ္စည်းများ သိမ်းဆည်းခဲ့သည်။ သေဆုံးသူနှင့်ပတ်သက်ဆက်နွှယ်သည့် သတင်းအချက်အလက်များ ရယူခဲ့ရာ စုံစမ်းရရှိသော သတင်းအရ ဇူလိုင် ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မောင်မောင်အေး(ခ)မောင်အေးအား ဖမ်းဆီးစစ်ဆေးခဲ့သည်။

မောင်မောင်အေး(ခ)မောင်အေးအား စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပျိုးတိုး(ခ)မျိုးလွင်အား ဇူလိုင် ၁၉ ရက် နံနက် ၂ နာရီတွင် လည်းကောင်း၊ အောင်အောင်(ခ)ဘကြီးအောင်အား ယင်းနေ့ နံနက် ၆ နာရီတွင် လည်းကောင်း၊ တိုးအောင်(ခ)အသေးလေးအား ယင်းနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လူသတ်မှု ကျူးလွန်ရာတွင် ပါဝင်သူ လေးဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ပြီး ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၁၉ ရက်က TOYOTA MARK-II(Blit) ယာဉ်တစ်စီးနှင့် SUPER CUSTOM ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပိတောက်ခားရွေ ၂ ဒသမ ၄၃၂ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၇၉၆ သန်း)ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄၆ စီး၊ သွင်းကုန် ၉၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃ စီး၊ သွင်းကုန် ၁၂၄ စီးကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၀၀၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆၉၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၀၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် ည ၁၁ နာရီက မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာရှိ မောင်းတံဂိတ်အနီးတွင် စစ်ဆေးရေးဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် မောင်းတံဂိတ်သို့မရောက်မီ လက်ဆွဲခြင်း တစ်ခုကို လမ်းဘေးသို့ပစ်ချကာ မော်တော်ဆိုင်ကယ်ကို နောက်ပြန်လှည့်မောင်းနှင်သွား၍ ကျန်ရှိသည့် လက်ဆွဲခြင်းကိုစစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၄၁ ခွက်(ဘိန်းဖြူအလေးချိန် ၄၁၀ ဂရမ်) သိမ်းဆည်းရမိခဲ့သည်။



ဇူလိုင် ၁၇ ရက်က လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင် ၂ လမ်းရှိ ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်အား မူးယစ်ဆေးဝါးပပျောက်ရေး၊ သက်ငယ်မုဒိမ်းမှု ကင်းဝေးရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းများအကြောင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်း က ဟောပြောဆွေးနွေးစဉ်။ မီးမီး(လှိုင်)

အလားတူ ယင်းနေ့ ညနေ ၆ နာရီက သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သန်လျင်မြို့ အောင်ချမ်းသာ ၁ ရပ်ကွက်၊ ဦးမောင်အုန်းလမ်းသွယ် ၁ နေ ယဉ်ဝင်းထွန်း၏ နေအိမ်ကိုရှာဖွေရာ ဆေးခြောက် ၁၁၄ ဒသမ ၃၁ ဂရမ်ကိုလည်းကောင်း၊ ကွင်းဆက်အရ ည ၇ နာရီခန့်က သန်လျင်မြို့ အောင်ချမ်းသာ ၂ ရပ်ကွက် သီရိပုလဲလမ်းသွယ်နေ မြင့်ဇော်၏ နေအိမ်ကို ရှာဖွေရာ ဆေးခြောက် ၇ ဒသမ ၂၆၆၈၅ ကီလို၊ ငွေကျပ် ၁၆၀၅၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဓားသုံးချောင်းတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းလားမြို့နယ် ဝမ်တာပင်းကျေးရွာအုပ်စု ပန်ယောင်းကျေးရွာနေ မဘူးချို၏နေအိမ်နှင့် လော်ဒို၏နေအိမ်တို့ကိုရှာဖွေရာ မဘူးချို၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား၊ ဘိန်းစိမ်း ၁၀ ဂရမ်နှင့် ဘိန်းရှူကိရိယာများကို လည်းကောင်း၊ လော်ဒို၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ရေနံချောင်း၌ မြေကျင်းတူးရာမှ လေယာဉ်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**ရေနံချောင်း ဇူလိုင် ၂၀**

ရေနံချောင်းမြို့ သစ်တဗွေရပ်ကွက် အောက်တောရပ်၌ ဓမ္မာရုံဆောက်လုပ်ရန် မြေကျင်းတူးစဉ် လေယာဉ်ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ကြောင်း သစ်တဗွေရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။


ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက်ညနေ ၄ နာရီခွဲခန့်က ရေနံချောင်းမြို့ သစ်တဗွေရပ်ကွက် အောက်တောရပ်နေ ဦးညွန့်ဝင်းနှင့်အဖွဲ့က ရွာလယ်၌ ဓမ္မာရုံဆောက်လုပ်ရန်အတွက် မြေကျင်းတူးခဲ့ရာ ဗုံးသီးအားတွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုထံ သတင်းပို့ခဲ့သည်။

ထို့နောက် ဗုံးသီးတွေ့ရှိရာသို့ ရေနံချောင်းမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်စိုးနှင့်အဖွဲ့ ရေနံချောင်းမြို့ နယ်မြေခံတပ်မှ တပ်ကြပ်စန်းထွန်းနှင့် အဖွဲ့တို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ ဗုံးသီးမှာ လေယာဉ်ဗုံးသီးထိပ်ဖူးဟောင်းဖြစ်ကြောင်း အတည်ပြုချက်ရယူခဲ့သည်။

အဆိုပါ လေယာဉ်ဗုံးသီးဟောင်းမှာ အလျား ၁၀ လက်မ၊ လုံးပတ် ကိုးလက်မအရွယ်ဖြစ်ကြောင်း သိရသည်။ **ကိုစိုးကြီး**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ



မောင်သောင်းဝင်း (တမန်ဟောင်း)

စာဖတ်ခြင်းသည် လူတစ်ဦးတိုးတက်စေရန်အကောင်းဆုံး အလေ့အထပင်ဖြစ်သည်။ အောင်မြင်ကြီးပွား တိုးတက်သူအများစုသည် စာဖတ်သူများဖြစ်ကြသည်။ စာဖတ်ပြီး သတင်းအချက်အလက်စုဆောင်းကြသည်။ ထို့နောက် အကျိုးရှိစွာအသုံးချကြသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်များသည် အတွေးအခေါ်များကို စာအုပ်ထဲမှ ရှာဖွေခဲ့ကြသည်။ ထိုနည်းတူ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း တိုတောင်းလှသောဘဝအတွင်း အင်္ဂလိပ်၊ မြန်မာစာအုပ်များစွာကို ဖတ်ခဲ့သည်။ ထို့ကြောင့်ဆန်းသစ်သောအတွေးအခေါ်၊ အလုပ်အကိုင်များဖြင့် တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

စာဖတ်ခြင်းသည် လူတစ်ဦးကို ဖျော်ဖြေမှု၊ ပညာပေးမှုနှင့် တိုးတက်မှုများကိုပေးစွမ်းနိုင်သည်။ သို့သော် မျက်မှောက်ကာလတွင် လူသားတို့သည်စာဖတ်ဖို့ရန်ပျင်းရိလာကြသည်။ ကလေးများသည်ပင်လျှင် ရုပ်ပြကာတွန်းဖတ်သည်ထက် ဖုန်းဖြင့်ဂိမ်းကစားဖို့လောက်သာအားသန်နေကြသည်။ စာဖတ်ခြင်းသည် အသက်အရွယ် ပေါင်းစုံကို အရည်အသွေးတိုးတက်စေခြင်း၊ သတင်းအချက်အလက်သိရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်နိုင်သည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း အာရုံစူးစိုက်နိုင်စေပါသည်။ စာဖတ်ခြင်းသည် လူတစ်ဦးကိုမတူညီသောရှုထောင့်ပေါင်းစုံမှတွေးခေါ် မြော်မြင်နိုင်စွမ်းရှိစေသည်။ ထို့ကြောင့် စာဖတ်သူတစ်ဦးသည် အကန့်အသတ်မရှိလေ့လာနိုင်မည်ဖြစ်သည်။ ဤဆောင်းပါး၌ စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများစွာအနက် အချို့ကို လူငယ်များသိရှိနိုင်ရန် စေတနာဖြင့် တင်ပြသွားလိုပါသည်။

## အသိပညာဗဟုသုတတိုးပွားခြင်း

အသိပညာဗဟုသုတနှင့် လေ့လာသင်ယူမှုမရှိလျှင် မည်သူမျှ အောင်မြင်မှုရရှိနိုင်မည်မဟုတ်ချေ။ အသိပညာ ဗဟုသုတရရှိရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် စာဖတ်ခြင်းပင်ဖြစ်သည်။ သင့်အနေဖြင့် မည်သည့်စာအုပ်ကိုဖတ်သည်ဖြစ်စေ အသိပညာဗဟုသုတများ ထပ်၍သာ တိုးပွားလာစေမည်ဖြစ်သည်။ အထူးသဖြင့် တစ်ကြိမ်တစ်ခါမျှ ဖတ်ဖူးခြင်းမရှိသည့် စာအုပ်ကို ဖတ်ရှုသွားမည်ဆိုလျှင် ပို၍အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ စာအုပ်၊ စာပေများမှ အသိပညာဗဟုသုတများ ပိုမိုရရှိလေလေ ဘဝတွင် ကြုံတွေ့ရသည့် အခက်အခဲမှန်သမျှကို ဖြေရှင်းနိုင်လေလေပင်ဖြစ်သည်။ အတွေ့ကြုံသည် အကောင်းဆုံးဆရာဖြစ်သည်။ နေ့စဉ်ဘဝတွင် မတူညီသောအတွေ့အကြုံများရရှိနိုင်မည် မဟုတ်ချေ။ သို့သော် စာဖတ်သွားမည်ဆိုလျှင် အတွေ့အကြုံသစ်များ၊ ဗဟုသုတများ တိုးပွားလာစေမည်ဖြစ်သည်။

## မှတ်ဉာဏ်တိုးတက်ခြင်း

လူတစ်ဦးသည် စာဖတ်နေချိန်တွင် ဖတ်ရှုသည့် အကြောင်းအရာနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်လေ့ရှိသည်။ ကျွန်ုပ်တို့သည် စာဖတ်နေစဉ် မှတ်မိစေရန်အတွက် အခိုက်အတန့်နား၍ ပြန်လည်စဉ်းစားလေ့ရှိသည်။ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ကိုဖတ်မည်ဆိုလျှင် ထိုစာအုပ်တွင် ပါရှိသည့် ဇာတ်ကောင်၊ နောက်ခံသမိုင်းကြောင်း၊ ရည်မှန်းချက်နှင့် လှုပ်ရှားမှုတို့ကို မှတ်မိနေလေ့ရှိသည်။ ထို့အပြင် စာဖတ်ထားမည်ဆိုလျှင် ဦးနှောက်သည် ဆက်စပ် အကြောင်းအရာများစွာကိုလည်း မှတ်မိလေ့ရှိသည်။

> ❝ စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများစွာကို ရရှိ . . . အသက်အရွယ် ပေါင်းစုံအတွက် အသိပညာ ဗဟုသုတ၊ စိတ်ကူးစိတ်သန်း . . . ❞

## အာရုံစူးစိုက်မှုစွမ်းရည်တိုးတက်ခြင်း

သင်သည် စာအုပ်တစ်အုပ်ဖတ်နေချိန်တွင် သင်၏ အာရုံစူးစိုက်မှုသည် စာအုပ်ပေါ်တွင်သာရှိနေမည်ဖြစ်သည်။ ထို့ကြောင့် သင့်ပတ်ဝန်းကျင်ကို လျစ်လျူရှုထားနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်မထမ်းဆောင်မီ ၁၅ မိနစ်လောက် စာဖတ်ကြည့်မည်ဆိုလျှင် လုပ်ငန်းအပေါ် အာရုံ စူးစိုက်နိုင်မှု စွမ်းရည်သည် သိသိသာသာ တိုးတက်နေမည်ဖြစ်သည်။ စာဖတ်ချိန်ကြာမြင့်လေလေ အာရုံစူးစိုက်နိုင်မှုစွမ်းရည် ပိုမိုမြင့်မားလာလေလေပင်ဖြစ်သည်။ လေ့လာသင်ယူမှုတစ်ခုတွင် အာရုံစူးစိုက်မှုစွမ်းရည် အထူးလိုအပ်လျက်ရှိသည်။ ထို့ကြောင့် စာဖတ်ခြင်းဖြင့်အာရုံစူးစိုက်နိုင်မှုစွမ်းရည် တိုးတက်အောင် ဆောင်ရွက်သွားသင့်ပေသည်။



## စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်း

ကျွန်ုပ်တို့သည် စာဖတ်နေချိန်တွင် ငြိမ်းချမ်းမှုကို အပြည့်အဝရရှိပါသည်။ စာထိုင်ဖတ်နေချိန်တွင် ကိုယ်ခန္ဓာသည် လှုပ်ရှားဆောင်ရွက်ရခြင်း မရှိသဖြင့် သက်သောင့်သက်သာရှိနေပါသည်။ အသက်ကိုလည်း ဖြည်းဖြည်းမှန်မှန်သာ ရှူရှိုက်သောကြောင့် သွေးလည်ပတ်မှု မှန်ကန်၍ စိတ်ဖိစီးမှုများကိုလျှော့ချစေနိုင်ပါသည်။ စာဖတ်နေချိန်တွင် အခြားလုပ်ငန်းတာဝန်များနှင့် စိုးရိမ်ပူပန်စရာများကို မေ့ထားနိုင်ပါသည်။ နေ့စဉ် လုပ်ငန်းခွင်နှင့် မိသားစုဘဝတွင် မည်မျှပင်စိတ်ဖိစီးမှုရှိနေစေကာမူ သုတရသဝတ္ထုနှင့် ဆောင်းပါးတစ်ပုဒ်လောက်သာ ဖတ်သွားမည်ဆိုလျှင် စိတ်ဖိစီးမှုအားလုံး ပြေပျောက်သွားစေနိုင်ပါသည်။

## စိတ်ကူးစိတ်သန်းကောင်းမွန်ခြင်း

ကျွန်ုပ်တို့သည်ဘဝရပ်တည်ချက်ကို ကန့်သတ်ထားမည်ဆိုလျှင် စိတ်ကူးစိတ်သန်းလည်း ရှင်သန်နိုင်မည် မဟုတ်ချေ။ မိမိမသိသေးသည့် နေရာဒေသများအကြောင်းကို ဖတ်သွားမည်ဆိုလျှင်ခေါင်းထဲတွင် လတ်ဆတ်သော စိတ်ကူးစိတ်သန်းများထွက်ပေါ်လာမည်ဖြစ်သည်။ သိလိုသောစိတ်ဖြင့် စာဖတ်သွားမည်ဆိုလျှင် သင်၏စိတ်ကူးစိတ်သန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ စာအုပ်အသီးသီးတွင် မတူညီသော ဇာတ်ကောင်များနှင့် နေရာများပါရှိသောကြောင့် စာဖတ်သူကို မတူညီသောစိတ်ကူး စိတ်သန်းများ ဖြစ်ပေါ်စေပါသည်။ စင်စစ်အားဖြင့် စာအုပ်ထဲမှဇာတ်ကောင်၏ စရိုက်သည် စာဖတ်သူကို လွှမ်းမိုးလေ့ရှိပေသည်။

## ဖန်တီးနိုင်မှုစွမ်းအားကိုနှိုးဆွပေးခြင်း

အောင်မြင်မှုအတွက် လျှို့ဝှက်လက်နက်သည် စာဖတ်ခြင်းပင်ဖြစ်သည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများသည် အကန့်အသတ်မရှိပေ။ စာဖတ်ခြင်းသည် သင်၏ ဉာဏ်ရည်ကို ပိုမိုထက်မြက်စေခြင်း၊ အာရုံစူးစိုက်နိုင်စွမ်း မြင့်မားစေခြင်း၊ ဖန်တီးနိုင်စွမ်းတို့ကို မြင့်မားစေပါသည်။

## ကျန်းမာရေးတိုးတက်စေခြင်း

ညဘက်တွင် စာဖတ်ခြင်းသည် လွယ်ကူစွာအိပ်ပျော်စေနိုင်သဖြင့် စိတ်ရောကိုယ်ပါ အနားရစေပါသည်။ စာဖတ်ခြင်းသည် နည်းလမ်းပေါင်းစုံဖြင့် တိုးတက်မှုဖြစ်ပေါ်စေပါသည်။ စာဖတ်နေချိန်တွင် စိုးရိမ်ပူပန်မှုကို လျှော့ချစေနိုင်သည်။ စိတ်သည် ရုပ်ကဲ့သို့ပင် လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ပေသည်။ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်ရန် လိုအပ်သလို စိတ်ဓာတ် ကြံ့ခိုင်မှုအတွက်လည်း စာဖတ်နေရန် လိုအပ်ပေသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် အထီးကျန်ဆန်မှု၊ စိတ်လေလွင့်မှုများကို ပြေပျောက်စေသဖြင့် ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေပါသည်။

## အကျိုးကျေးဇူးများစွာ

စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။ အသက်အရွယ် ပေါင်းစုံအတွက် အသိပညာဗဟုသုတ၊ စိတ်ကူးစိတ်သန်း၊ တွေးခေါ်နိုင်မှုစွမ်းရည်၊ ပတ်ဝန်းကျင်အပေါ် ရှုမြင်မှု၊ ပြဿနာကိုင်တွယ်ဖြေရှင်းနည်း စသည့် အရည်အချင်းပေါင်းစုံကို စာဖတ်ခြင်းဖြင့်သာလျှင်ရရှိနိုင်စေပါသည်။ အောင်မြင်သူ အများစုသည် တစ်ပတ်လျှင် အနည်းဆုံး စာအုပ်တစ်အုပ်လောက်တော့ဖတ်ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အကျိုးပြုစာပေများကိုသာ ရွေးချယ်ဖတ်မှတ်သွားမည်ဆိုလျှင် အကျိုးကျေးဇူးများစွာရရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင်စာဖတ်ခြင်းသည် အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။ အထူးသဖြင့် ဘဝတွင် တိုးတက်အောင်မြင်ကြီးပွားပြီး ကြွယ်ဝချမ်းသာစေနိုင်ပါသည်။ အကျိုးရှိအောင် ဖတ်ဖို့တော့လိုပါသည်။ အောင်မြင်သူ အများစုသည် ၎င်းတို့၏ အချိန် ၈၀ ရာခိုင်နှုန်းခန့်ကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ ပုံမှန်စာဖတ်သူများသည် ကြွယ်ဝချမ်းသာပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်ထားလေ့ရှိကြသည်။ အဆွေစာရှုသူအနေဖြင့်လည်း အောင်မြင်တိုးတက်ကြီးပွားလိုပါက စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုသွားသင့်ပါကြောင်း စေတနာဖြင့်အကြံပြုပါရစေ။ ။

# မကွေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**မကွေး ဇူလိုင် ၂၀**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် လုပ်ငန်းတစ်ခု၊ ပြည်ထောင်စု အရေးပေါ်ရန်ပုံငွေဖြင့် လုပ်ငန်းတစ်ခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေး ရန်ပုံငွေဖြင့် လုပ်ငန်းနှစ်ခု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လုပ်ငန်းသုံးခု၊ တိုင်းဒေသကြီးငွေလုံးငွေရင်းဖြင့် လုပ်ငန်း ၁၈ ခု၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ငန်းနှစ်ခု စုစုပေါင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၇ ခုအား ငွေကျပ် ၄၅၃၈ ဒသမ ၇၅၃ သန်းအသုံးပြု၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းထုတ်ပြန်သည်။

ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၂၅၂ သန်းဖြင့် ချောက်မြို့နယ် စလေမြို့ စလေ-ပခန်းငယ် ရေလမ်းကြောင်းကောင်းမွန်ရေး၊ ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေကျပ်သန်း ၄၀၀ ဖြင့် ပခုက္ကူမြို့ ကျွန်းညိုကြီးကျေးရွာကမ်းပြိုကာကွယ်ရေး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးရန်ပုံငွေကျပ်သန်း ၄၃၆ ဒသမ ၉၈ ဖြင့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ရွာ ယင်းချောင်းရေတိုက်စားမှုကမ်းပြိုမှုနှင့် ရေစကြိုမြို့နယ် မြေတော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကျပ်သန်း ၃၃၀ ဖြင့် ပေါက်မြို့နယ် ပြစ်ထဲကျေးရွာ ယောချောင်းရေတိုက်စားမှု၊ မင်းဘူး(စကု) မြို့နယ် မင်းရွာ မန်းချောင်းရေတိုက်စားမှုနှင့် ဂန့်ဂေါမြို့နယ် မြို့မရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ထင်းတန်းရပ်ကွက်နှင့် ငမြာကြီးကျေးရွာ၊ စလင်းမြို့နယ်တွင် ဆင်မကျွန်းကျေးရွာနှင့် သနပ်ကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်တွင် ရွှေလှေစုကျေးရွာအုပ်စုကမ်းပြိုနှင့် မုန်းချောင်းဝရေတိုက်စားမှု၊ မင်းဘူးမြို့တွင် အမှတ်(၃)ရပ်ကွက်၊ မင်းလှမြို့တွင် အမှတ်(၁)ရပ်ကွက်၊ သရက်မြို့တွင် စက်လှေဆိပ်ကမ်း၊ အောင်လံမြို့တွင် ဈေးဆိပ်ကမ်း၊ နတ်မောက်မြို့တွင် အင်ကန်ကျေးရွာ၊ ကုလားမျောချောင်း၊ တောင်တွင်းကြီးမြို့နယ်တွင် ပန်းသွင်ကြီးကျေးရွာ၊ မြို့သစ်မြို့တွင် တပ်ကုန်းကျေးရွာ၊ ဆင်ပေါင်ဝဲမြို့တွင် မကျီးပင်ပုကျေးရွာ၊ ထီးလင်းမြို့တွင် မောချောင်းရေတိုက်စားမှု၊ ဆောမြို့တွင် အခြေခံပညာမူလတန်းကျောင်းဘေးကမ်းပြိုမှု၊ ဂန့်ဂေါမြို့နယ်တွင် ကြိုးတံတားအထက်ဘက် မြစ်သာမြစ်ရေတိုက်စားမှု၊ ပေါက်မြို့နယ်တွင် ရေပြာကျေးရွာ ခွေးတဲချောင်းရေတိုက်စားမှု စသည့် ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်း ၁၈ ခုကို တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၈၁၃ ဒသမ ၄၁၃ သန်းဖြင့် ဆောင်ရွက်ခဲ့ရသည်။

မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုအကြီးမားဆုံးနေရာများမှာ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့ဖြစ်ပြီး ၁၉၈၆ ခုနှစ်က ရေးဆွဲခဲ့သည့် Master Plan နှင့် ယနေ့ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုက များစွာကွာဟနေကြောင်း၊ ဧရာဝတီမြစ်မှာ အနောက်ခြမ်းဒေသများဘက် ရေစီးကြောင်းပြောင်းနေသည်မှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ပြီး ကမ်းပါးပြိုကျမှု များစွာဖြစ်ပေါ်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

ဒေသတွင်းလိုအပ်ချက်အရ တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေကျပ် ၃၀၆ ဒသမ ၃၆ သန်းဖြင့် ငဖဲမြို့နယ် ပန်းထိမ်ကျေးရွာနှင့် မြို့သစ်မြို့နယ် မြင်သာကျေးရွာတို့၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပြီး ၂၀၁၈ ခုနှစ်ခြောက်လဘတ်ဂျက်ဖြင့်လည်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်ရှိနေကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

## မုံရွာမှ ဟုမ္မလင်းသို့ ကြာသပတေးနေ့တွင်ပြေးဆွဲနေသော ချမ်းငြိမ်းနှစ်ထပ်သင်္ဘော ဇူလိုင် ၂၀ ရက်မှစ၍သောကြာနေ့တိုင်း ပြောင်းလဲပြေးဆွဲ

**မုံရွာ ဇူလိုင် ၂၀**
မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ပေးလျက်ရှိသော ချမ်းငြိမ်းနှစ်ထပ်သင်္ဘောအား ယခင်က အပတ်စဉ်ကြာသပတေးနေ့တိုင်းပြေးဆွဲရာမှ ဇူလိုင် ၂၀ ရက်မှစတင်၍ သောကြာနေ့တိုင်း ပြောင်းလဲပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မုံရွာ-ဟုမ္မလင်း ရေမိုင် ၃၂၇ မိုင်ကို တိုက်ရိုက်ပြေးဆွဲမည့် သင်္ဘောခရီးစဉ်အား မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းမှ အပတ်စဉ် တနင်္လာ၊ သောကြာနေ့နှင့် ဟုမ္မလင်းမြို့ဆိပ်ကမ်းမှ အပတ်စဉ် သောကြာ၊ အင်္ဂါနေ့များတွင် နေ့စဉ် နံနက် ၆ နာရီမှစတင်၍ ပြေးဆွဲနေသည်။

"ခရီးသည်တွေရဲ့ တောင်းဆိုချက်အရ ပုံမှန်ကြာသပတေးနေ့ပြေးဆွဲတဲ့ ချမ်းငြိမ်းနှစ်ထပ်သင်္ဘောက ဇူလိုင် ၂၀ ရက်ကစပြီး သောကြာနေ့တိုင်း ပြောင်းလဲပြေးဆွဲပေးမှာဖြစ်ပါတယ်။မုံရွာကနေ သောကြာနေ့ထွက်ရင် ဟုမ္မလင်းကို တနင်္ဂနွေနေ့ရောက်ပါတယ်။ ဟုမ္မလင်းကနေ အင်္ဂါနေ့နံနက် ၇ နာရီပြန်ထွက်ရင် မုံရွာကို ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီဝန်းကျင် ပြန်လည်ရောက်ရှိပါတယ်" ဟု ချင်းတွင်းရေကြောင်းမှ တာဝန်ရှိသူကပြောသည်။

ချင်းတွင်းမြစ်ရေမြင့်တက်ချိန်တွင် ယခုနှစ် ဇူလိုင် ၂ ရက်မှစတင်၍ မုံရွာ-ဟုမ္မလင်းခရီးစဉ်အား ပြေးဆွဲမည့် ဧရာဝတီရေကြောင်းဌာနခွဲ(မန္တလေး) မှ ပင်လုံနှစ်ထပ်သင်္ဘောသည် ကုန်တန်ချိန် ၂၃၆ တန်၊ ခရီးသည်တင်ဆောင်မှုမှာ ခရီးတို ၇၁၃ ဦး၊ ခရီးရှည် ၄၃၂ ဦးဖြစ်ပြီး ချင်းတွင်းရေကြောင်းဌာနခွဲ (မုံရွာ) မှ ချမ်းငြိမ်းနှစ်ထပ်သင်္ဘောသည် ကုန်တန်ချိန် ၇၀၊ ခရီးသည်တင်ဆောင်မှုမှာ ခရီးတို ၄၀၅ ဦးနှင့် ခရီးရှည် ၂၈၂ ဦး သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## စတော့ရှယ်ယာဈေးကွက်အကြောင်းဆွေးနွေး

**အောင်မြေသာစံ ဇူလိုင် ၂၀**
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ စတော့ရှယ်ယာဈေးကွက်အကြောင်း သိကောင်းစရာဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel ခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ ဒိုင်ဝါ Securities Group မှ အမှုဆောင်ဒါရိုက်တာက အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ရရှိနိုင်သောအကျိုးကျေးဇူးများ၊ ရန်ကုန်စတော့အိတ်ချိန်းလှုပ်ရှားဆောင်ရွက်မှုအခြေအနေများ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးဝန်ဆောင်မှုများနှင့် ရှယ်ယာရောင်းဝယ်မှုများအပါအဝင် စတော့ရှယ်ယာဈေးကွက်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာမဟာဘွဲ့ ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

မြန်မာ့ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MSEC) သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါ Securities Group တို့ အကျိုးတူ အညီအမျှထည့်ဝင်ကာ ၁၉၉၆ ခုနှစ် ဇွန် ၇ ရက်မှစတင်ပြီး ဖက်စပ်ကုမ္ပဏီအဖြစ် ထူထောင်ထားခဲ့ပြီး မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကရှေ့ဆောင်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မုံရွာမြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနပိုင်မြေအား ပြည်သူ့အပန်းဖြေဥယျာဉ်ဖော်ဆောင်ရန် စီစဉ်လျက်ရှိ

**မုံရွာ ဇူလိုင် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက္ကာလမ်းမပေါ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနပိုင် မြေဧက ၄၆ ဧကမှ ၃၂ ဧကအကျယ်ကို ပြည်သူ့အပန်းဖြေဥယျာဉ်တစ်ခု ဖော်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံး မြေနေရာဝင်းသည် အကျယ်အဝန်း ၄၆ ဧကကျယ်ဝန်းပြီး ၎င်းဝင်းအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးများနှင့် ဝန်ထမ်းအိမ်ရာများ၊ စစ်ကိုင်းတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတို့တည်ရှိရာ ၎င်းရုံးနေရာများအတွက် မြေအကျယ် ၁၂ ဧကကို ချန်လှပ်ပြီး ကျန်မြေဧရိယာကို ပြည်သူ့အပန်းဖြေဥယျာဉ်ဖော်ဆောင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းပြီး မြေနေရာတိုင်းတာခြင်းလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

တိုတိုထွာထွာဖတ်စရာ

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဝန်ထမ်းများအဖွဲ့က လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ၄၈ ဦး၊ ကျောင်းသူ ၆၀ တို့အား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ ကျေးလက်နေပြည်သူအမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြို့တွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ကွန်ကရစ်လမ်း ၁၀ လမ်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားပြီး သာယာအေးရပ်ကွက်ရှိ ဦးပုညလမ်းနှင့် စံပြရပ်ကွက်ရှိ သီရိရတနာလမ်းတို့ကို တင်ဒါစနစ်ဖြင့် ခေါ်ယူလုပ်ကိုင်ခွင့်ပေးခဲ့သည်။

ကျန်လမ်းရှစ်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## အဆင့်မြင့်အထည်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**ဗန်းမောက်**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ရာ အဆင့်မြင့်အထည်ချုပ်စက်သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၀ ဦးအား သင်တန်းဆင်းအသိအမှတ်ပြုကတ်ပြားများနှင့် အပ်ချုပ်စက်တစ်စုံစီကို သင်တန်းဆင်းတိုင်းရင်းသူများထံ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ကျော်စွာ(ဗန်းမောက်)**

## ပုဇွန်တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံပြီး ရွေးကောက်ပွဲကော်မရှင် လုပ်ငန်းကိစ္စရပ်များ ဆွေးနွေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပုဇွန်တောင်မြို့နယ် တာဝန်ခံ ဦးကျော်ဆွေတို့က အမှာစကား အသီးသီးပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြလှိုင်က ကော်မရှင်လုပ်ငန်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစီးအရာရှိ ဒေါ်အိအိဖြိုးက ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အတွေ့အကြုံများနှင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးမြလှိုင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် ပုဇွန်တောင်မြို့နယ် တာဝန်ခံ ဦးကျော်ဆွေ၊ မြို့နယ်ကော်မရှင် ဥက္ကဋ္ဌ ဦးမြလှိုင်နှင့် ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သိမ်းဆည်းမြေများကို မူလတောင်သူများထံ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ပေးမည်

**ပဲခူး ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့နှင့် အုတ်ဖိုမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများ၊ စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။**(ယာပုံ)**




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လူထုတွေ့ဆုံပွဲများ၏ အနှစ်သာရသည် အစိုးရအဖွဲ့၏ လုပ်ဆောင်နေမှုများ သိရှိစေရန်နှင့် ပြည်သူများမှ မိမိတို့၏ ဆန္ဒများကို အစိုးရမှ တာဝန်ရှိသူများ သိရှိစေရန် တိုက်ရိုက်တင်ပြနိုင်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းမြေယာကိစ္စရပ်များနှင့် ပတ်သက်၍ မူလ တောင်သူလက်ဝယ်သို့ အမြန်ဆုံး ရောက်ရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများသည် ပြည်သူများ၏ အခွန်ငွေဖြင့် တာဝန်များထမ်းဆောင်နေရသူဖြစ်၍ ပြည်သူများအား ပြေပြေပြစ်ပြစ်၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စည်ပင်ကော်မတီဝင်များက ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး တင်ပြရာ သက်ဆိုင်ရာ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အိုးသည်ကုန်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကရာတေးပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်အနေဖြင့် စဉ်ဆက်မပြတ် ကရာတေးအားကစားသမား မျိုးဆက်သစ်များ ရှာဖွေဖော်ထုတ်ပြီး ဒေသတွင်း ကရာတေး အားကစားတိုးတက်လာစေရန်၊ နိုင်ငံတကာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကာ နိုင်ငံတကာ အတွေ့အကြုံရရှိလာစေရန် 19th Asean University Games ပြိုင်ပွဲတွင် ကရာတေးအားကစားနည်းဖြင့် အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၁၈ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ (ဗန်ကောက်မြို့) ၌ ကျင်းပလျက်ရှိသည့် Thailand Open Karate Championships-2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင် ဦးသိန်းဌေးအောင်၊ ဒိုင်လူကြီး ငါးဦးတို့သည် ဇူလိုင် ၁၈ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ ခေါင်းဆောင် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးကျော်ကျော်မိုးနှင့် ပြိုင်ပွဲဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၀ ဦး တို့သည် ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲတွင် senior တန်းတစ်ဦးချင်း (ခတ)၊ အသင်းလိုက် (ခတ) ပြိုင်ပွဲများ၊ senior တန်းပြိုင်ပွဲတွင် တစ်ဦးချင်းနှင့် အသင်းလိုက် (ကုမိတဲ့) ပြိုင်ပွဲများနှင့် Junior တန်းပြိုင်ပွဲများကို ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဖွဲ့ချုပ်လက်ရွေးစင် AUG လက်ရွေးစင်နှင့် Junior တန်းပြိုင်ပွဲ၌ Sukura၊ Hito၊ Bago Tiger၊ ES4E၊ Bahtoo ကလပ်အသင်းများ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ကြေးမုံ**

## ရုံးဌာနများအရောက် စာငှားဆောင်ရွက်ပေး

**မြောင်းမြ ဇူလိုင် ၂၀**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ရုံးဌာနများအရောက် Mobile စာကြည့်တိုက် စာငှားစနစ်ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြောင်းမြခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ဝန်ထမ်းများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာရေးမှူးရုံး ဝန်ထမ်းများ၊ မိသားစုများက စာအုပ်စာစောင်များ ငှားရမ်းခြင်းနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်နှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်ပုံသယ်ဆောင်နည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများ ကြည့်ရှုလေ့လာခဲ့ကြသည်။

"ဌာနဝန်ထမ်းတွေ အားလပ်တဲ့ အခိုက်အတန့်အချိန်လေးမှာ မိုဘိုင်းဖုန်းတွေနဲ့ အချိန်ကုန်နေမယ့်အစား စာအုပ်စာစောင်တွေ ဖတ်ရှုခြင်းဖြင့် ဗဟုသုတနဲ့ အသိပညာတွေ တိုးပွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်" ဟု ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်ကြီးတိုက်နယ်ဆေးရုံတည်ဆောက်မှု ၉၉ ရာခိုင်နှုန်းပြီးစီး

**ကျောင်းကုန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးတိုက်နယ်ဆေးရုံ တည်ဆောက်လျက်ရှိရာ ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပင်မဆောင်အလျား ၁၄၁ ပေ၊ အနံ ပေ ၁၁၀၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ် အလျား ၆၆ပေ၊ အနံ ၂၄ပေ၊ လေးခန်းတွဲ သူနာပြုနေအိမ် အလျား ၈၈ ပေ၊ အနံ ၂၄ ပေ၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ အလျား ၈၄ပေ၊အနံ ၂၃ ပေ၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံး အလျား ၆၃ ပေ၊ အနံ ၂၃ပေ နှင့်ရင်ခွဲရုံ အလျား ပေ ၂၀၊ အနံ ၁၅ ပေ တို့အားလုံး တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



### တိုတိုထွာထွာဖတ်စရာ

## မြစိမ်းရောင်အသင်းဝင်များအား ရန်ပုံငွေများထုတ်ချေး

**ဟင်္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ပထမခြောက်လပတ် ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခွင့်ရသော သဘ်န်းကုန်ကျေးရွာအား ဇူလိုင်လ ဒုတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင် စီမံကိန်း ကြီးကြပ်ရေးကော်မတီထံသို့ စီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်ခွင့်ရသည့် အဆိုပါကျေးရွာတွင် ကျေးရွာမြစိမ်းရောင် စီမံကိန်း ကြီးကြပ်မှုကော်မတီမှ အသင်းဝင် ၁၀၈ ဦးအား ရန်ပုံငွေများကို ထုတ်ချေးပေးထားပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်နေပြီဖြစ်ကြောင်း စီမံကိန်းကြီးမှူးကော်မတီဝင်များထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာများအား ကွင်းဆင်းကြည့်ရှု

**ထန်းတပင်**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသိန်းသည် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့်အတူ တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၇ ရွာသို့သွားရောက်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီးဦးစီးမှူးသည် တောင်ငူခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့်အတူ ကွ္ဂလမီးကျေးရွာ မြစိမ်းရောင်းစီမံကိန်း၏ ငွေစာရင်းထိန်းသိမ်းခြင်းလုပ်ငန်း၊ စာရင်းဇယားထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**၅၈၈**

## မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး အသိပညာပေး

**ဝါးခယ်မ**

ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ အနေဖြင့် လွဲမှားသော အတုယူမှုနှင့် လမ်းမှားမရောက်စေရေးကို ရည်ရွယ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ဝါးခယ်မမြို့နယ် အထက (၁) ကျောင်း ဒေါ်ပိုက်မိခန်းမ၌ ပြုလုပ်သည်။

မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်နိုင်နှင့် ဒေါက်တာကိုကိုလင်းတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအကြောင်း သိကောင်းစရာများ ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများ


ကြည်လွင်မြင့် (မုဒြာ)
www.facebook.com/
Kyi-Lwin-Myint-Mudra

လူတိုင်းအသက်ရှည်ရှည် နေလိုကြပါသည်။ သို့သော် အသက်ရှည်ပြီး မကျန်းမာလျှင် အကျိုးရှိမည်မဟုတ်ပါ။ ကျန်းကျန်းမာမာနှင့် သက်တမ်းစေ့ နေရမှသာ အကျိုးရှိမည်ထင်ပါသည်။

အသက်ရှည်ချင်၍ အလှူကြီးပေးသည်။ ဘုရားတည်သည်။ ကျောင်းဆောက်သည်။ တရားစခန်းသွားသည် ဆိုခြင်းများမှာ မှန်ကန်သောလုပ်ရပ် မဟုတ်ဟု တွဲဖက်ရွှေကျင်သာသနာပိုင် ကထိကရဟန်း ဆရာတော်ကြီး (ဥူးမာနိတသီရိဘိဝံသ)က အမိန့်ရှိဖူးပါသည်။

အသက်ရှည်ချင်၍ အားတိုးဆေးမျိုးစုံ စားနေသူများမှာလည်း သူများထက်ပို၍ ရောဂါဝေဒနာ အမျိုးစုံခံစားရပြီး အသက်မရှည်သည်ကို တွေ့ရဖူးပါသည်။

ချမ်းသာ၍ ဇိမ်ခံ တိုက်ကြီး၊ ကားကြီး၊ ခြံကျယ်ကြီးနှင့် စည်းစိမ်ခံစားနေသူများမှာလည်း ခေတ်ပေါ် ရောဂါဝေဒနာ အမျိုးစုံခံစားပြီး တန်ဖိုးကြီးဆေးမျိုးစုံ၊ ဆေးရုံ၊ ဆေးခန်းနှင့် အချိန်ကုန်ကာ မကျန်းမာဘဲ ဒုက္ခခံရသည့် အသက်ရှည်ခြင်းမျိုးဖြင့် နေရသည်ကို တွေ့ရပါသည်။

အသက်ရှည်တိုင်းမကောင်းပါ။ ကိုယ်ကျန်းမာ စိတ်ချမ်းသာပြီး ရောဂါဘယကင်းဝေးစွာ နေထိုင်ရမှသာ ကောင်းသောအသက်ရှည်ခြင်း ဖြစ်နိုင်ပါသည်။

## အသက်တိုရခြင်းအကြောင်းများ

လူ့သက်တမ်းသည် ဆုတ်ကပ်ဟုခေါ်သော တဖြည်းဖြည်းအသက်တိုလာသည့် ကပ်ဆိုးသို့ ရောက်ရှိလာပြီဟု ဆရာတော်ကြီးများက အမိန့်ရှိသည်။ အသက်တိုခြင်း၏ အကြောင်းရင်းများမှာ ၁။ လောဘ ၂။ ဒေါသ ၃။ မောဟ တို့ကြောင့်ဟုဆိုသည်။ ဤသုံးပါးတို့၏ ဆန့်ကျင်ဘက်မှာ ၁။ အလောဘ ၂။ အဒေါသ ၃။ အမောဟတို့ဖြစ်သည်။ ပဋ္ဌာန်း (၂၄)ပစ္စည်း၏ အစ - ဟေတုပစ္စယောတွင် ဟိတ်ခြောက်ပါးဟုပြဆိုထားသည်။ ဤတရား ခြောက်ပါးသည် ရေသောက်မြစ်သဖွယ် အကျိုးပြုနေသည်ဟု ဆိုသည်။

ရောဂါဆိုသော စကား

ဝေဒနာဆိုသော စကား

အနာဆိုသော စကား

ဤမြန်မာစကားတို့သည် အတူတူပင်ဖြစ်၍ ပါဠိမှ ဆင်းသက်လာသော စကားများဖြစ်ကြသည်။ ထိုပါဠိ၏ မူရင်းမှာ 'ဗျာဓိ' ပင်ဖြစ်သည်။

ဗျာဓိတိ၊ ဝိဝိဒံ၊ ဒုက္ခံ

အဒဟတိ၊ ဝိဒဟတီတိ၊ ဗျာဒိ

(မဟာနိဒ္ဒေသ အဋ္ဌကထာ)

## အနက်အဓိပ္ပာယ်

ဗျာဓိတိ . . . ဗျာဓိဟူသည်ကား

ဝိဝိဒံ . . . အထူးထူးသော

ဒုက္ခံ . . . ဆင်းရဲကို

အဒဟတိ . . . ဆောင်တတ်၏

ဝိဒဟတီတိ . . . စီရင်တတ်၏

ဣတိတသ္မာ . . . ထိုသို့ဆောင်တတ်၊ စီရင်တတ်သော သတိကြောင့် ဗျာဓိ. . . . ဗျာဓိဟုခေါ်၏။

ဆိုလိုရင်း အဓိပ္ပာယ်မှာ အနာရောဂါတို့ကိုလည်းကောင်း၊ ၉၆ ပါး၊ ၉၈ ပါး ရောဂါဝေဒနာတို့ကို လည်းကောင်း ပါဠိလို 'ဗျာဓိ' ဟုခေါ်သည်။ (တောင်သာ သမားတော်ကြီး ဦးထွန်းတင်၏ ပဒေသာအလင်းပြကျမ်းမှ)

အိုခြင်း၊ နာခြင်း၊ သေခြင်း သုံးပါးတွင် လူသတ္တဝါမှန်သမျှ မကြုံရသူ မရှိပါ။ သို့သော် ရှေးဘဝဆုတောင်းကောင်းသည်ဟု ဆိုမည်လား - အိုခြင်းနှင့် မကင်းနိုင်၊ သေခြင်းနှင့်မကင်းနိုင် ထူးခြားသည်မှာ နာခြင်းနှင့် ကင်းသောသူများရှိသည်။ အနာရောဂါကပ်ရောက်ခြင်း မရှိ။ ဝေဒနာခံစားရခြင်းမရှိ။ ရုတ်တရက် သေဆုံးသွားကြသူများရှိသည်။ ထိုသူများကို ဆုတောင်းကောင်းကြသူများဟု ဆိုသည်။

ဘုရားရှင်လက်ထက်က အဿျင်ပါကူလ ရဟန္တာမထေရ်သည် ရှေးဘဝဆုတောင်းကြောင့် အနာ ရောဂါမရှိဘဲ အသက်ရာကျော်အထိ နေရသည်။ 'အနာမဲ့သူ သျှင်ပါကူ' ဟု နာမည်ကျော်ကြားသည်။ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်းသည် ရှေးက ဆုတောင်းကောင်းခြင်းနှင့်လည်း သက်ဆိုင်သည်။

## စိတ်ပျော်အောင်နေ အသက်ရှည်

စာရေးသူတို့၏ ပတ်ဝန်းကျင်တွင် ကျန်းမာပြီး အသက်ရှည်သူများကို လေ့လာကြည့်သောအခါ တွေ့ရသည်မှာ- ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် မသက်ဆိုင်။ အလုပ်ပင်ပန်းခြင်း၊ အငြိမ်းစားနေရခြင်းနှင့်လည်း မသက်ဆိုင်။ မိမိနေထိုင်သော ပတ်ဝန်းကျင် ကျရာဘဝတွင် လိုက်လျောညီစွာ နေထိုင်ပြီး မိမိအလုပ်ကိုသာ နိစ္စဓူဝ နေ့စဉ်လုပ်ကိုင် အသက်မွေးသူ တစ်နည်းအားဖြင့် လောဘမကြီးသူများတွင် တွေ့ရပါသည်။

'စိတ်သာရွှင်စေ ဘုရားဟော' ဟူသော စကားရပ်နှင့်



> “အနာရောဂါကင်းဝေး၍ ကျန်းမာစွာနေလိုလျှင် ဆင်ခြင်တုံတရားဖြင့် မိမိကိုယ် မိမိစောင့်ရှောက်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း . . .”

အညီ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းသည် စိတ်နှင့်လည်းဆိုင်သည်။ စိတ်ထားတတ်ဖို့လိုသည်။ မရနိုင်သည်ကို မျှော်မှန်းနေမည့်အစား ရသမျှနှင့် ရောင့်ရဲတင်းတိမ်သောစိတ်သည် လူ၏ခန္ဓာကိုယ်ကို အေးချမ်းစေသည်ဟု ဆိုသည်။ လောဘသည် မီးနှင့်တူသည်။ လောဘစိတ်ကပ်ငြိလျှင် ခန္ဓာကိုယ်ကိုပူလောင်စေသည်။

ပျော်ရွှင်အောင်နေတတ်သူများသည် အသက်ရှည်ရှည်နေရသည်ကို တွေ့ရသည်။ ဥပစ္စေဒကကံကြောင့် ရုတ်တရက် ထိခိုက်သေရသည်မှလွဲ၍ နာတာရှည်ရောဂါကြီးများ မဖြစ်ပွားသည်ကို တွေ့ရှိရသည်။ ပျော်ပျော်ရွှင်ရွှင်နေခြင်းကြောင့် မိမိကိုယ်တိုင် ကျန်းမာသည့်အပြင် ထိုသူနှင့် တွေ့ဆုံရသူများပါ အပျော်များကူးစက်ပြီး စိတ်ချမ်းသာကြသည်ကို တွေ့ရသည်။

ရယ်စရာ၊ မောစရာ၊ ပျော်ရွှင်စရာ ပြောတတ်သူများကို လူအများက ချစ်ခင်ကြသည်။ ရုပ်ရှင်၊ ပြဇာတ်များ ကြည့်ရှုလျှင်ပင် ရယ်မောစရာ ဟာသပါဝင်သော ကားများကို များများကြည့်ပေးသင့်သည်ဟု ဆိုသည်။ အဓိပ္ပာယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လိုက်၍ရယ်မောခြင်းသည် ကလေးဘဝကို ပြန်ရောက်သွားသကဲ့သို့ဖြစ်ပြီး အကျိုးရှိသည်။ ရယ်မောခြင်းဖြင့် အသက်တစ်ရက် ပိုရှည်နိုင်သည်ဟူသောစကားမှာ အမှန်ပင်ဖြစ်သည်။ ကြေကွဲဝမ်းနည်းစရာ ဇာတ်လမ်း၊ ဇာတ်ကားများကို တစ်လလျှင် တစ်ကြိမ်ခန့်သာ ကြည့်ရှုသင့်သည်ဟု ဆိုသည်။

## ဆင်ခြင်ရမည့် အကြောင်းတရားများ

'ကာလ၊ အတ္တ၊ ကမ္မ' အနေအထိုင်၊ အစားအသောက်၊ အပြုအမူသုံးပါးကို လွန်၊ ယုတ်၊ လွဲမှား ကျင့်သုံးဖန်များသောကြောင့် အသက်တိုရသည်ဟု အာယုဗေဒကျမ်းများက ဆိုသည်။ ဆင်းဆင်းရဲရဲ နေထိုင်ရသဖြင့် ကျန်းမာရေးမကောင်းသူများရှိသလို ဇိမ်ကျကျ နေထိုင်လွန်းသဖြင့် ကျန်းမာရေး ချို့ယွင်းသူများလည်းရှိသည်။ အစာဝအောင်မစားရသဖြင့် မကျန်းမာသူရှိသလို အဆီအအိမ့် အစားကောင်း စားလွန်းသဖြင့် ကျန်းမာရေး ထိခိုက်သူလည်းရှိသည်။ အိပ်ရေးပျက်ခြင်း၊ စားချိန်မမှန်ခြင်း၊ လမ်းလျှောက်နည်းခြင်းစသော ဘဝနေထိုင်နည်းအပြုအမူ အမှားများကြောင့် မကျန်းမမာဖြစ်ပြီး အသက်တိုရသူများလည်းရှိသည်။

'စိတ်ပျော်အောင်နေ အသက်ရှည်' ဟု ဆိုခြင်းမှာ ယေဘုယျ အမှန်တရားဖြစ်သော်လည်း အစားအသောက်၊ နေ့စဉ်လှုပ်ရှားမှု (အပြုအမူ)တို့ကို ဂရုစိုက်ဆင်ခြင်နေထိုင်ရမည်ဖြစ်ပါသည်။ 'ကာလ၊အတ္တ၊ ကမ္မ' ကို မေ့ထား၍မရပါ။

အသက်ရှည်ရှည် နေချင်သူတိုင်း အနေအထိုင်၊ ခေတ်မီ တိုးတတ်လာသည်နှင့်အမျှ စက်ယန္တရားများမှ ထုတ်လွှတ်သော အခိုးအငွေ့များ ဓာတုဆေးဝါးမကင်းလွတ်သည့် အစားအသောက်များကြောင့် လူ့သက်တမ်းမှာ တစ်နေ့တခြား ဆုတ်ယုတ်လာလျက်ရှိပါသည်။ အစစအရာရာ ဆင်ခြင်နေထိုင်မှသာ လူ့သက်တမ်းစေ့ အသက်ရှည်ရှည် ကျန်းကျန်းမာမာ နေထိုင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

## ကျန်းမာသူတို့၏ အနေအထိုင်အပြုအမူများ

၁။ နံနက်စောစော အိပ်ရာထ၍ နောက်မကျဘဲ အိပ်ရာဝင်ခြင်း။

၂။ လမ်းလျှောက်ခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းကို နေ့စဉ်မှန်မှန် ဆောင်ရွက်ခြင်း။

၃။ နံနက်စာကို အာဟာရပါဝင်အောင် ရွေးချယ်၍ စားသုံးခြင်း။

၄။ နေ့လယ်စာကို မွန်းတည့် ၁၂ နာရီမကျော်မီ ပူပူနွေးနွေးစားသုံးခြင်း။

၅။ အစားကို လွန်ကဲစွာမစားခြင်း။ သင့်တင့်သော အစာကိုသာစားသုံးခြင်း။

၆။ အသက်ကြီးသူများ နေ့လယ်ချိန်တွင် ခေတ္တအိပ်စက်ခြင်းဖြင့် ကျန်းမာစေနိုင်သည်။

၇။ ပူနွေးသောဥတုများတွင် နေ့လယ်ချိန်၊ ညနေချိန်များတွင် ရေများများသောက်သင့်ပါသည်။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါများမှ ကာကွယ်ရာရောက်ပါသည်။

၈။ လွယ်ကူစာများ ဆိုးဆေးနှင့် ဓာတုဆေး မလွတ်ကင်းသော အစာများကို ရှောင်ကြဉ်စားသုံးခြင်း။

၉။ လေကောင်းလေသန့်ရရှိသော နေရာများတွင် နေထိုင်ခြင်း (သို့မဟုတ်) လေကောင်းလေသန့်ရရှိသော နေရာသို့သွား၍ နေ့စဉ် အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ခြင်း။

၁၀။ နေရောင်ခြည် ( အထူးသဖြင့် နံနက်ခင်းနေရောင်ခြည်) ရရှိသောနေရာတွင် နေထိုင်ခြင်းဖြင့် အရိုး၊ အကြောအဆစ်များ ခိုင်မာစေနိုင်သည်။ နောက်ဆုံးပေါ် တွေ့ရှိချက်များအရ နံနက်ခင်း နေရောင်ခြည်တွင် မိနစ် ၂၀ ခန့် နေရောင်ခံပေးခြင်းဖြင့် လူကြီးများ အရိုးပွ၊ အရိုးပါးရောဂါမှ ကာကွယ်နိုင်သည်။

၁၁။ အစာကြေစေရန် အစာစားပြီးတိုင်း လမ်းအနည်းငယ်လျှောက်ပေးခြင်း။ သင့်တင့်သော အစာကြေဆေးစားသုံးခြင်းသည် ရောဂါကင်းဝေးစေသည်။ (ရောဂါမူလံ အာဇိဏ္ဏကံ - ရောဂါဟူသမျှ အစာမကြေခြင်းက စသည်)

၁၂။ ဝမ်းမှန်စေရန်အတွက် အသီးအနှံများများစားပါ။ (နံနက် -သင်္ဘော ၊ ည -ငှက်ပျော) အသီးများစားလျှင် ဝမ်းမှန်စေနိုင်သည်။ မန်ကျည်းဖျော်ရည်သည် အပူအပုပ်ကိုနိုင်ပြီး ဝမ်းမှန်စေသည်။

၁၃။ အားလပ်ချိန်တွင် စိတ်ချမ်းမြေ့စေမည့် တေးဂီတများ နားထောင်ခြင်း၊ စာဖတ်ခြင်း၊ ပျော်ရွှင်ဖွယ် ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုအပန်းဖြေခြင်း။

၁၄။ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် အပန်းဖြေခရီးထွက်ခြင်း။

၁၅။ စိတ်ကောင်းထား၍ လောဘ၊ ဒေါသ ကင်းစင်အောင် ကြိုးစားနေထိုင်ခြင်း။

၁၆။ ညအိပ်ရာမဝင်မီ စိတ်သောကများကိုလျှော့ချ၍ မိမိနှစ်သက်ရာ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသော ဘာသာရေးကိစ္စများကို ဆောင်ရွက်ခြင်း။ (မိမိကိုးကွယ်ရာ ဘာသာအတိုင်း ဆောင်ရွက်နိုင်သည်။ ဘာသာအလိုက် စိတ်တည်ငြိမ်မှုပေးသော နည်းလမ်းကျင့်စဉ် များစွာရှိပါသည်)

အထက်ပါအချက်များသည် သုတေသန ပညာရှင်များနှင့် ဆေးပညာရှင်များက အသက်ရှည်ရှည် နေရသူများကို လေ့လာပြီး တွေ့ရှိထားသည့် အချက်များဖြစ်သည်။ ပျော်ရွှင်သောဘဝ၊ ကျန်းမာသောဘဝ ပိုင်ဆိုင်သူများသည် ပရမ်းပတာ ဖြစ်သလို နေထိုင်ကြသူများ မဟုတ်ပေ။ စားချိန်၊ အိပ်ချိန်မှအစ စည်းကမ်းရှိကြသူများဖြစ်သည်။ လူ့စည်းကမ်းနှင့်အညီ နေထိုင်ပြီး ဘာသာတရားကိုင်းရှိုင်းသူများ အသက်ရှည်သည်ကို တွေ့ရသည်။ အစားတွင် စည်းကမ်းရှိသူများမှာ ရောဂါကပ်ငြိခြင်းဘေးမှ ကင်းဝေးသည်ကိုလည်း တွေ့ရသည်။ လေ့ကျင့်ခန်းကို မပျင်းမရိ နေ့စဉ်ပြုလုပ်ခြင်း၊ လမ်းလျှောက်ခရီးသွားခြင်းသည်လည်း အသက်ရှည်ဆေးတစ်ပါးဖြစ်သည်။

## မိမိကိုယ်မိမိ စောင့်ရှောက်ပါ

အသက်ရှည်ဖို့အတွက် ဆရာဝန်များ၊ သမားတော်များ၊ ဆေးကောင်းဝါးကောင်းများ မှီဝဲခြင်းထက် ရောဂါမဖြစ်မီက ကြိုတင်၍ သတိရှိရှိဖြင့် မိမိကိုယ်မိမိ စောင့်ရှောက်ခြင်းသာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။

အသက်ရှည်ခြင်းသည် ကံ၊ ကံ၏ အကျိုးနှင့်ဆိုင်သည်။ ကျန်းမာခြင်းမှာ မိမိကိုယ်တိုင်သတိပြု ဆင်ခြင်၍ စောင့်ရှောက်ခြင်းနှင့်ဆိုင်သည်။ 'မိမိကိုယ်မိမိ စောင့်ရှောက်နိုင်ပါစေသတည်း' ဟုရှေးက ဆရာကြီးများ ဆုပေးသည်ကို တွေ့ရဖူးပါသည်။ ဆရာကြီးဦးသုခ၏ 'သုခီအတ္တာနံ ပရိဟရန္တု' ဟူသော နိဂုံးစာတန်းမှာလည်း အထက်ပါဆုတောင်းအတိုင်းပင် ဖြစ်သည်။ မှန်ပါသည်။ လူ့သက်တမ်းစေ့ နေလိုလျှင် သက်တမ်းမစေ့သည့်တိုင် နေရသမျှ အချိန်ကာလတွင် အနာရောဂါ ကင်းဝေး၍ ကျန်းမာစွာနေလိုလျှင် ဆင်ခြင်တုံတရားဖြင့် မိမိကိုယ် မိမိစောင့်ရှောက်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း တင်ပြလိုပါသည်။ ။



ဆူဇီကို Lancome အမှတ်တံဆိပ် မိတ်ကပ် စတင်မိတ်ဆက်ပွဲအခမ်းအနားတွင် တွေ့ရစဉ်။

# ဆံပင်ပုံစံသစ်နဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ဆံပင်ရှည်ကြီးကို ခေါင်းပေါ်မှာ စုစည်းထားတဲ့ ပုံစံမျိုးနဲ့သာ ပြင်ဆင်လေ့ရှိသူဖြစ်ပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့အမှတ်အသားတစ်ခုလိုဖြစ်နေတဲ့ ဆံပင်ပုံစံကို ပြောင်းလဲကာ ဆံပင်တွေကို ကျောပေါ်မှာ ဖြန့်ချထားတာ တွေ့ရပါတယ်။ ဒါ့အပြင် ဆံပင်ကိုလည်း လာဗင်ဒါရောင် ဆိုးထားတာကို တွေ့ခဲ့ရကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆံပင်ရှည်ကြီးတွေကို စုစည်းထားလေ့ရှိတဲ့ အရီရန်နာဂရန်းဒ်ဟာ ပြီးခဲ့တဲ့ စနေနေ့က နယူးယော့ခ်မှာ အလည်အပတ်ထွက်ခဲ့ရာမှာတော့ လာဗင်ဒါရောင်ဆိုးထားတဲ့ ဆံပင်တွေကို အပေါ်ယံအနည်းငယ်ကိုယူကာ စည်းထားခဲ့ပြီး ကျန်ဆံပင်တွေကိုတော့ ကျောပေါ်မှာသာ ဖြန့်ထားခဲ့တာဖြစ်ပါတယ်။ ဆိုက်လွန်ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ဖိနပ်ရှည်တွေကိုလည်း တွဲဖက်ဆင်မြန်းထားတာ တွေ့ရပါတယ်။

အသက် ၂၅ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်ဟာ ဆံပင်အရောင် ပြောင်းလဲခဲ့တာနဲ့ ပတ်သက်ပြီး သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာလည်း ဖော်ပြကာ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ ဆံပင်အရောင် ပြောင်းလဲပြီးနောက် ရိုက်ကူးထားတဲ့ သူ့ရဲ့ ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပြီး ဓာတ်ပုံရဲ့အောက်မှာတော့ လာဗင်ဒါလို့ ရေးသားထားတာကိုလည်း တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်ဟာ သရုပ်ဆောင်တစ်ဦးဖြစ်သူ ပီးထ်ဒေးဗစ်ဆန်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားပြီး မကြာမီမှာပင် စေ့စပ်ကြောင်းလမ်းခဲ့ကြပါတယ်။ ချစ်သူဟောင်း တေးသံရှင် မစ်ခ်မေလာနဲ့ လမ်းခွဲပြီး ပီးထ်ဒေးဗစ်ဆန်နဲ့ လက်တွဲခဲ့တဲ့ အရီရန်နာဂရန်းဒ်က သူ့ရဲ့အမှတ်အသားတစ်ခုလို့ ဆိုနိုင်တဲ့ သူအမြဲ ပြင်ဆင်လေ့ရှိတဲ့ ဆံပင်ပုံစံဟာလည်း မစ်ခ်မေလာနဲ့ လမ်းခွဲပြီးနောက် ပြောင်းလဲသွားပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အချစ်သစ်နဲ့ ဘဝသစ်မှာ အရီရန်နာဂရန်းဒ်က ဆံပင်ပုံစံသစ်ကိုပါ ပြောင်းလဲခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာတော့ အရီရန်နာဂရန်းဒ်ဟာ ချစ်သူ ပီးထ်ဒေးဗစ်ဆန်ရဲ့ ရုပ်ရှင်ရိုက်ကွင်းကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒေးဗစ်ဆန်ဟာ လတ်တလောမှာ "Big Time Adolescence" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်နေတာဖြစ်ပြီး အရီရန်နာဂရန်းဒ်ကတော့ မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ "God Is A Woman" တေးဗီဒီယိုနဲ့ပတ်သက်ပြီး အလုပ်တွေများနေတာဖြစ်တယ်လို့လည်း သိရပါတယ်။





# အလက်စကာကို သွားရောက်မယ့် ဂျန်ဟွတ်ခ်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ဟွတ်ခ်ဟာ ရုပ်သံအစီအစဉ်ကို ရိုက်ကူးဖို့ရာ အလက်စကာကို သွားရောက်မှာဖြစ်ပါတယ်။ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "City Fishers" မှာ ဂျန်ဟွတ်ခ်က ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့တာဖြစ်ပြီး ယင်းအစီအစဉ်အတွက် အလက်စကာကို ရိုက်ကူးရေးခရီးထွက်ရမှာဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၉ ရက်မှာတော့ အဆိုပါရုပ်သံအစီအစဉ်ကို ထုတ်လွှင့်မယ့် Channal A က အစီအစဉ်သစ်မှာ ဂျန်ဟွတ်ခ် ပါဝင်မှာဖြစ်ကြောင်းနဲ့ အလက်စကာမှာ သွားရောက်ရိုက်ကူးဖို့ရာ စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ရိုက်ကူးရေးအတွက် ဂျန်ဟွတ်ခ်ဟာ ဇူလိုင် ၂၆ ရက်မှာ တောင်ကိုရီးယားမှ စတင်ထွက်ခွာမှာဖြစ်ပြီး အလက်စကာမှာ ရက်သတ္တတစ်ပတ်ခန့် ရိုက်ကူးရေးလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

"City Fishers" အစီအစဉ်ဟာ ငါးမျှားဝါသနာပါသူ ကြယ်ပွင့်တွေကို ရိုက်ကူးပြသလေ့ရှိတဲ့ အစီအစဉ်ပါ။ ဒီအစီအစဉ်မှာ ကမ္ဘာတစ်ဝန်း ငါးဖမ်းဖို့ရာ ကောင်းမွန်တဲ့နေရာတွေ၊ လှပတဲ့နေရာတွေနဲ့ လူသိမများသေးတဲ့ ငါးမျှားလို့ကောင်းတဲ့ နေရာတွေကို ရှာဖွေကာ စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ဆက်တာဖြစ်ပါတယ်။

ဂျန်ဟွတ်ခ်ဟာ နောက်ဆုံးအနေနဲ့ "Work of Love" ဇာတ်လမ်းတွဲကို ရိုက်ကူးခဲ့တာဖြစ်ပြီး မကြာမီမှာတော့ "Bad Papa" ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# နွေရာသီဖက်ရှင်တွေနဲ့ လှနေတဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ကို ကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါကြောင့် တစ်ချိန်ဒီရက်ပိုင်းမှာ နယူးယော့ခ်ရဲ့ လမ်းတွေပေါ်မှာ က တေလာဆွစ်ရဲ့ နွေရာသီဖက်ရှင်တွေ နေ့စဉ်လိုလို တွေ့မြင်ရတာဖြစ်ပါတယ်။ ဒီလို ပြန်လည်ပေါ်ထွက်လာပြီဖြစ်ကြောင်း အများတွေ့ရာမှာလည်း ပေါ့ပ်ကြယ်ပွင့်ဟာ နွေရာသီ က ဝေဖန်ခဲ့ကြတယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းနဲ့ လိုက်ဖက်တဲ့ ပြင်ဆင်မှုတွေနဲ့ လှနေတာ မှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။



ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာလည်း တေလာဆွစ်ကို နယူးယော့ခ်ရဲ့ လမ်းတွေပေါ်မှာ တစ်ကိုယ်တည်း တွေ့ခဲ့ရပါတယ်။ သူဟာ လတ်တလောမှာ နောက်ဆုံးထွက်ရှိထားတဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Reputation" အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာဖြစ်ပြီး ဖျော်ဖြေပွဲခရီးစဉ်တွေ ခေတ္တရပ်နားချိန်မှာ ယခုလို နယူးယော့ခ်မှာ တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်တွေကလည်း နွေရာသီဖက်ရှင်တွေနဲ့ လှနေတဲ့ တေလာဆွစ်ကို ဒီလမ်းမတွေပေါ်မှာပဲ တွေ့ခဲ့ရပါတယ်။

ယခုလအစပိုင်းမှာ ကျရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့မှာလည်း တေလာဆွစ်ဟာ ချစ်သူဖြစ်တဲ့ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်နဲ့အတူ ကမ်းခြေမှာ အပန်းဖြေခဲ့ပါတယ်။ တေလာဆွစ်ဟာ ဂျိုးအော်ဝင်န်နဲ့ ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့စဉ်က မီဒီယာတွေကို အမြဲတိမ်းရှောင်ခဲ့ပြီး သူတို့နှစ်ဦးရဲ့ အချစ်ရေးကိုလည်း ဖွင့်ဟဝန်ခံခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ တရားဝင်လက်တွဲလာခဲ့တာကို တွေ့ရပါတယ်။



# ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ဆောင်ဂျွန်ကီ

တောင်ကိုရီးယားရဲ့ အအောင်မြင်ဆုံးသော ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Descendants of the Sun (DOTS)"နဲ့ ပရိသတ်အသိအမှတ်ပြုခြင်းခံခဲ့ရတဲ့ မင်းသား ဆောင်ဂျွန်ကီဟာ လတ်တလောမှာတော့ ဇာတ်လမ်းတွဲသစ် "Asadal Chronicles"ကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲဟာ ဆောင်ဂျွန်ကီအနေနဲ့ ဆောင်းဟေကိုနဲ့ လက်ထပ်ခဲ့ပြီးနောက် ပထမဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ ဆောင်းဟေကိုကလည်း မကြာသေးမီက သူ့ရဲ့မင်္ဂလာပွဲပြီးနောက် ပထမဆုံးရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲကို ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဆောင်းဟေကိုကတော့ ယင်းဇာတ်လမ်းတွဲသစ်မှာ ဆောင်ဂျွန်ကီရဲ့ အရင်းနှီးဆုံးသော သူငယ်ချင်းတစ်ဦးဖြစ်သူ ပေါ့ခ်ဘိုဂန်းနဲ့ တွဲဖက်ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဆောင်ဂျွန်ကီရဲ့ ရုပ်ရှင်သစ် " Asadal Chronicles"မှာတော့ သူနဲ့အပြိုင် မင်းသမီး ကမ်ဂျီဝန်က ခေါင်းဆောင်ပါဝင်သွားမှာပါ။ အခြားသော ဇာတ်ဆောင်တွေအဖြစ် မင်းသား ဂျန်ဒေါင်ဂန်နဲ့ မင်းသမီး ကမ်အို့ဘင်တို့ ပါဝင်သွားမှာဖြစ်ပြီး tvN ရုပ်သံလိုင်းမှ တာဝန်ယူရိုက်ကူးထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲဟာ ပေါ့ပေါ့ပါးပါးနဲ့ ပျော်စရာဇာတ်လမ်းမျိုး ဖြစ်ပါတယ်။ သူရဲကောင်းတစ်ဦးနဲ့ သူ့ရဲ့ ရန်သူတို့ဟာ သူတို့ရဲ့ အတွေးကမ္ဘာထဲမှာ ကိုယ်ပိုင်ကမ္ဘာတွေကို သီးခြားရှာဖွေတွေ့ရှိထားကြတာ ဖြစ်ပါတယ်။ ဆောင်ဂျွန်ကီက အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ အွန်ဆွန်နေရာက ပါဝင်ထားတာဖြစ်ပြီး သူ့ရဲ့ရန်သူအဖြစ် မင်းသား ဂျန်ဒေါင်ဂန်က သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

အေးပြည့် - ရေးသားသည်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ပြည်နယ်ဥပဒေချုပ်ရုံးဖွင့်ပွဲ တက်ရောက်



**မြစ်ကြီးနား ဇူလိုင် ၂၀**
ကချင်ပြည်နယ် ဥပဒေချုပ်ရုံးသစ် ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက အဆိုပါရုံးသစ်တွင် ကျင်းပသည်။

ကချင်ပြည်နယ်ဥပဒေချုပ်ရုံးသစ်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေအရာရှိ ဒေါ်သစ်သစ်ဝင်းက ရုံးအဆောက်အအုံဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မြမိုရ်စံဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်သူက ရုံးအဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရုံးအဆောက်အအုံအား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၂၄၅ ဒသမ ၅ သန်း အကုန်အကျခံကာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ စတင်တည်ဆောက်ခဲ့ရာ အလျား ၇၆ ပေ၊ အနံ ၆၆ ပေ၊ အမြင့် ၂၅ ပေရှိ အာရ်စီအမျိုးအစားတွင် အစည်းအဝေး ခန်းမဆောင်တစ်ခန်း၊ ဧည့်သည်နားနေခန်းတစ်ခန်း၊ ဥပဒေချုပ်ရုံးခန်းတစ်ခန်း၊ ရုံးအဖွဲ့မှူးခန်းတစ်ခန်းနှင့် အရာထမ်း၊ အမှုထမ်းများရုံးခန်းတို့ ပါဝင်သည်။

ရုံးသစ်ဖွင့်ပွဲသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဥပဒေဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## တိုတိုထွာထွာဖတ်စရာ

### မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မိုင်းယောင်း**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြသခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအလယ်တန်းကျောင်း (တပ်တွင်း) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးမင်းမောင်က ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သိကောင်းစရာများနှင့် အရေးပေါ် မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးဟောပြောခဲ့ပြီး မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက အဆိုပါကျောင်းရှေ့တွင် မီးငြှိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများကိုလည်း လက်တွေ့မီးငြှိမ်းသတ်စေခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်သရုပ်ပြ

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်သရုပ်ပြစိုက်ပျိုးခြင်းကို ဇူလိုင် ၂၀ ရက်နံနက် ၈ နာရီက နမ့်မော်ဆွမ့်ကျေးရွာ ကွင်းအမှတ် ၄၄၊ ဦးပိုင်အမှတ် ၄၁-၁၊ တောင်သူ ဦးစိုင်းထွန်းတင်၏ စံပြလယ်စိုက်ကွက် ၃ ဒသမ ၉၃ ဧကပေါ်တွင် DU-12 မိုးစပါးမျိုးပင်များ လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါစံပြစိုက်ကွက်သို့ လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့်နည်းပညာသုံး ဘက်စုံစံပြကျေးရွာဧက ၃၀၀ ကြီးကြပ် ဦးစီးအရာရှိ ဦးအေးချိုထွန်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်နီနီထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုဘွယ်နှင့် ဝန်ထမ်းများ၊ နမ့်မော်ဆွမ့်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖဖ၁**

### ပင်လည်ဘူးမြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြင့်ဦးနှင့်အဖွဲ့သည် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီတွင် ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစီးအရာရှိ ဦးဝင်းမြင့်ဦးက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ၁၄၄ ဦး၊ ကျောင်းသူ ၂၅၆ ဦး စုစုပေါင်း ၄၀၀ တို့အား လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်



**နေပြည်တော် ဇူလိုင် ၂၀**
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၉ ရက်ထိ တာချီလိတ်နယ်စပ်ဝင်၊ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၅၆၀၃ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၄၁ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၄၇ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန် စသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည်။

**ကြေးမုံ**

# မိုးညှင်း–မိုးကောင်းကြား ရထားသံလမ်းတံတား ပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်ပြေးဆွဲ

**မိုးကောင်း ဇူလိုင် ၂၀**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း ကုန်းတန်းကြီးကျေးရွာတွင် ဇူလိုင်၂၀ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများတိုက်စားကာ ရထားသံလမ်းတံတား ပျက်စီးနေ၍ ရထားသွားလာမှု ခေတ္တရပ်ဆိုင်း ထားရာမှ သံလမ်းတံတား ပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်ပြန်လည်ပေးဆွဲလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းကာ တောင်ကျရေများစီးဆင်းခဲ့သဖြင့် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ မီးရထားသံလမ်းမိုင်တိုင်အမှတ် ၆၆၀/၁၄ နှင့် ၆၆၀/၁၅ ကြားရှိ ရထားတံတားအမှတ် ၆၃၆ (A) Open Type တံတား၏ အုတ်ခုံနောက်ကျောမြေသားများ ရေတိုက်စားပြိုကျခဲ့၍ ရထားသွားလာမှု ခေတ္တရပ်ဆိုင်းထားရကာ မြန်မာ့ရထား သံလမ်းအင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးရဲမင်းထွန်း ဦးဆောင်သည့် ရထားဝန်ထမ်းများ၊ ပင်းဘောရဲစခန်းမှ တပ်ဖွဲ့ဝင်



များ၊ နယ်မြေခံတပ်မှတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပြုပြင်ခဲ့၍ မွန်းလွဲ ၂ နာရီတွင် ရထားသံလမ်းတံတား ပြန်လည်ကောင်းမွန်ခဲ့ကာ အတက်၊ အဆင်းရထားများဖြစ်သည့် မိုးညှင်း-မြစ်ကြီးနား(RBE)ကားရထားနှင့် အမှတ်(၅၆)အစုန် အထူးအမြန်ရထား၊ အမှတ်(၅၅)အဆန် အထူးအမြန်ရထားများ ၎င်းတံတားပေါ်မှ ပုံမှန်ပြန်လည်ခုတ်မောင်း ဖြတ်သန်းနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တိုတိုထွာထွာဖတ်စရာ

### ငါးသားပေါက်ကောင်ရေ တစ်သိန်းလွှတ်

**မုံရွာ**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးမျှားဝါသနာရှင်အသင်းတို့ပူးပေါင်း၍ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ ကန်သာယာကန်အတွင်းသို့ငါးသားပေါက်များ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရေချိုငါးမျိုးစိတ်များပြန့်ပွားစေရန်၊ တိုင်းဒေသကြီးအတွင်းငါးစားသုံးမှု မြင့်တက်ရေးကို အထောက်အကူဖြစ်စေရန်၊ ရေချိုငါးမျိုးစိတ်ပြုန်းတီးမှု ကာကွယ်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ကန်သာယာကန်အတွင်းသို့ ငါးသားပေါက်များလွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ကန်သာယာကန်အတွင်းသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးမျှားဝါသနာရှင်အသင်းမှ အသင်းသားများက ငါးမြစ်ချင်း ၄၀၀၀၀ ၊ ထိုင်းငါးခုံးမ ၃၀၀၀၀၊ တီလားဗီးယား ၃၀၀၀၀ စုစုပေါင်းကောင်ရေ တစ်သိန်းအား လွှတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပန်းတောင်းမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**ပန်းတောင်း**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းမှ မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ယင်းအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။ **မြတ်သူရိန်**

### ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်နှင့် အစားအသောက်များလှူဒါန်း

**တနသ်ာရီ**
တနသ်ာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနသ်ာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ရိပ်သာကျောင်းရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေကြရသော ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင် ဦးဆောင်သောအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ထမင်းထုပ်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ချောင်းငယ်ရပ်ကွက် မွန်စု-သီတာလမ်း ရိပ်သာကျောင်းတိုက်အတွင်းရှိ ရေဘေးသင့်ပြည်သူ ကလေးနှင့် လူကြီး ၁၁၅ ဦးတို့အား ထမင်းထုပ်နှင့် စားသောက်ဖွယ်ရာများကို မြို့နယ်အစီအစဉ်အရ သွားရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လှူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ကမမောင်းမြို့ပေါ်ရပ်ကွက်များသို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဝေ

**ကမမောင်း ဇူလိုင် ၂၀**
ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ပြည်နယ်အစိုးရ၏ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော ၃၃-ကေဗွီဓာတ်အားခွဲရုံမှ ၁၁ ကေဗီ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာများသို့ ဇူလိုင် ၁၈ ရက် ည ၇ နာရီမှစတင်၍ မြို့ပေါ်ရပ်ကွက်များသို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခင်က ကမမောင်းမြို့ပေါ်၌ ဒီဇယ်အင်ဂျင် ၃၀၀ ကေဗွီဖြင့် တစ်ညလျှင်သုံးနာရီသာ လျှပ်စစ်မီးရရှိခဲ့ပြီး ယခုအခါအိမ်သုံးလျှပ်စစ်မီတာတပ်ဆင်ပြီးစီးထားသော အိမ်များမှာ ၂၄ နာရီလျှပ်စစ်မီးရရှိနေကြပြီးဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်သဖြင့် ပြည်သူများ ဝမ်းမြောက်လျက်ရှိနေကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည်



**မောင်တော ဇူလိုင် ၂၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပါမောက္ခအထူးကု ဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"အဓိက နှလုံးရောဂါတွေ၊ ကလေးတွေမှာဆိုရင် ဦးနှောက်အာရုံကြောနဲ့ ပတ်သက်တဲ့ရောဂါတွေ၊ အရိုး၊ အကြော၊ အဆစ်နဲ့ ပတ်သက်တဲ့ရောဂါတွေ ကုသပေးသွားမယ်။ ခွဲစိတ်စရာရှိတဲ့ လူနာတွေကိုလည်း ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံမှာ ခွဲစိတ်ကုသမှုတွေ လုပ်ပေးသွားမယ်" ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဆေးကုသရေးအဖွဲ့တွင် သားဖွားမီးယပ် ပါမောက္ခအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ နှလုံးအထူးကု သမားတော်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ အရိုး၊ အကြော၊ အဆစ်အထူးကုဆရာဝန်ကြီးများ၊ အရေပြားရောဂါအထူးကု ဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ ဦးနှောက်အာရုံကြောနှင့် စိတ်ရောဂါ အထူးကုဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုဆရာဝန်များ ပါဝင်ကြောင်း သိရသည်။

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ကျန်းမာရေး စောင့်ရှောက်မှုခံယူမည့် ပြည်သူများအနေဖြင့် ဇူလိုင် ၁၈ ရက်မှ စတင်ကာ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် စေတီတောင်တိုက်နယ် ဆေးရုံတို့တွင် ကြိုတင်စာရင်းပေးသွင်းရန် ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ကိုမင်း**
**ဓာတ်ပုံ-ကျော်ကျော်**

# ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
## စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ကျေးဇူးတော်ရှင်ဖြူးဆရာတော်ကြီး၊ တည်ထောင်သာသနာပြုသီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြမည့် ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်-ဓမ္မကထိကဗဟုဇနဟိတဓရ) ပြည်တွင်းပြည်ပမဟာစည်နာယက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A,Ph.D သာသနာပြုနယ်လှည့်ဓမ္မကထိကနှင့် သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က (၁၉) ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၈၀ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်၊ ၂၈-၇-၂၀၁၈ရက် (စနေနေ့) နံနက်(၉)နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စဓမ္မပူဇာအလှူဒါန အစုစုတို့ကို ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၇၈၈၇၉၇၇၅၄တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## (၁၅)ရက်အထူးတရားစခန်းပွဲ

(၁၃၈၀)ခုနှစ်၊ သာကေတမြို့နယ်၊ သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ

**တရားဟောပြ ဆရာတော်ဦးပညာဝံသာ လက်ာရ(၈)ဘွဲ့ရ ဆရာတော်**

(၁၃၈၀)ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့မှ လကွယ်နေ့အထိ (၂၇-၇-၂၀၁၈ရက်မှ ၁၁-၈-၂၀၁၈)ရက်အထိ (၂၆)ရက် ညအရောက်ကြွပါ။

## (၄၅)ရက် အထူးတရားစခန်းပွဲ

(၂၆-၈-၂၀၁၈မှ ၉-၁၀-၂၀၁၈)ရက်အထိ

(၁) ဝါခေါင်လပြည့်နေ့မှ လကွယ်နေ့အထိ
**(၁၅)ရက် တရားဟောပြဆရာတော် ဦးသြဘာသ(ဖြေဆည်ရာဆရာတော်)**

(၂) တော်သလင်းလဆန်း(၁)ရက်မှ လပြည့်နေ့အထိ
**(၁၅)ရက် တရားဟောပြဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တတေဇိန္ဒ**
(သွေးဆေးကန်ဆရာတော် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကမှ ဟောကြားပါမည်။)

(၃) တော်သလင်းလပြည့်ကျော်(၁)ရက်မှ လကွယ်နေ့အထိ
**(၁၅)ရက် တရားဟောပြဆရာတော်ကြီး အရှင်ဇဝန(စံရိပ်ငြိမ်ဆရာတော်)**

မှတ်ချက်။ ။ **တရားစခန်းဝင်မည့် ယောဂီများ အကြိုနေ့လာရောက်ရန်နှင့် စာရင်းကြိုတင်ပေးသွင်းရန်။**
**(ဆွမ်းစရိတ်မယူပါ။) ယောဂီ(၁၂၀)သာလက်ခံပါသည်။**
အရုဏ်ဆွမ်း(၇၀၀၀၀ိ/-)၊ နေ့ဆွမ်း(၁၅၀၀၀၀ိ/-)၊ အရုဏ်ဆွမ်းအချိုပွဲ (၂၀၀၀၀ိ/-)၊ နေ့ဆွမ်းအချိုပွဲ-ရေခဲမုန့်၊ ကိတ် (၅၀၀၀၀ိ/-)၊ ညအအေး (၂၀၀၀၀ိ/-)နှင့် ထာဝရဆွမ်းပဒေသာပင်၊ ရေ၊ မီး ဆေးပဒေသာပင်များလှူဒါန်း နိုင်ပါသည်။

**လှူဒါန်းနိုင်သောနေရာများ**
**သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ**
၇/အနောက်ရပ်ကွက်၊ မြခွာညိုအိမ်ရာရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဇနိမာရ်အောင်စေတီတော်၏ မြောက်ဘက်မုခ်ဦးမှ ဝင်ပါ။
**ဆရာတော်ဖုန်း-၀၉၅၁၇၉၃၄၃၊ ၀၉၄၃၁၆၇၉၉၇၊ ၀၁-၄၅၀၂၀၆**
**ဓမ္မအကျိုးတော်ဆောင်ဒေါ်လှသိန်း-၀၉၄၃၁၂၉၁၃၀**

**ဝါဆိုလပြည့်နေ့ - (မွန်းလွဲ၁နာရီ)တွင် သံဃာတော်(၅၄)ပါး “ဝါဆိုသင်္ကန်းကပ်လှူ”မည် ဖြစ်ပါသည်။**
**သင်္ကန်း(၁)စုံ(၁၀၀၀၀ိ/-)၊ ထီး/ဖိနပ်(၅၀၀၀ိ/-)၊နဝကမ္မ(၁၀၀၀၀ိ/-)ကျပ် လှူဒါန်းမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။**

## သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

| | | |
|---|---|---|
| - မင်္ဂလာဒုံ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ အလျားပေ (၁၆၀)၊ အနံပေ (၅၆)၊ သုံးထပ်ဆောင် (ဘုရားခန်းမဆောင်) တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀ |
| - လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - ပြုတင်းတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - အိမ်သာ၊ ရေချိုးခန်း တစ်ခန်းလျှင် | ကျပ် | ၈၀၀၀၀၀ |
| - ဆရာဝန်နားနေဆောင် | ကျပ် | ၅၀၀၀၀၀၀ |
| - ဝရန်တာတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - ပေ (၂၀x၅၀) တခန်းလျှင် | ကျပ် | ၅၀၀၀၀၀၀ |
| - အမိုးနှင့်မျက်နှာကျက်တစ်ကျင်းလျှင် | ကျပ် | ၁၅၀၀၀၀၀ |
| - လူနာ ခုတင်တစ်လုံးလျှင် | ကျပ် | ၁၅၀၀၀၀ |

**ရွှေပြည်ဟိန်းကျောင်း။** ပြည်သာယာ ရန်ကင်း ILBC အနီး တာမွေလေးသံလမ်း။ ဖုန်း – ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃
**သီတဂူရွှေပြည်ဟိန်းကျောင်း။** ကျော်ထားတာ်အားနွဲရုံအနီး ပြည်လမ်း၊ မင်္ဂလာဒုံ ဇေတဝန်မွေ့ရုံကျောင်းဆောင်။ ဖုန်း – ၀၉-၄၃၀၉၆၄၈၁
ရွှေပိုင်တရှေ့ဘဏ် Ashin Khemasirilinkara Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။

### “ လုံးချင်း၊ မြေကွက်၊ ကွန်ဒို – အမြန်ရောင်းမည် ” (ပွဲစားမလို)

09-5041674, 09-43089567, 09-420222143, 09-5506735

| | | | | |
|---|---|---|---|---|
| ၁။ မင်းဓမ္မကွန်ဒို | (2380Sqft) | ပြင်ဆင်ပြီး | | 3550 သိန်း |
| ၂။ ရွှေဟသာကွန်ဒို | (2150Sqft) | ပြင်ဆင်ပြီး | | 4000 သိန်း |
| ၃။ မင်းဓမ္မလမ်းအနီး | (42'x110') | မြေ | | 4800 သိန်း |
| ၄။ (၇)မိုင်ပြည်လမ်းသွယ် | (40'x150') | ဂရံ | | 5500 သိန်း |
| ၅။ လှိုင်မြကန်သာအိမ်ရာ | (80' x 70') | RC2 | | 8000 သိန်း |
| ၆။ လှိုင်အေးရိပ်မွန်အိမ်ရာ | (68' x 90') | RC2 | | 9000 သိန်း |
| ၇။ ဗဟာသံလွင်လမ်းသွယ် | (65' x 90') | မြေ | | 10500 သိန်း |
| ၈။ မင်္ဂလာဒုံသစ်ခွဲရုံ | (10 ဧက) | မြေ | 1 ဧက | 1050 သိန်း |
| ၉။ အရှေ့ဒဂုံစက်မှုဇုန် | (1.2 ဧက) | မြေ | | 4700 သိန်း |

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဗောဓိကုန်းရပ်ကွက်၊ မြစပါယ်လမ်းနေ အဖ ဦးအေးထွန်း၏သား မောင်မင်းသွေးကိုအား ၁၈-၇-၂၀၁၈ရက်မှစ၍ မောင်အောင်ကိုဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကိုဦး**

### တစ်ဦးတည်းဖြစ်ကြောင်း

မှော်ဘီမြို့၊ သီရိရတနာရပ်ကွက်နေ မဆွေဇင်သက်ဝေ [၁၂/မဘန(နိုင်)၁၇၅၉၉၇]၏ ဖခင် ဦးစောသခူ(ခ)ဦးသက်ဝေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောသခူ(ခ)ဦးသက်ဝေ**

### aysmufqkdumif

ကျွန်တော် မောင်ဇော်မျိုးမင်း မှတ်ပုံတင်အမှတ် [၁၂/ခရန(နိုင်)၁၄၀၁၅၁] CDC No-106912 ၏ Workshop skill certificate ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါ။
**ဖုန်း-၀၉-၇၉၉၃၃၇၃၇၀၃**

### တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးဖြစ်သော မောင်ဆွတ်ဆိုင်းနော်၏ ဖခင် ဦးဂျန်မော်တူး(ခ)ဦးအားခေါ [၁/ဝမန(နိုင်)၀၃၂၆၀၄]သည် တစ်ဦးတည်းဖြစ်ပါသည်။

### ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းချယ်ရီ [၁/မကန(နိုင်)၁၀၉၁၆၅]၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၆၃၀၀၇၄၇**







**"စိုင်းခွန်နောင်" ကုမ္ပဏီ**
အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း
ဝယ်/ငှား သန့်ရှင်းသောနေရာကောင်းများ (ပွဲစားမလို)
01-8603565~7, 01-233 1172~4, 09 4431 65656, 09 250 373716, 09 4430 29696

| | | | |
|---|---|---|---|
| ■ ကျွှာအေးဘုရားလမ်းမဘေးဘိုးဘွား | (55×150) | 2RC | 32000L |
| ■ ဗိုလ်ချုပ်ပြတိုက်လမ်းဘိုးဘွား | (60×136) | 3RC+2RC | 25000L |
| ■ သုဝဏ္ဏအားကစားကွင်းအနီး၊ရန် | (120×85) | 2RC | 25000L |
| ■ ရတာဘောက်ထော်၊ရန် | (55×107) | 2RC | 12500L |
| ■ အောင်မြေသာစည်အိမ်ရာ၊ရန် | (60×60) | 2RC | 9000L |
| ■ သဃကာမလိဝဒိမ်ရာ၊ဖမ်း | (59×106) | မြေ | 6500L |
| ■ တ/ဥ၊ဝေဇယန္တာလမ်းမ(ဒုတ်)ရန် | (40×60) | မြေ | 6000L |
| ■ ရှင်စောပုလမ်းမ | (140×140) | 2RC+1RC | $9000 |
| ■ မြို့ငင်းပြည်လမ်း(ဒုတ်) | (18000sqft) | 3RC | $8100 |
| ■ အောင်မြေသာစည်အိမ်ရာ | (45×80) | 4RC | $5000 |
| ■ ရွှေတောင်ကြား | (60×130) | 2RC | $2500 |
| ■ တက္ကသိုလ်ရိပ်သာလမ်း | (14500sqft) | 2RC | 150L |
| ■ အင်းယားလမ်းမ | (80×120) | 3RC | 80L |
| ■ သံသုမာလမ်းမ၊ L ကွက် | (40×60) | 1RC | 25L |
| ■ ဇဂ္ဂိုတ်အိမ်ရာ | (80×90) | 2RC | 23L |

ဤကြော်ငြာတွင်မပါရှိသော်လည်း လူကြိုက်များသော ဝယ်ယူ/ငှားရမ်းလိုသော နေရာများအား ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**Daddy Travels & Tours** မှ ဝါဆိုလပြည့်နေ့
မိုင်းဖုန်းဆရာတော်ဘုရားကြီး ဘုရားထီးတင်အလှူ 25-7-2018 ထွက်မည်
လှိုင်အမ်းအစ်တောင်တန်းပေါ်ရှိ မိုင်းဖုန်းဆရာတော်ဘုရားကြီး၏ ထီးတော်တင်အလှူ၊ မန်အူဘုရား၊ ရေမွှမ်း၊ ဘော်ကြိုဘုရား၊ Little Bagan၊ သီပေါဟော်နန်း၊ ကိုးမြို့နန်း၊ ကွတ်ခိုင်ဈေး၊ ကျောက်မဲဈေး၊ ဝေဇရာစနကျောက်စိမ်းစေတီ။
Ph: 09-448001903, 09-440334848, 09-429550864

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံစားတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

**တိုက်ခန်းများအမြန်ငှားရန်ရှိသည်**
ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ လှိုင်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ အဆင့်မြင့်တိုက်ခန်းများ အမြန်ငှားရန်ရှိပါသည်။ တိုက်ခန်းအကျယ်အဝန်း ပေ(30x60), BR-1,4 AC, ပါကေးခင်းထား၍ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော တိုက်ခန်းများဖြစ်ပါသည်။
ငှားရမ်းမည့်တိုက်ခန်းအလွှာများ-ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ်။
ဆက်သွယ်ရန်ဖုန်း-၀၉-၆၉၅၁၃၈၀၅၃




**T.KATE**
**(Dip. in Eng) UFL**
English 4 Skills
(Special Class)
အိမ်လိုက်သင်သည်။
ဖုန်း-၀၉ ၇၆၅၀၅၀၁၆၇၊ ၀၉ ၅၀၅၀၁၆၇

**အမြန်ရောင်းလိုသည်။**
(12x50)မြေညီထပ်+ပထမထပ်၊Aircon-3 လုံး၊မီတာ(၂)လုံး၊ ပြင်ဆင်ပြီး၊ ကားပါကင်ရှိ၊ ဦးဝိစ္စလမ်း၊ပုဇွန်တောင်မြို့နယ်၊ ဖုန်း- 09 5122233,09 975122233 သိန်း(၁၀၅၀)






ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
LCCI International Qualifications
Approved Centre
Jan Exam တန်းခွဲများ
Sunday Only Class
Level - I+II
Class (A) (22.7. 2018) SUN 09:00 - 12 am
Class (B) (26.7. 2018) TH/FR 6:00-8:00pm
Class (C) (6.8.2018) MO/TU/WE 7 - 8:30am
Class (D) (17.8.2018) TH/FR 9:30-12:00am
Class (E) (20.8.2018) MO/TU 4:00-6:00pm
Level- III (A)(22.7. 2018)
A/C IAS (SUN 9:00 - 12:00)
CMA (SUN 12:30 - 3:30)
ABC (SUN 3:45 - 5:15)
Level- III (C) (7.8. 2018)
A/C IAS (MON, TUE 6:00-8:00 pm)
CMA (WED,THU, FRI 6:00-8:00pm)
ABC (SAT 6:00 -8:00 pm)
Level- III (B) (7.8. 2018)
A/C IAS (TUE, WED 9:30-11:30)
CMA (MON,TUE,WED 12 - 2:00)
ABC (MON 9:30 -11:30)
၂၃၉၊ (တ)ထပ်၊ဘားလမ်း ကျောက်တံတား၊ရန်ကုန်။
095103002, 0978 5103002

SNN ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.7.2018) အတွင်း
ငွေကျပ် (၅)သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို ဘေးထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈
PH; ၀၉-၄၄၃၀၁၂၆၉၃၊ ၀၉- ၂၅၄၂၀၈၁၀၂

ဘယ်လိုမေး? ဒီလိုဖြေမယ်
တို့ကျောင်းသား
၂၀၁၉ - တက္ကသိုလ်ဝင်စာမေးပွဲ
မေးခွန်းပုံစံသစ်
လေ့ကျင့်ရန် မေးခွန်း(၅)စုံ နှင့် ဖြေဆိုနည်း လမ်းညွှန်



ပြည့်ဝေကျော်စာပေ ▪ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၁ – ၃၈၅၁၃၆ ၊ ၀၉ –၇၃၀ ၂၄၉ ၂၉

BUSINESS ESSENTIALS
စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခမဲ့ဟောပြောပွဲ
Organized by MYANMAR'S LAND



ဟောပြောမည့်သူ - ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)
Doctor of Business Administration (Candidate)
Founder & CEO (Myanmar's Land Institute)
Academic Advisor (London Business Academy)
ဟောပြောမည့်နေ့ရက် - ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့)
ဟောပြောမည့်အချိန် - နေ့လယ်(၁၂)နာရီမှ (၂)နာရီ
ဟောပြောမည့်နေရာ - တော်ဝင်စင်တာ(ပဒိုမိုရှင်းဗေရီယာ – ဒုတိယထပ်)
မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။
ABE(UK)၏ Certificate in Business Essentials သင်တန်းအကြောင်းကိုပါ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)၏ ဓာတ်ပုံပွဲတော်ကိုပါ ဖုတ်ဖွဲ့ကျင်းပသွားပါမည်။
Contact : 01 503172



## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း (သစ်တော)
### အသက်(၉၁)နှစ်

စစ်ကိုင်းအသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဦးအုန်းသည် ၁၁-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရည်
### အသက် (၇၉) နှစ်

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးစိုးမိုးကျော် (စိုးမိုး-IBC) ၏ ချစ်လှစွာသောဖခင် ဦးတင်ရည် အသက် (၇၉နှစ်) သည် ၁၃-၇-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုး**
**စွယ်စုံမီဒီယာ (SweSone Media Group)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လမ်ရှုရီ(ခ)ဒေါ်ရှုရီ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝါးတန်းလမ်း၊ မြန်မာ့အလှတာဝါ အခန်း(၇၀၁/က)နေ ဦးဝေလွင်ထွန်း (GMA)-ဒေါ်စန္ဒာလင်းတို့၏ မိခင် ဒေါ်လမ်ရှုရီ(ခ)ဒေါ်ရှုရီ အသက်(၇၈)နှစ်သည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းမိသားစု**
**(ရွှေမြန်မာလေကြောင်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်တင် (ပုတီးကုန်း)
### အသက်(၇၄)နှစ်

ချစ်သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး-ဒေါ်ဇင်ဇင်သန့် တို့၏ မိခင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဗိုလ်မှူး သန်းဆွေ(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်မြင့်တင် (ပုတီးကုန်း)သည် ၁၉-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၃၅)၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းမြင့် (ဒိုက်ဦး)
**B.Com (B.F.I)**
### အသက်(၇၃)နှစ်
**လ/ထ ညွှန်မှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းမြို့နယ်နေ သူငယ်ချင်း ဒေါ်ဝင်းမြင့်သည် ၁၅-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်-၁၉၆၄-၆၈ ခုနှစ် သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်(ငြိမ်း)
**D.S.A (၁၂)၊ ကြည်း-၁၁၆၈၉**
### အသက်(၇၁)နှစ်

သူငယ်ချင်း ၁၉-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၂)**
**ကျောင်းဆင်း သူငယ်ချင်း မိသားစုများ**

## ဒေါ်နီနီခိုင်
**B.E com (Statistics)**
### အသက်(၆၃)နှစ်

ပြည်မြို့၊ အမှတ်(၃၀)၊ ကန်လမ်း၊ ကျောင်းကြီးအိုးတန်း ရပ်ကွက်နေ (ဦးကြည်ထုံ-ဒေါ်ကြည်ကြည်)၏ သမီး၊ (ဦးခင်မောင်ညွှန့်) - ဒေါ်အေးအေးသောင်း(ခိုင်မာဇာဘော်လီ)၊ ဒေါ်ကြင်ကြင်၊ ဦးခင်မောင်သိန်း၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်စိန် (ချမ်းသာ စားသောက်ဆိုင်)တို့၏ ညီမ၊ ဒေါက်တာရီရီခိုင်၊ ဒေါ်မာလာခိုင် (ထက်အုပ်-တာဝရေတံခါး၊ သနပ်ပင်မြို့နယ်)တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်၊ မြေးတစ်ယောက်၏ အဘွား ဒေါ်နီနီခိုင်သည်၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သောင်း
**အိုးအိမ်၊ ဒု/ညွှန်မှူး -ငြိမ်း**
### အသက် (၉၁) နှစ်

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်နေ (ဦးဘိုးသက်၊ ဒေါ်ဖွားကြီး)၊ (ဦးဖိုးမင်း-ဒေါ်မြင့်)တို့၏ သမီး၊ (ဦးထွန်းရွှေ)၏ ဇနီး၊ ဦးထွန်းရ-(ဒေါ်ခင်ညွှန့်)တို့၏ အစ်မ၊ ဒေါ်ဝင်းဝင်းရွှေ ဦးတေဇအောင်ဝင်း၊ ဒေါ်နှင်းနှင်းဝေ၊ ဒေါ်ကြူကြူရွှေ ဦးနန္ဒကျော်(မြန်မာ့ဆက်သွယ်ရေး)၊ ဒေါ်အေးအေးခိုင်-ဦးတင်မြင့် (Suntac) တို့၏မိခင်၊ Dr.လင်းဇော်ထွန်း၊ Dr.မင်းမော်ကွန်း၊ မောင်ရဲနန္ဒအောင်၊ မောင်မင်းသန့်နိုင်တို့၏အဘွားသည် ၂၀-၇-၂၀၁၈ရက် မွန်းလွဲ ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် တိုက်(၁၀၅)၊ အခန်း(၃)၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သိန်း (၈၁)နှစ်
**BA.HGP RL လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊**
**စက္ကူစာတတ်ပုံကုန်သွယ်ရေး**

ဒလမြို့၊ အံကြီးရပ်ကွက်နေ (ဦးစိုးမောင်-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသောင်းဖေ-ဒေါ်လုံးတင်)တို့၏သားသမက်၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ်(၁၂၈၀)နေ ဒေါ်ကြည်ကြည်မြ(အလယ်တန်းကျောင်းအုပ်-ငြိမ်း)၏ ချစ်ခင်ပွန်း၊ ဂျာမေဂါနိုင်ငံနေ ဒေါက်တာနေမျိုးထွဋ်-ဒေါက်တာအိအိသိန်း၊ ဦးကိုကိုကျော်၊ ဦးညီညီကျော်(ခေတ္တ-UK)တို့၏ ဖခင်၊ မောင်ပြည်ဖြိုးထွဋ်၊ မောင်ကျော်စိုးထွဋ်တို့၏အဘိုး ဦးကျော်သိန်းသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်ရှိန် (ဝါးခယ်မ)
**စာကြည့်တိုက်မှူး-၂၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်**
### အသက် (၇၄) နှစ်

ဝါးခယ်မမြို့နေ (ဦးထွန်းရှိန်-ဒေါ်တင်နွဲ့)တို့၏သမီး၊ ဝါးခယ်မမြို့နေ (ဦးစိန်လက်ကောက်-ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဇမ္ဗူသပြေလမ်း၊ အမှတ်(၁၂၀/၂)နေ ဦးမင်းဦး (ဌာနမှူး၊ သင်တန်းရေးရာ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၏ ဇနီး၊ ဒေါက်တာခိုင်ကြည်ဦး(တွဲဖက်ပါမောက္ခ ရုက္ခဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးသန်းအောင်တိုး-ဒေါက်တာမေကြည်ဦး(ခေတ္တ-စင်ကာပူ)၊ ဦးကျော်မင်းထွန်း (လ/ထညွှန်မှူး-ငြိမ်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)-ဒေါက်တာမြင့်မြင့်သန်း(နွေမိုးဆောင်း-ဆေးကုခန်း)တို့၏မိခင်၊ မောင်ကျော်တိုးခန့် (ခေတ္တ-စင်ကာပူ)၊ မောင်မြတ်မင်းဆွေတို့၏အဘွားသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်လေး
### အသက်(၅၄)နှစ်
**Director Pale Nadi Group of Companies**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၁၉၅၊က/၃) လမ်းနေ ဦးစိန်အေး-(ဒေါ်အေးကြည်)တို့၏ သား၊ ဦးခင်ဦး-ဒေါ်သန်းသန်းဆင့်၊ ဦးခင်လတ်ကြီး(ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်စန်းစန်းပွားတို့၏ညီ၊ ဒေါ်ခင်ဌေးမော်၏ အစ်ကို၊ ဒေါ်ရွှေရည်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မခေတ်ဦးမေ(အထက-၂၊ ကမာရွတ်)၏ ချစ်လှစွာသော ဖခင်၊ ကိုဟိန်းထက် (ကံသာရာဆေးရုံ)၊ မောင်ထက်မြတ်ဦး၊ မောင်ကျော်သက်ဦးတို့၏ လေးလေးသည် ၂၀-၇-၂၀၁၈ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်လေး
**ဒါရိုက်တာ(ပုလဲနဒီကုမ္ပဏီ)**
### အသက်(၅၄)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စန်းစန်းပွားတို့၏ ညီဖြစ်သူ ဦးခင်လေး အသက်(၅၄)နှစ် ဒါရိုက်တာ (ပုလဲနဒီကုမ္ပဏီ) သည် ၂၀-၇-၂၀၁၈ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သတ္တုတွင်းဦးစီးဌာန**
**ဝန်ထမ်းများ**

**တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)**
## ဒေါ်ခင်မြင့်တင်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၂၆)၊ ညောင်ရမ်းလမ်းနေ ဗိုလ်မှူးသန်းဆွေ(ငြိမ်း)၏ ဇနီး ဒေါ်ခင်မြင့်တင်သည် ၁၉-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးခင်လေး
### အသက် (၅၄) နှစ်
**Director, Pale Nadi group of Companies**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅၀၇)၊ ပြည်လမ်းနေ (ဦးကျော်ထွန်းဦး-ဒေါ်မြင့်မြင့်ဝေ)တို့၏သားသမက်၊ ဦးသူရကျော်-ဒေါ်အေးမိုးသီတာ၊ ဦးဇေယျကျော်-ဒေါ်မြသက်ချယ်၊ ဦးသုမောင်ကျော်-ဒေါ်အားဘူတို့၏အစ်ကို ဒေါ်ရွှေရည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မခေတ်ဦးမေ၏ချစ်လှစွာ သောမွေးသဖခင်သည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဗိုလ်မှူးစောဘုန်းကျော်(ငြိမ်း)
**ကြည်း/၁၇၇၁၅**
**O.T.S(65)**
**ခလရ (၇)**
### အသက် (၆၅) နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၉/၇) နေ (Rev:ဦးအားစီ-ဆရာမ ဒေါ်အေးစိန်)တို့၏ချစ်လှစွာသောသား၊ ဗန်းမော်မြို့နေ (ဦးစောဘလူစေး-နော်ဘလယ်စေး)တို့၏သားသမက်၊ တောင်ငူမြို့၊ ဒယ်စုရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၄၃၁)နေ ဆရာမနော်စေးခူ၏ ချစ်လှစွာသောခင်ပွန်း၊ နော်ထက်ထက်ထူး - မောင်ဉာဏ်လင်းအောင်တို့၏ ဖခင်၊ နော်ဗစ်တိုးရီးယား၏အဘိုး၊ ဒေါ်သန်းသန်းရွှေ(တုံဟွာကျောင်း)-[ဦးမြင့်လွင် (ခ) ဦးသောမတ်စ်]၊ ဦးမိုးမြင့်-ဆရာမဒေါ်မြင့်မြင့်ဦး၊ (Rev: ဦးစောဒေးဗစ်ရွှေ)-ဒေါက်တာဒေါ်ဒယ်ဘီဝင်း၊ (ဦးစောအောင်ခင်)-ဆရာမ နော်ရှိုင်းနင်းမွန်း၊ ဆရာမဒေါ်သိန်းသိန်းအေး(အထက-၅၊ တောင်ကြီး)တို့၏ မောင်/ညီ/အစ်ကို ဗိုလ်မှူးစောဘုန်းကျော် (ငြိမ်း) သည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒေါ်ကြူကြူ
### အသက်(၇၄)နှစ်
**(လမ်းမတော်-သံဈေး)**

အမှတ်(၈၅၄-A)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးကြီးစိန်-ဒေါ်ခင်စိန်)တို့၏ သမီး၊ ဦးစိုးမြင့်-ဒေါ်ဘေဘီ၊ ဦးဒေးဗစ်-ဒေါ်စွမ်ကြူး၊ (ဦးစိုးသိန်း)၊ ဦးလွင်ဦး-ဒေါ်ကြည်ကြည်သင်း(ခ)မခိုင်တို့၏ ညီမ/အစ်မ၊ ဦးနိုင်ဦး၊ ဦးသက်ဦး-ဒေါ်သက်သက်ကြည်အေး၊ မရီရီဝင်း-ကိုထွန်းထွန်းဝင်းတို့၏ မိခင်၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) မွန်းလွဲတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်တင်တင်
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၇၃)၊ သီရိမင်္ဂလာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးအလင်း၏ဇနီး၊ ဦးထွန်းရွှေ ဦးအောင်ကျော်၊ ဦးမျိုးမင်းထိုက်-ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းလင်းတို့၏ မိခင်၊ မောင်ကျော်ဇင်ထွန်း၊ မသက်ထက်ထွန်း၊ မောင်သက်ထူးဇော်တို့၏ အဘွားသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်တင်
### အသက်(၇၄)နှစ်
**(ပုတီးကုန်းမြို့)**

ပုတီးကုန်းမြို့နေ (ဦးဟန်တင်-ဒေါ်အုန်းစိန်)တို့၏ သမီးကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၂၆)၊ ညောင်ရမ်းလမ်းနေ ဒေါ်ခင်မြင့်တင်၊ ဦးသန်းဇော်ဦး-ဒေါ်မတူး၊ မငြိမ်းယမုန်၊ ဒုတိယဗိုလ်မှူးကြီးသန်းဇော်ထူး-ဒေါက်တာဇင်ဇင်သန့်၊ (မောင်ညီညီသန်းဆွေ-မခင်ပပစိုး) တို့၏ မွေးသမိခင်၊ မောင်သုတအောင်၊ မမေသက်တင်၊ မောင်ဇေလင်းထူး၊ မောင်ဇေယျာထူးတို့၏ ချစ်လှစွာသော ဘွားဘွား၊ ဗိုလ်မှူးသန်းဆွေ(ငြိမ်း)၏ ဇနီး ဒေါ်ခင်မြင့်တင်သည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်မျိုးညွှန့်ဦး(ခ)ကိုကို
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃၈)၊ ဖိုးဝဇီယာလမ်း၊ (၃၉ဘီ)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးတိန်တိုး-ဒေါ်သောင်းစိန်တို့၏သား၊ (ဦးစိုးအောင်)-ဒေါ်နှင်းအေးတို့၏ သားသမက်၊ မအေးအေးစိုး၏ ခင်ပွန်း၊ ကိုသန်းကျော်-မမေမေခင်၊ မကေသီဦး၊ ကိုမြတ်လှိုင်-မဥမ္မာဦးတို့၏ မောင်၊ ဦးကိုလွင်-မအေးသန္တာဦး၊ မအိရွှေစင်ဦးတို့၏ အစ်ကို၊ မဝတ်ရည်ဝင့်၏ ဖခင်၊တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဘုန်းကျော်
### အသက်(၈၅)နှစ်
**(ဝက်လက်မြို့နယ်အသင်း နာယကကြီး)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းတောင်၊ အမှတ်(၂၆၉)နေ (ဦးဘဌေး-ဒေါ်တင်)တို့၏ သား၊ (ဦးစန္ဒ-ဒေါ်အုန်းခင်)တို့၏ သားသမက်၊ (ဒေါ်တင်ဌွေ)၏ ခင်ပွန်း၊ ဦးညီညီလွင်-ဒေါ်ပိုပိုလင်း၊ ဦးမြင့်သော်-ဒေါ်မာမာလွင်၊ ဦးတင့်လွင်-ဒေါ်ခင်မာလာစိုး၊ ဒေါ်သန္တာလွင်(အင်ဂျင်နီယာဌာန-အဆောက်အအုံ)၊ ဒေါ်သီတာလွင် (ဦးစီးအရာရှိ-ကရင်ပြည်နယ်စီမံကိန်းရုံး)တို့၏ ဖခင်၊ မြေးရှစ်ယောက် တို့၏ အဘိုးသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၄၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မြင့် (ကျိုက်လတ်မြို့ ညောင်ချောင်းကျေးရွာ)
### အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ ညောင်ချောင်းကျေးရွာနေ (ဦးဖန်သီး-ဒေါ်သိန်း)တို့၏ သားလတ်၊ ဦးရွှေအေး-ဒေါ်တင်လှ(ဒေါ်ညို)တို့၏ မောင်၊ အရှေ့ဥယျာဉ်တိုက်သီရိခေမာကျိုက်လတ်ကျောင်းဆရာတော်(ဘဒ္ဒန္တသုဇာတ)၏ ညီ၊ (ဦးတင်ဌွေ)၊ (ဦးကြည်-ဒေါ်ခင်ထွေး)၊ (ဦးခင်ဝင်း)-ဒေါ်ကြည်ကြည်နွဲ့တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုန်းလမ်း၊ ဘူတာရပ်ကွက်၊ ပန်းလှိုင်(၂)လမ်း၊ အမှတ်(၇၃)နေ ဒေါ်ဘီ(ခ)ဒေါ်နှင်းအေး၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုလှစိုးဦး-မယဉ်မင်းမြထွဋ်၊ ကိုသူရဇော်-မကြည်ကြည်ဝေ၊ ကိုအောင်စိုးမိုး၊ ကိုဖြိုးကိုကို၊ မအေးသော်တာမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီး၊ မမိုးမြင့်ကြယ်စင်၊ မနေခြည်ရွှန်းလဲ့ တို့၏ ချစ်လှစွာသော အဘိုး ဦးတင်မြင့်သည် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိန် (ပုသိမ်ကြီးမြို့)
### အသက် (၇၇) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဗိုလ်ကြီးခင်မောင်လွင် (ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး၊ နေပြည်တော်)-ဒေါ်တင်တင်နွယ်(အလပြ၊ ဇီးချိုကုန်းရွာ)၊ (ဦးဝင်းမော်)-ဒေါ်အေးအေးသန်း၊ ဦးသိန်းထိုက်-ဒေါ်မြင့်မြင့်စန်း၊ အောင်သုခရပ်ကွက်နေ ဦးရန်သိန်း-ဒေါ်အေးအေးနွယ်၊ နန်းမြို့တွင်းနေ ဦးရန်လင်းသိန်း-ဒေါ်စန္ဒာထွေး၊ အောင်သုခရပ်ကွက်နေ ဦးဝင်းချို-ဒေါ်သိန်းသိန်းနွယ်(ရွှေတောင်ကဖေး)၊ ပဲခူးမြို့နေ ဦးရန်ဝေးသိန်း-ဒေါ်မိုင်အိအိပိုင်(အလပြ)၊ အောင်သုခရပ်ကွက်နေ ဒေါ်ဥဥနွယ်(မလပြ)တို့၏မိခင်၊ ဦးချစ်သိန်း(ကျောင်းအုပ် ဆရာကြီး-ငြိမ်း)၏ ဇနီးသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် နေအိမ်မှ ပုသိမ်ကြီးမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးရဲညွှန့် (ဒိုက်ဦး)
### အသက် (၆၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာနေ (ဦးဘညွှန့်-ဒေါ်ခင်သိန်း)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးကျင်မောင်-ဒေါ်တုတ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တ/ဥက္ကလာပမြို့နယ်နေ ဦးမြင့်ဆွေ-ဒေါ်အိရွှေတို့၏ညီ/မောင်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသီတာညွှန့်-ဒေါ်တင်တင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဝင်းမောင်)-ဒေါ်ခင်မာညွှန့်တို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၄၂၀)နေ ဒေါ်တင်နွဲ့၏ ခင်ပွန်း၊ (ဦးစိုးလွင်)-ဒေါ်ဖြူဖြူဝင်း၊ တ/ဥက္ကလာပမြို့နယ်နေ (ဦးဆန်းဝင်းအောင်)-ဒေါ်သီဂီဝင်း၊ (၄၉) ရပ်ကွက်နေ ဦးဝဏ္ဏဇော်-ဒေါ်သဇင်ဝင်း၊ ကိုရဲစိုးလင်း၊ ကိုရဲထွန်းလင်း-မခိုင်ဆုမွန်လွင်၊ ကိုရဲဇော်လင်း(ဆရာရဲဇော်လင်း ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း)၊ မဝေဝေနှင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ အောင်ချမ်းသာ (၅)လမ်း၊ အမှတ်(၄၂၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး
### အသက် (၆၃) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်းမြို့နယ်၊ ရွှေပြည့်ရှင်ကျေးရွာနေ (ဦးသိန်းတုတ်)-ဒေါ်အုန်းလှိုင်တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ သခင်မြ(၂)လမ်း၊ အမှတ်(၁၁၅)နေ မောင်ဖြိုးကိုကို-မဇာခြည်လင်း၊ မောင်ဖြိုးညီညီ၊ မသိင်္ဂီလွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး နှစ်ယောက်တို့၏ အဘိုး၊ ဒေါ်မြနွဲ့ (ခ) ဒေါ်ချို၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ကြည်စုအအေးတိုက်မှ ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇံဦး(ခ)တိုးတိုး
### အသက်(၅၁)နှစ်
**(ကျောက်ဖြူမြို့)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၇၄)၊ အခန်း(၁)နေ (ဗိုလ်ကြီးဘစံ-ဒေါ်ဒေါ်လီ)တို့၏ သားကြီး၊ (ဦးကျော်သိန်းအောင်)-ဒေါ်တင်တင်ရီတို့၏ သားသမက်၊ (ဦးကျော်ဇံထွန်း)၊ ဦးကျော်ဇံထွေး၊ ဒေါ်ခင်မာဇင်တို့၏အစ်ကိုကြီး၊ မလှမဥ္ဇူကျော်၊ မပန်းသဇင်ကျော်၊ မောင်မင်းခန့်ကျော် တို့၏ ဖခင်၊ ဒေါ်လှမြတ်ကျော် (တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီနှင့် ကျောက်ဖြူအသင်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ





ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့၏ ဗိုလ်လုပွဲကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အလွတ်တန်း) ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ အကောင်းဆုံးဂိုးသမားဆုကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် -၁ ထူးကိုက လည်းကောင်း၊ အကောင်းဆုံးနောက်တန်းဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်-၂၅ အောင်ထက်ဝေက လည်းကောင်း၊ **စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖**

## နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ သွားရောက်မည်

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်တွင်ကျင်းပခဲ့သည့် ပထမအကြိမ် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး၏နောက်ဆက်တွဲအနေဖြင့် ယင်းလုပ်ငန်းအဖွဲ့တွင် ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ UNDP နှင့် UNHCR ရန်ကုန်ရုံးတို့မှ ကိုယ်စားလှယ်များသည် ဇူလိုင် ၁၈ ရက်တွင် နေပြည်တော်၌ တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် လုပ်ငန်း အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသို့ ကနဦးသွားရောက်နိုင်ရေး အသေးစိတ်ဆွေးနွေးခဲ့သည်။

ပထမအကြိမ်မြောက် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးတွင် UNDP နှင့် UNHCR မှ အဆိုပြုလာသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များမှ လျာထားသော ကျေးရွာအုပ်စု ၃၁ အုပ်စုအောက်ရှိ ကျေးရွာများတွင် Assessment ပြုလုပ်သွားနိုင်ရန် လုပ်ငန်းအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်မည့် ကျေးရွာအုပ်စုတို့ သတ်မှတ်နိုင်ရန် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**

## PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၈



တနင်္သာရီမြို့၌ မိုးရွာသွန်းမှုနှင့် တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်လာမှုကြောင့် လူနေအိမ်များ ရေနစ်မြုပ်နေသည်ကို တွေ့ရစဉ်။

## တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လာမှုကြောင့် နေအိမ်များ ရေနစ်မြုပ်

**မြိတ် ဇူလိုင် ၂၀**


တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၀ ရက်က တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်ကာ မြစ်ရေတိုးလာမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတွင်နေထိုင်သူများ နေအိမ်များ ရေနစ်မြုပ်မှုကြောင့် ထပ်မံပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

တနင်္သာရီမြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက် ၁၂ နာရီခွဲခန့်က တိုင်းထွာမှုအရ တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ် ရောက်ရှိနေသည့်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်ကိုးလုံးမှ အိမ်ထောင်စုများကို သက်ဆိုင်ရာက ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✪**


GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
Now Open

ကင်ဆာရောဂါဓါတ်ရောင်ခြည်ကုသမှုစင်တာ



- ခေတ်မီစက်သစ်ကြီးဖြစ်သော (VARIAN Vital Beam)ဖြင့် ကုသနိုင်ခြင်း။
- ကင်ဆာဆဲလ်များကို အထိရောက်ဆုံးကုသနိုင်သော 3D CRT, IMRT, VMAT နည်းပညာများ အသုံးပြုနိုင်ခြင်း။
- ကောင်းမွန်သော ဆဲလ်များနှင့် ကိုယ်တွင်းအစိတ်အပိုင်းများကို ဓါတ်ရောင်ခြည်သင့်မှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း။
- Rapid Arc Technique ပါရှိသဖြင့် နေ့စဉ်ကုသမှုတွင် အချိန်တိုခြင်းကြောင့် လူနာ သက်တောင့်သက်သာရှိခြင်း။
- kV, MV, Cone Beam CT များဖြင့် ပုံရိပ်ဖော်၍ ကင်ဆာဆဲလ်ရှိသော နေရာအား တိကျစွာ စစ်ဆေးကုသနိုင်ခြင်း။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

## လီဆူတိုင်းရင်းသားတို့ ပျော်ရာမြေ(သုံးမိုင်ရွာ)သို့ အလည်တစ်ခေါက်



စိုင်းဇော်လတ်(လင်းခေး)

လီဆူ( LISU) တိုင်းရင်းသားလူမျိုးစုတို့သည် စာရေးသူတို့နေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများ ၁၃၅ မျိုးအနက် ကချင်လူမျိုးနွယ်စုဝင်ခြောက်မျိုးတွင် ပါဝင်သည့် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပေသည်။

လီဆူလူမျိုးတို့သည် မြန်မာပြည်မြောက်ပိုင်းဒေသဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသအနှံ့အပြားတို့တွင် အများဆုံးပျံ့နှံ့နေထိုင်လျက်ရှိကြသည်ကို လေ့လာသိရှိရသည်။ ထို့ကြောင့် လီဆူလူမျိုးစုတို့၏ နေထိုင်ရာဒေသအလိုက် ၎င်းတို့ဘာသာစကား၊ စာပေတို့ တူညီခဲ့ကြသော်လည်း ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့ပုံချင်း အနည်းငယ်မျှ ကွဲပြားခြားနားကြသည်။ ရှေးအစဉ်အလာ လီဆူရိုးရာဓလေ့များ ကွဲပြားခြားနားခြင်း မရှိကြ၊ လူမျိုးစုများအားလုံး တူညီကြသည်ဖြစ်ကြောင်း လေ့လာသိရှိနိုင်သည်။

အထူးကဏ္ဍ [ ၁ ] သို့ »»

## ခူမီး(ချင်း)တို့၏ ရိုးရာဝါးတန်းလှည့်ခြင်းအားကစားအကြောင်း တစေ့တစောင်း

သီသီမင်း၊ ဓာတ်ပုံ -ပီတာ



တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် (ချင်း)ခူမီးလူမျိုးများသည် ဝါးပင်လှလှ၊ ဝါးလုံးလှလှလေးများကိုလည်း နှစ်သက်မြတ်နိုးတတ်သူများဖြစ်ကြရာ ခူမီးလူမျိုးတို့နေထိုင်သည့် ကျေးလက်ဒေသများရှိအိမ်တိုင်းနီးပါးတွင် ဝါးလုံးတုတ်ချောများ သိမ်းဆည်းထားသည်ကို တွေ့ရမည်ဖြစ်သည်။

ဝါးပင်ကို ချစ်မြတ်နိုးသူများပီပီ အချောသပ်ထားသည့် ဝါးလုံးများဖြင့် ခူမီးအမျိုးသားလူငယ်လေးများ၏ တစ်ဦးနှင့်တစ်ဦး အားစမ်းအားကစားသည့် ဝါးတန်းလှည့်ခြင်းကစားနည်းကိုလည်း ရိုးရာကစားနည်းအဖြစ်ကစားကြကြောင်း ခူမီးစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ပလက်ဝ)မှ သိရသည်။

ရှေးအခါက ခူမီးကာလသားများသည် ဝါးတန်းလှည့်ခြင်း ကစားရန်အတွက် ကစားကွင်းနေရာ အတိအကျသတ်မှတ်ထားခြင်းမရှိဘဲ အိမ်ရှေ့မြေတလင်း၊ ရေချိုးဆိပ်၊ မြက်ခင်းပြင်နှင့် နေအိမ်အတွင်း၌ အဆိုပါကစားနည်းကို ကစားကြသည်။

နောက်ပိုင်းတွင် ရွာ၏အလယ်ကောင်ရှိ ညီညာချောမွေ့သော မြေတလင်းကို အသုံးပြုလာကြကြောင်းနှင့် အဆိုပါမြေတလင်းတွင် ကွင်းပုံစံအဖြစ် စက်ဝိုင်းတစ်ခုရေးဆွဲကာ စက်ဝိုင်း၏ အလယ်တွင် ဗဟိုစည်းဆွဲထား၍ ဗဟိုစည်းအတွင်း၌သာ မိမိနှစ်သက်သလို နေရာပြောင်းရွှေ့ ကစားနိုင်ကြောင်း သိရသည်။

(ချင်း)ခူမီးလူမျိုးတို့၏ ရိုးရာကစားနည်းများထဲတွင် ဝါးတန်းလှည့်ခြင်းကစားနည်းသည် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် အင်အားစိုက်ထုတ်ရသော လက်စွမ်းပြကစားနည်းဖြစ်၍ ညနေချိန်နှင့် လသာသောညများတွင် အချင်းချင်း ယှဉ်ပြိုင်ကစားကြသည်။

"တောရွာဓလေ့အရ နေ့လယ်ပိုင်းမှာဆို တောင်ယာတွေ ဘာတွေ သွားကြတယ်၊ ညပိုင်းအားတဲ့အချိန်မှာ လူငယ်တွေ ဝိုင်းဖွဲ့ပြီး ဝါးလုံးလေးတွေနဲ့ အားစမ်းကျတာပေါ့၊ ဘယ်သူအားပိုရှိလဲဆိုပြီး ကစားတဲ့ လက်လှဲကစားနည်းနဲ့ တူပါတယ်"ဟု ပလက်ဝမြို့နယ်မှ ခူမီးလူမျိုး ကိုပီတာလွယ်လူးက ပြောသည်။

ဝါးတန်းလှည့်ခြင်းကစားနည်း၏ တစ်ခုတည်းသော အခြေခံအားကစားကိရိယာမှာ အရင်းပိုင်းမှခုတ်ဖြတ်၍ အချောသပ်ထားသည့် အခေါင်းပိတ်ပါသော ဝါးရင်းတုတ်ချောပင်ဖြစ်ပြီး အဆိုပါဝါးမှာ အလျားခြောက်ပေ၊ လုံးပတ် ခုနစ်လက်မအရွယ်ခန့်ရှိပြီး မကျိုးမကွဲနိုင်အောင် သန်မာတောင့်တင်းနေရမည်ဖြစ်ကြောင်း သိရသည်။

"ကစားတော့မယ်ဆို ဝါးလုံးကို ကောင်းတဲ့ဟာကို ရွေးလေ့ရှိတယ်၊ ကိုယ်တွေလှဲနေတဲ့အချိန်မှာ ချော်သွားရင် အန္တရာယ်ရှိနိုင်တယ်လေ၊ ဝါးခိုင်၊ မခိုင်အရင်စစ်တယ်"ဟု ကိုပီတာလွယ်လူးက ပြောသည်။

ထိုသို့ကစားရာတွင် အဖျားနှစ်ဖက်ထိပ်ကိုလည်း အချွန်အတက်မရှိစေဘဲ အရှည်တစ်ဝက်ခန့်တွင် ဝါးကို အဖြူရောင် (သို့မဟုတ်) အနီရောင်ကွင်းထားခြင်းသည် ဝါးတန်းလှည့်ခြင်းပြိုင်ကြမည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ကိုင်တွယ်ရမည့် ဘယ်လက်အနေအထားကို ခြားထားခြင်းဖြစ်ပြီး ယင်းကို ခြားစည်းဟုခေါ်ကြောင်း သိရသည်။

ဝါးတန်းလှည့်ခြင်းကစားနည်းသည် တစ်ဦးချင်းအားပြိုင်သော ကစားနည်းဖြစ်ရာ ပါဝင်ယှဉ်ပြိုင်သူသည် မိမိနှစ်သက်သောဘက်တွင် နေရာယူနိုင်သည်။ သို့ရာတွင် ပြိုင်ဘက်ကစားသမားနှစ်ဦး စတင်နေရာယူရာတွင် ဘယ်၊ ညာ ခြေထောက်အနေအထားသည် တစ်တန်းတည်း ကျနေရမည်ဖြစ်ပြီး ဘယ်ခြေကို ညာခြေ၏ ၄၅ ဒီဂရီအနေအထားတွင် ထားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝါးရင်းတုတ်ကိုင်မည့် လက်အနေအထားမှာလည်း ချိုင်းအောက်တွင် ညှပ်၍ မိမိရင်ဘက်ရှေ့နေရာတွင် ညာလက်ဖြင့် ဆုပ်ကိုင်ရမည်ဖြစ်ကာ ထိုသို့ အဆင်သင့်ဖြစ်ပြီး

အထူးကဏ္ဍ [ ၁ ] သို့ »»

အထူးကဏ္ဍ [ က ] သို့ »»»

ထိုသို့ဖြစ်သောကြောင့် စာရေးသူသည် မိမိနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်းရှိ သုံးမိုင်၊ ကိုးမိုင်ဒေသတို့၌ နေထိုင်လျက်ရှိကြသည်။ လီဆူလူမျိုး တိုင်းရင်းသားများကျေးရွာသို့ အလည်တစ်ခေါက် သွားရောက်လေ့လာဖြစ်ခဲ့ရာ ၎င်းဒေသနေ လီဆူလူမျိုးတို့အကြောင်းအား အနည်းငယ်တင်ပြလိုပါသည်။

**လီဆူလူမျိုးစု၏နောက်ခံသမိုင်း**

လီဆူ( LISU )တို့သည် လိုလိုမှဆိုးအုပ်စုဝင် မျိုးနွယ်စုဖြစ်သည်။ ၎င်းတို့၏ မူရင်းဒေသမှာ တရုတ်နိုင်ငံ မူကူးဒီဒေသဖြစ်သည်။ ထိုအချိန်သမယက လီဆူဟု ခေါ်ဆိုခြင်းမရှိခဲ့သေးပေ။ ဘီစီ-၂၀၀၊ ဘီစီ-၄၀၀ အတွင်း ဂျီဒူ၊ ကိုးဒူဒေသမှတစ်ဆင့် တရုတ်ပြည် ရှမ်းတို့နေထိုင်ရာ နန်ချောင်ဒေသ ဘူချီကီလက်ထက်မှ စတင်က“လီဆူ”ဟူသော လူမျိုးနွယ်စုပေါ်ပေါက်လာခဲ့ကြောင်း လီဆူတို့၏နောက်ခံသမိုင်းများတွင် လေ့လာတွေ့ရှိရသည်။

ဘီစီ-၂၀၀ မှ အေဒီ-၂၀၀ ကြား တရုတ်ပြည် လီကျန်းဒေသတစ်ဝိုက်၌ နေထိုင်ခဲ့ကြစဉ် တရုတ်ပြည် မဟာတံတိုင်းကြီး တည်ဆောက်ရာတွင် တရုတ်ဘုရင်က လီဆူတို့အား စေခိုင်းမှု ပြုလုပ်ခဲ့သည်။ ထိုသို့ခိုင်းစေမှုအလုပ်ကြမ်းဒဏ်ကို လီဆူတို့ မခံမရပ်ဖြစ်ခဲ့ကြသဖြင့် တရုတ်ဘုရင်ဩဇာအာဏာမှ ကင်းလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြရသည်။



အေဒီ-၈၅၀ခန့်၌ လိုလိုအုပ်စုဝင်လီဆူတို့သည် တရုတ်နိုင်ငံ လီကျန်းဒေသဘက်မှ မြန်မာပြည်မြောက်ဘက်ခြမ်း မဲခေါင်ဒေသနှင့် သံလွင်မြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ချီဖွေမြို့နယ် ပြားမာဒေသသည် ပထမဦးဆုံး လီဆူတို့နေထိုင်ရာဒေသဖြစ်သည်။ အေဒီ-၁၃၀၀သို့ ရောက်သော် သံလွင်မြစ်(မြောက်ပိုင်း) ယားဟာဘာဒေသမှတစ်ဆင့် သံလွင်မြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်နယ် ကိုးကန့်ဒေသ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အချို့ရှမ်းအရှေ့ ထိုင်းနိုင်ငံ နယ်စပ်ဒေသအသီးသီးတို့၌ ပျံ့နှံ့နေထိုင်လာခဲ့ကြကြောင်း ၎င်းတို့သမိုင်းကြောင်းတွင် လေ့လာတွေ့ရှိခဲ့ရသည်။

**လီဆူတို့မျိုးနွယ်အခေါ်အဝေါ်**

လီဆူလူမျိုးစုသည် ကချင်မျိုးနွယ်စုဝင် ခြောက်မျိုးရှိသည်အနက် တစ်မျိုးဖြစ်သည်။ ကချင်မျိုးနွယ်စု ကျန်ငါးမျိုးတို့ကဲ့သို့ ဒူဝါ၊ နယ်ပိုင်၊ တောင်ပိုင်၊ မြေရှင်၊ အုပ်ချုပ်သူ လူတန်းစား၊ စော်ဘွားဟူ၍မရှိ။ လီဆူတို့ နေထိုင်သောဒေသမှ ဩဇာတိက္ကမရှိသူ လူပုဂ္ဂိုလ်တစ်ဦးဦးအား လူကြီးအဖြစ် တင်မြှောက်ကာ စီရင်ဆုံးဖြတ်မှုပြုကြသည်။ လီဆူလူမျိုးစုအတွင်း ပြစ်မှုကြီးငယ်ပေါ်ပေါက်မှု နည်းပါးခဲ့ကြသည်ဟု လီဆူမျိုးနွယ်စုသမိုင်းများ၌ လေ့လာတွေ့ရှိရသည်။

လီဆူတို့အား အချို့က လီစူး၊ လီဆို၊ လီရှော၊ ယောရင်၊ ချီးရှန်၊ လီဆူးဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ သို့သော်မူလကပင် “လီဆူ”ဟုသာ သမုတ်ထားရှိခဲ့ကြောင်း လီဆူလူမျိုးတို့က ဆိုသည်။

**လီဆူတို့၏စာပေ၊**
**ဘာသာစကားနှင့် ယဉ်ကျေးမှု**

လီဆူကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသည်။ လီဆူစာပေအား အင်္ဂလိပ်သာသနာပြုဆရာတော် ဂျေအိုဖရေဆာ(၁၉၀၆)နှင့် ဦးဘသော် (ကရင်လူမျိုးဆရာ)တို့က ရောမအက္ခရာကို အခြေပြုကာ လီဆူစာပေကို စတင်တီထွင်ပေးခဲ့သည်။ ထိုသို့တီထွင်ရာတွင် လီဆူလူမျိုးဖြစ်ကြသော ဦးဇင်ဘာ၊ ဦးဂူအားဂူ၊ ဦးဇော်ကနလူ၊ ဦးခေါ်ဘူနှင့် ဦးငွားတားဆိုသူတို့ပါဝင်ခဲ့ကြကြောင်း၊ လီဆူစာပေအက္ခရာသည် ရောမစာပေအက္ခရာကို အခြေခံပြုစုတီထွင်လာခဲ့ပြီး လီဆူအက္ခရာဗျည်း ၄၀လုံးရှိကြောင်း လီဆူတို့စာပေသမိုင်းတွင် ဖော်ပြပါရှိထားသည်ကို လေ့လာသိရှိခဲ့ရသည်။

**လီဆူတို့၏ မိရိုးဖလာနေထိုင်မှု**
**အလုပ်အကိုင်နှင့်ထုံးတမ်းဓလေ့များ**

လီဆူလူမျိုးတို့သည် တောတောင်ထူထပ်သော အရပ်ဒေသများ၌ ရွေးချယ်နေထိုင်လေ့ရှိကြသည်။ တောင်ယာခုတ်၊ သစ်ခုတ်ခြင်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးကို အဓိကထား၍ ကြက်၊ ဝက်ကိုတစ်ပိုင်တစ်နိုင် အိမ်တိုင်းမွေးမြူကြသည်။ တောင်ယာခုတ်ရာ၌ လုပ်ကိုင်ရန် နေရာအား သစ်ပင်တစ်ပင်တွင် ခုတ်ထစ်အမှတ်အသား သင်္ကေတပြုထားကြသည်။ ပျားအုံတွေ့သော် ၎င်းနေရာ၌ တိုင်စိုက်၊ မြေနေရာရှင်းလင်းခြင်းတို့ဖြင့် အမှတ်အသားပြုလေ့ရှိသည်။ လီဆူတို့ မိရိုးဖလာလုပ်ငန်းများမှာ နေအိမ်ဆောက်လုပ်ခြင်း၊ အသုံးအဆောင် ပရိဘောဂပြုလုပ်ခြင်း၊ ဆန်ကော၊ ဆန်ခါ၊ ပလိုင်း၊ တောင်းများရက်လုပ်ခြင်း၊ ကိုယ်ပိုင်ရိုးရာအထည်များချုပ်လုပ်ခြင်း၊ ချည်ထိုးအလှဖော်ခြင်းများဖြစ်သည်။ ပန်းပဲ၊ ပန်းရန်လက်မှုပညာကို လီဆူတို့ အဓိကကျွမ်းကျင်စွာ လုပ်ကိုင်တတ်သူများဖြစ်ကြောင်း ရွာသူရွာသားများက ပြောပြသည်။

ဆက်လက်ဖော်ပြပါမည် »»»

**အေဒီ-၈၅၀ ခန့်၌ လိုလိုအုပ်စုဝင် လီဆူတို့သည် တရုတ်နိုင်ငံ လီကျန်းဒေသဘက်မှ မြန်မာပြည်မြောက်ဘက်ခြမ်း မဲခေါင်ဒေသနှင့် သံလွင်မြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ချီဖွေမြို့နယ် ပြားမာဒေသသည် ပထမဦးဆုံး လီဆူတို့ နေထိုင်ရာဒေသဖြစ်သည်။ အေဒီ-၁၃၀၀ သို့ ရောက်သော် သံလွင်မြစ်(မြောက်ပိုင်း) ယားဟာဘာဒေသမှ တစ်ဆင့် သံလွင်မြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာခဲ့ကြသည်။**

---

ခူမီး(ချင်း) မှ »»»

သောအခါ ယှဉ်ပြိုင်သူ နှစ်ဦးတို့သည် ညာခြေ ကိုမြဲအောင်ထောက်၊ ဘယ်ခြေကို ရှေ့အနည်းငယ်ညွှတ်၍ ဒိုင်လူကြီးမှ အချက်ပေးသည်နှင့် စတင်ကစားနိုင်ပြီဖြစ်ကြောင်း သိရသည်။

“သူနိုင်ကိုယ်နိုင်အပြိုင်ကျဲ၍ တစ်ကိုယ်ရေစွမ်းဆောင်မှု၊ သက်လုံကောင်းမှု၊ ခံနိုင်ရည်ရှိမှုတွေနဲ့ ကစားရတာဖြစ်တဲ့အတွက် လက်အားရော၊ ခြေအားကိုရော သုံးပြီးလှဲရတာ၊ အားပိုရှိတဲ့လူက လှဲနိုင်တယ်ပေါ့၊ ခြေတစ်လှမ်းမှ နောက်ဆုတ်သွားလို့မရဘူး”ဟု ပလက်ဝမြို့နယ်သား ခူမီးလူမျိုး ကိုပီတာလွယ်လူးက ပြောသည်။

ပါဝင်ယှဉ်ပြိုင်သူတို့သည် မိမိအနိုင်ရရှိရေးအတွက် ပြိုင်ဘက်ကစားသမားအား စက်ဝိုင်းပေါ်ထိအောင် တွန်းထုတ်နိုင်ရန် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ သုံးကြိမ်သုံးခါအထိ ယှဉ်ပြိုင်ကစားရပြီး နှစ်ချီနိုင်မှ တစ်ပွဲနိုင်သည်ဟု သတ်မှတ်ထားကြောင်းနှင့် ဆုတ်ချီတက်ချီမရှိဘဲ တစ်ချက်တည်းဖြင့် ၁၅ ပေရှိ စက်ဝိုင်းထိအောင် တွန်းထုတ်နိုင်လျှင် တစ်ပွဲနိုင်သည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

“တစ်ယောက်နဲ့ တစ်ယောက်ပြိုင်နေတဲ့အချိန်ကျရင် ချကွ ချကွ၊ ဘယ်သူနိုင် မလဲကွ အော်ပြီး လက်ခုပ်တွေတီးကျ အားပေးကျတာ၊ တွန်းထိုးပြီး ကစားရတာဖြစ်တော့ နောက်ရက်ဆို ခန္ဓာကိုယ်က လှုပ်တောင်မလှုပ်နိုင်ဘူး”ဟု ကိုပီတာလွယ်လူးက ၎င်း၏ အတွေ့အကြုံကို ပြောသည်။

ကစားချိန်အတိအကျ သတ်မှတ်ထားခြင်းမရှိဘဲ ပွဲစဉ်တစ်ခုလုံးတွင် တာဝန်အရှိဆုံးမှာ ဒိုင်လူကြီးဖြစ်ပြီး ၎င်း၏ အဆုံးအဖြတ်သည်သာလျှင် အနိုင်၊ အရှုံး အတည်ဖြစ်ကြောင်း သိရသည်။

ဝါးတန်းလှည့်ခြင်းကစားနည်းကို ယခင်က နှစ်စဉ်ကျင်းပလေ့ရှိသည့် နှစ်သစ်ကူးပွဲတော်နှင့် ရိုးရာပွဲလမ်းသဘင်များတွင်လည်း အခြားကစားနည်းများနှင့်အတူ ပြိုင်ပွဲများအနေဖြင့် ထည့်သွင်းကျင်းပလေ့ရှိကြောင်း သိရသည်။

လူငယ်များကျန်းမာသန်စွမ်းပြီး ခွန်အားဗလတောင့်တင်းစေခြင်း၊ မိမိစွမ်းအားကို ထုတ်ဖော်ဂုဏ်ယူတတ်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည့် (ချင်း)ခူမီးတို့၏ ရိုးရာကစားနည်းဖြစ်သည့် ဝါးတန်းလှည့်ခြင်းကစားနည်းနှင့် ပတ်သက်၍ “အခုဆိုရင် လူငယ်တွေက တခြားကစားနည်းတွေပဲ ကစားလာကြတော့ ရိုးရာဝါးတန်းလှည့်ကစားနည်းက ပျောက်သလောက်ကိုဖြစ်နေပြီ၊ သိပ် မတွင်ကျယ်တော့ဘူး၊ နှစ်စဉ်လုပ်တဲ့ ရိုးရာပွဲတော်တွေတိုင်းမှာ ပြန်လည်ထည့်သွင်းကျင်းပစေချင်တယ်”ဟု ခူမီးမြေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဦးစောမြက ပြောသည်။ ။

---

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# တိုင်းရင်းသားတို့၏အားမာန် ရှမ်းအိုးစည်သံ



**သီပေါကိုလတ်**

ရှမ်းတိုင်းရင်းသားတို့၏ အသည်းနှလုံးပမာ မြတ်နိုးတန်ဖိုးထားသော အရာတစ်ခုမှာ ရှမ်းအိုးစည်ဖြစ်သည်။ ရှမ်းပြည်နယ် ရှမ်းတိုင်းရင်းသားနှင့် ရှမ်းအိုးစည်တို့မှာ လုံးဝခွဲခြားမရသည့် တစ်သားတည်း ထပ်တူကျနေသော အရာတစ်ခုပင်ဖြစ်သည်။ ရှမ်းအိုးစည်ပုံရှည်နှင့်အတူ ငါးလုံး၊ ခုနစ်လုံးသို့မဟုတ် ကိုးလုံး တစ်ပြိုင်တည်း တီးခတ်နိုင်သော မောင်းဆိုင်းနှင့် လင်းကွင်းတစ်စုံတို့မှာ သာယာမြူးကြွစေသည့် သံစဉ်ကို ဖန်တီးပေးသည်။

ရှမ်းအိုးစည်ဝိုင်းနှင့်တွဲဖက်၍ ကရသော လမ်းမုန်းအက၊ က႑ ပန်ကောင်အကတို့မှာ လှပပြီး ပျော်ရွှင်ကြည်နူးစရာကောင်းလှသည်။ ရှမ်းဓားသိုင်းအက၊ လက်သိုင်းအက၊ တိုးနရားအကနှင့် ကိန္နရီကိန္နရာအကတို့မှာလည်း ရှမ်းတိုင်းရင်းသားတို့၏ ကျော်ကြားထင်ရှားသော ရှမ်းအက ရှမ်းအလှများပင် ဖြစ်ကြသည်။ ပုံမှန်အားဖြင့် ရှမ်းအိုးစည်ဝိုင်း တစ်ဝိုင်းလျှင် ရှမ်းအိုးစည်တစ်လုံး၊ မောင်းဆိုင်းနှင့် လင်းကွင်းတို့ ပါဝင်ကြသည်။

ရှမ်းအိုးစည်တစ်လုံးထက်ပို၍ ရှမ်းအိုးစည်ဆယ်လုံးကို တစ်ပြိုင်နက်တည်း တီး၍နားဆင်နေသူများမှာ တစ်သံတည်းသာ ကြားစေရသည့် ရိုးရာမပျက် စုပေါင်းရှမ်းအိုးစည်တီးခတ်ခြင်းလည်းရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်လန်ဒေသတွင်ဖြစ်သည်။ ရှမ်းအိုးစည်ဆယ်လုံးကို လူဆယ်ယောက်က တစ်ပြိုင်တည်း တီးခတ်၍ တစ်သံတည်းသာ ညီနေအောင်ထွက်ပေါ်စေခြင်းဖြစ်သည်။

အဆိုပါ ရိုးရာမပျက် ဆန်းသစ်ထားသော တီးခတ်နည်းကို တတ်ကျွမ်းသောဆရာထံမှ နမ့်လန်ရှမ်းလူငယ်တစ်စုက စနစ်တကျ သင်ယူထားခြင်းဖြစ်သည်။ နည်းပြဆရာက သင်တန်းပေးကာ နုတ်စ်ထုတ်၍ သံစဉ်များ ညီညာအောင် သင်ကြားပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ရှမ်းအိုးစည်ဆယ်လုံးကို တန်းစီ၍လည်းကောင်း၊ ဝိုင်းဖွဲ့၍ လည်းကောင်း၊ ကိုးလုံးကဝိုင်းဖွဲ့ကာတီးခတ်ပြီး အဖွဲ့ခေါင်းဆောင်က အကြီးဆုံးရှမ်းအိုးစည်ကို ပခုံးထမ်း၍လည်းကောင်း၊ ရှမ်းရိုးရာအကအလှများဖြင့်လည်းကောင်း တီးခတ်ခဲ့ကြသည်။ မည်ကဲ့သို့တီးတီး သာယာငြိမ့်ညောင်းသော ရှမ်းအိုးစည်သံမှာ တစ်သံတည်းသာ ဖြစ်နေရသည်။ ထိုနည်းဖြင့် စတင်ကာ ရှမ်းပြည်နယ်ရှိ စေတီတော်ထီးတင်လှူပွဲများ၊ ဆရာတော်ကြီးများ၏ ဝိဇာတ(မွေးနေ့)ပူဇော်ပွဲများ၊ ရှမ်းရိုးရာရဟန်းခံရှင်ပြုပွဲများ၊ ရှမ်းနှစ်သစ်ကူးပွဲတော်များစသည်တို့တွင် ကုသိုလ်ယူ ပါဝင်တီးခတ်ပေးခဲ့ကြသည်။ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရပ်ဝေးရပ်နီးဧည့်သည်များပါ တစ်ခဲနက်အားပေးခြင်းကို ရရှိခဲ့ကြသည်။

အခြားဒေသမှ ပွဲလမ်းသဘင်များအတွက် ဆက်သွယ်ဖိတ်ကြားလာပါကလည်း သွားရောက်တီးခတ်ပေးနိုင်ကြောင်း၊ ဖိတ်ကြားလာသူဘက်မှ သွားလာတည်းခိုရေးကို တာဝန်ယူပေးရမည်ဖြစ်ကြောင်း၊ ငွေကြေးသတ်မှတ်ချက် မရှိဘဲ အလှူရှင်များ၏စေတနာဖြင့် ချီးမြှင့်ပေးခြင်းကိုသာ လက်ခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ကိုစိုင်းအောင်ကြာက ပြောသည်။

အဆိုပါ နမ့်လန်ရှမ်းအိုးစည်အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ရိုးရာမပျက် ရှမ်းအိုးစည်ဝိုင်းဖြင့် ဘာသာရေး၊ သာသနာရေးများတွင် ပါဝင်ကူညီပေးနိုင်ရန်နှင့် ရှမ်းလူငယ်များလည်း ရိုးရာယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။ ယခုနမ့်လန်ရှမ်းအိုးစည်ဝိုင်းတွင် ပါဝင်သောလူငယ်များမှာ ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာစောင့်ထိန်းထားပြီး စဉ်ဆက်မပြတ် ရှမ်းအိုးစည်တီးခတ်မှုလေ့ကျင့်ခြင်းကို ပြုလုပ်ကြရသည်။ ဘာသာရေး၊ သာသနာရေးတွင်သာမက လူမှုရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အား ပါဝင်ကူညီခဲ့ကြသည်။ မကြာမီကဖြစ်ပွားခဲ့သော နမ့်လန်ရေဘေးသင့် ပြည်သူများကိုလည်း တတ်စွမ်းနိုင်သမျှ ပါဝင်ကူညီပေးခဲ့ခြင်းရှိကြသည်။ ရှမ်းအိုးစည်ကို ညီအောင်တစ်ပြိုင်တည်း တီးခတ်ခဲ့သော လက်အစုံဖြင့် လုပ်အားဒါနအလှုကိုလည်း ပေးနိုင်ခဲ့ကြသည်။



တစ်ဆင့်တက်၍ နမ့်လန် ရှမ်းအိုးစည်အဖွဲ့သည် နမ့်လန်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းအိုးစည်တီးနည်းကို ယခုနှစ်ဝါတွင်းကာလ၌ သင်တန်းဖွင့်လှစ်၍ သင်ကြားသွားမည်ဖြစ်သည်။ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်တစ်ရပ်ဖြစ်သော ထိုရှမ်းအိုးစည်တီးနည်းသင်တန်းကို နမ့်လန်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခန်းမတွင် ဖွင့်လှစ်၍ စနစ်တကျ သင်ကြားသွားမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသည့် ဒေသခံရှမ်းလူငယ်များအနေဖြင့် ဆက်သွယ်တက်ရောက်နိုင်ကြကြောင်း နမ့်လန်ရှမ်းအိုးစည်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုစိုင်းလိုင်းဝမ်းကလည်း ပြောပြခဲ့သည်။

ငြိမ်းချမ်းရေးနှင့် မေတ္တာတရားတို့ ထုံမွမ်းထားသော နမ့်လန်ရှမ်းအိုးစည်အဖွဲ့၏ သာယာကြည်နူးဖွယ်ရာ ရှမ်းရိုးမက အိုးစည်သံသည် ရှမ်းတောင်တန်းများကိုကျော်၍ ပြည်ထောင်စုတစ်ခွင်လုံးသို့တိုင် ကြားသိနိုင်ပါစေသတည်း။ ။

အထူးကဏ္ဍ [ ဃ ] မှ »»

များကတန်းစီ၍ နောက်မှလိုက်ကကြသည်။ ကေ့ထိုးဘိုးအကတွင် အမျိုးသားများကိုသာ ကခွင့်ပြုထားပြီး အမျိုးသမီးများအား လုံးဝပါဝင်ခွင့်မပြုပေ။

**ဒီးကူ ခေါ် ကောက်ညှင်းထုပ်အက**

ကောက်ညှင်းထုပ်ပွဲတော်ကျင်းပသည့်ရက်တွင် ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ဧည့်သည်များအား ဖျော်ဖြေရန် ရိုးရာအကတို့ဖြင့် ကခုန်လေ့ရှိကြသည်။ အကတွင် အသုံးပြုသော တူရိယာပစ္စည်းများမှာ အိုးစည်၊ မောင်း၊ လင်းကွင်းနှင့် ပလွေတို့ဖြစ်သည်။ အဆိုပါအကတွင် အမျိုးသား အမျိုးသမီးစုံတွဲများက ကကြသည်။

**အိမ်သစ်တက်ပွဲ**

အိမ်သစ်တက်ပွဲကျင်းပသည့်အခါ ရိုးရာအကများဖြင့် ကခုန်လေ့ရှိကြသည်။ အကများမှာ ဝါးညှပ်အက၊ ဒိုင်းအကတို့ ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးများ ဝင်ရောက်ကခုန်နိုင်ကြသည်။ အကတွင် အသုံးပြုသော တူရိယာပစ္စည်းမှာ ဖားစည်ဖြစ်သည်။

ဝါးညှပ်အကသည် ကျန်းမာရေးအတွက် လှုပ်ရှားမှုကိုဖြစ်စေသည့်အပြင် သွက်လက်ဖျတ်လတ်မှုရှိစေရန် ရည်ရွယ်သည့် အကတစ်မျိုးပင်ဖြစ်သည်။ ဒိုင်းအကမှာ ရှေးအခါက စစ်ရေးအတွက် လေ့ကျင့်ရန် ဓားရေး၊ လှံရေး ပြသကာ ကသည့်အကတစ်မျိုးပင်ဖြစ်သည်။

**အသုဘအက**

ရပ်ရွာထဲတွင် နာရေး(အသုဘ)ရှိပါက အလောင်းကိုဝိုင်းပြီး ကခုန်ကြသည်။ အသုဘအကတွင် အမျိုးသားများနှင့် အမျိုးသမီးများ လက်တွဲ၍ ဝိုင်းကကြသည်။ ရိုးရာသီချင်းနှင့်တွဲ၍ အသုံးပြုသော တူရိယာပစ္စည်းများမှာ ဗုံရှည်၊ တွဲပလွေနှင့် ဖားစည်တို့ဖြစ်သည်။ အဆိုပါအကကို ညဦးယံမှ နံနက်မိုးလင်းသည်အထိ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အလှည့်ကျ ကခုန်လေ့ရှိကြသည်။ ။





# ကယားတိုင်းရင်းသားတို့၏ အနုသုခုမပညာရပ်အကြောင်း တစေ့တစောင်း

● ရာမည

**ရိုးရာသီချင်းများ**

**ဟီရိုး ခေါ် သီချင်းကြီး**

ကယားတိုင်းရင်းသားများ အထူးအလေးထားသော တေးသီချင်းမှာ ဟီရိုး ခေါ် သီချင်းကြီးပင်ဖြစ်သည်။ တေးသီချင်း အမျိုးအစားမှာ ကဗျာ၊ လင်္ကာတို့ဖြင့် ပေါင်းစပ်ဖွဲ့သီသီဆိုထားသော သီချင်းပင်ဖြစ်သည်။ ဟီရိုး ခေါ် ရှေးသီချင်းမှာ ရှေးပဝေသဏီကာလက ကမ္ဘာမိုးမြေ ဖြစ်ပေါ်လာပုံမှစ၍ သမိုင်းကို တေးသီချင်းဖြင့် ဖွဲ့နွဲ့သီဆိုမှတ်သားခြင်းပင်ဖြစ်သည်။

**နိဗယ်(လွမ်းချင်း)**

ကယားတိုင်းရင်းသားတို့တွင် နိဗယ် ခေါ် လွမ်းချင်းတေးလည်းရှိပေသည်။ သီဆိုသောအခါ ငိုသံပါအောင် သီဆိုရသည်။ သီချင်းမှာ သေဆုံးသူ၏ ဘဝတစ်လျှောက်လုံး လုပ်ဆောင်ခဲ့သမျှ အကြောင်းအရာများကို အမှွမ်းတင်သီဆိုထားခြင်းဖြစ်သည်။

**ငို့ခခို(လူပျိုလှည့်သီချင်း)**

ငို့ခခို ခေါ် အပျို၊ လူပျိုလှည့်သီချင်းမှာ အမျိုးသားတစ်လှည့် အမျိုးသမီးတစ်လှည့် အပြန်အလှန်သီဆိုရသော သီချင်းအမျိုးအစားဖြစ်သည်။ အဆိုပါ တေးသီချင်းတွင် အမျိုးသမီးအား အမျိုးသားက အမွှမ်းတင်၍ သီဆိုထားသည်။ ယင်းတေးသီချင်းကို အမျိုးသမီးနေအိမ်၌ ညစာစားသုံးပြီး အားလပ်ချိန်များတွင် သီဆိုလေ့ရှိကြသည်။

**ဟေး(ငိုချင်း)**

ဟေးသည် လွမ်းချင်းတေးပင်ဖြစ်သည်။ ကွယ်လွန်သူ၏ အသက်အရွယ်ကိုလိုက်၍ သီဆိုရခြင်းဖြစ်သည်။ အသက်အပိုင်းအခြားအလိုက် စပ်ဆိုထားသော လွမ်းချင်းတေးဖြစ်သည်။ သီချင်းသီဆိုသောအခါ ငိုသံပါအောင် သီဆိုရပြီး အမျိုးသမီးကြီးများကသာ သီဆိုလေ့ရှိသည်။

**ကယားရိုးရာအကများ**

**ကေ့ထိုးဘိုး ခေါ် တံခွန်တိုင်အက**

ကေ့ထိုးဘိုး ခေါ် တံခွန်တိုင်စိုက်ထူပြီးသောအခါ ရိုးရာအကများဖြင့် တိုင်ကိုဝိုင်းပတ်၍ ကခုန်ကြသည်။ ကေ့မှာ ပြည်နယ်၊ နိုင်ငံ၊ ဒေသ၊ ထိုးဘိုးမှာ နိုင်ငံဖြစ်မြောက်ရေးတိုင်ဟု အနက်အဓိပ္ပာယ်ရသည်။ ကေ့ထိုးဘိုးအကတွင် အသုံးပြုသော တူရိယာများမှာ နှစ်ဖက်ပိတ်ဗုံ၊ လင်းကွင်း၊ တွဲပလွေ၊ မောင်းကြီး၊ မောင်းငယ်တို့ဖြစ်ကြသည်။

အကကို ဗုံဆရာက ရှေ့ဆုံးမှ ဦးဆောင်ပြီး အခြားသူ အထူးကဏ္ဍ [ ၈ ] သို့ »»

## ကရင်ရိုးရာ တာလပေါဟင်းလျာ

တာလပေါဆိုတဲ့ အမည်ကြားလိုက်ရုံနဲ့ ကရင်တိုင်းရင်းသားများရဲ့ ရိုးရာဟင်းလျာဆိုတာကို မပြောဘဲသိကြမှာပါ။ ရခိုင်မုန့်တီ၊ ရှမ်းခေါက်ဆွဲ၊ ကယားဝက်အူချောင်းတို့လိုပဲ တာလပေါဆိုရင် ကရင်တိုင်းရင်းသားအမည်နဲ့ တွဲလို့သိကြပါတယ်။ ကိုယ်တွေ အလယ်တန်းကျောင်းသားဘဝက အင်းစိန် တောင်သူကုန်းနားက ကျောင်းမှာနေတော့ ကရင်လူမျိုး သူငယ်ချင်းတွေများပါတယ်။ အင်းစိန်ဘက်မှာက ခဝဲခြံတို့၊ တောင်သူကုန်းတို့ဆိုရင် ကရင်လူမျိုးတွေ အများစုနေထိုင်ကြတာပါ။

ကျောင်းက နေ့လယ်ထမင်းစားလွှတ်ချိန်ဆို သူငယ်ချင်းတွေနဲ့လိုက်သွားပြီး သူတို့အိမ်တွေမှာ ထမင်းအတူစားကြတာဆိုတော့ တာလပေါဆိုတာ ငယ်စဉ်ကတည်းက ရင်းနှီးပြီးသားဖြစ်တဲ့ ဟင်းလျာပါ။ လုပ်ငန်းခွင်ထဲ ရောက်ပြန်တော့ ကရင်ပြည်နယ်ဘက် တာဝန်ကျတဲ့အခါ တာလပေါဟင်းနဲ့မပြတ်ဆိုသလို ဖြစ်ရပြန်ပါတယ်။ တာလပေါဟင်းက ဒေသအလိုက် ချက်ပုံချက်နည်း အနည်းအကျဉ်းဆိုသလိုကွာပေမယ့် မျှစ်နဲ့ဆန်မှုန့်ကို အခြေခံထားပြီး ချက်ရတာကတော့ အတူတူပါပဲ။

တာလပေါဟင်းရဲ့ ထူးခြားချက်က ဟင်းချက်တဲ့အခါ ဆီကိုလုံးဝမသုံးကြတာပါပဲ။ ဟင်းထဲမှာ ထည့်သွင်းချက်ပြုတ်တဲ့ အသီးအရွက်တွေကတော့ ဒေသအလိုက် ထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို သုံးကြတာမို့ မတူခြားနားတာလေးတွေတော့ရှိပါတယ်။ အသီးအရွက်တွေနဲ့အတူ ရောနှောထည့်ချက်တဲ့ အသား၊ ငါးအသုံးပြုရာမှာလည်း ထိုနည်းတူပါပဲ။ အချို့က ကျပ်တင်ထားတဲ့ အသား၊ ငါး အခြောက်အခြမ်းအမျိုးမျိုးကို သုံးသလို အချို့က ပုစွန်၊ ခရု စသည်တို့နဲ့လည်း ရောနှောချက်ကြပါတယ်။

မိမိရဲ့ စားအိမ်သောက်အိမ်က အမိုးကြီးလက်ရာ တာလပေါဟင်းကတော့ ဆန်မှုန့်အစား ဆန်ကိုရေစိမ်ပြီး မညက်တညက်လေး ထောင်းပါတယ်။ မျှစ်ကိုတော့ အချောင်းလိုက်ဝယ်ပြီး အစိတ်ကြီးကြီးစိတ်ပြီး အိမ်မှာတစ်ရေပြန်ပြုတ်ပစ်ပါတယ်။ အမိုးကြီးက တညင်းဝက်ကို အသေကြိုက်သူမို့ မျှစ်ပြုတ်တဲ့အခါ တညင်းဝက်လေးတွေကိုစိတ်ပြီး မျှစ်နဲ့အတူရောလို့ တစ်ရေအတူပြုတ်ပါတယ်။ ဟင်းအိုးပြင်တော့ တစ်ရေပြုတ်ပြီးသား မျှစ်နဲ့ တညင်းဝက်တွေကို အိုးထဲထည့် ရေအနေတော်လောက်နဲ့ ဆူအောင်ချက်တော့တာပါပဲ။ မျှစ်အိုးရေဆူလာတဲ့အခါ ထောင်းထားတဲ့ ဆန်မှုန့်တွေထည့်ပြီး မွှေပေးပါတယ်။ ဆန်မှုန့်ပွလာပြီး ဟင်းရည်ပျစ်လာတဲ့အခါ အသင့်ကျိုပြီး စစ်ထားတဲ့ ရေချိုငါးငါးပိရည်ကို ခတ်ပါတယ်။

ပြီးတော့မှ ရေဆေးပြီး အသင့်လှီးချွတ်ထားတဲ့ ဆူးပုပ်၊ ကင်ပွန်း၊ ကန်စွန်း၊ ဒန့်သလွန်၊ ကင်းပုံ၊ ဖရုံညွန့်၊ ဖရုံပွင့် စတဲ့အရွက်မျိုးစုံကို ထည့်ပါတော့တယ်။ ဟင်းခတ်အတွက်ကိုတော့ အမိုးကြီးက ပုစွန်ဆိတ်၊ ပုစွန်ကျော့ကလေးတွေသုံးပြီး မရခဲ့ရင်တော့ ပုစွန်ခြောက်နဲ့ချက်ပါတယ်။ ဟင်းရွက်တွေနူးလို့ အိုးချခါနီးမှာ ပင်စိမ်းလေးခတ်ပြီး ငရုတ်ကောင်းမှုန့်ဖြူးပါသေးတယ်။ ပင်စိမ်းနံ့လေးတသင်းသင်းနဲ့ ပူပူလောလော ပျစ်ပျစ်နှစ်နှစ်ချက်ထားတဲ့ အမိုးကြီးလက်ရာ ချို၊ ချဉ်၊ ဆိမ့်၊ မွှေး တာလပေါဟင်း အရသာကိုတော့ သတိရတိုင်း လွမ်းမိနေတုန်းပါပဲဗျာ။

**စံလွင် (ငါးဦးစီး)**





